


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ရွှေအာဒ္ဗလိ

ချစ်မျှော်ဟောဝန်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁)

လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ကြီး၏ ငြိမ့်ခနဲထိတွေ့မှုနှင့်အတူ ထူးထက်ခေါင် ရင်ထဲတွင်လည်း လှိုက်ခနဲ ဝမ်းနည်းကြေကွဲမှုလေးတွေက ဖြစ်ပေါ်လာရသည်။

နိုင်ငံရပ်ခြားမှ သူ ချက်ချင်းပြန်လာရခြင်း အကြောင်းရင်းက ပျော်ရွှင်ချမ်းမြေ့မှုများနှင့် မဟုတ်ဘဲ ကြေကွဲဝမ်းနည်းမှုတို့ဖြင့် ဒီခရီးကို ထူးထက်ခေါင် ပြန်လာရခြင်းဖြစ်သည်။

လေယာဉ်ကွင်းအဝတွင် စောင့်ကြိုနေသော ဦးလေး ဦးဇမ္ဗူ၏ မျက်နှာကလည်း မကောင်း။

"အချိန်မီသေးလား"

"မီပါတယ် ထူး"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးနှင့်တူဖြစ်သူ ထူးထက်ခေါင်တို့ နှစ်ယောက်စလုံး အပိုစကားတွေ မဆိုမိကြ။

လေယာဉ်ကွင်းထဲမှ သူနှင့်အတူ ပါလာသော ပစ္စည်းများကို ရွေးပြီးသည်နှင့် ကိုကိုဝေစိုးရှိရာထံသို့ ချက်ချင်းပဲ ထွက်ခဲ့ကြသည်။

သူရောက်သွားတော့ လှပစွာပြင်ဆင်ထားသော ကိုကို၏ ရုပ်ကလာပ်ကို တွေ့ရသည်။

သူ့ရှေ့တွင် မြင်နေရသော အစ်ကိုဖြစ်သူ၏ ရုပ်ကလာပ်ကို သူ အချိန်ကြာမြင့်စွာဖြင့် ကြည့်နေမိပါသည်။

"ဘယ်လိုတွေ ဖြစ်ကုန်ရတာလဲ ကိုကိုရယ်"

မထင်မှတ်ဘဲ လူ့လောကကြီးမှ ထွက်ခွာသွားခဲ့သော ကိုကို၏အဖြစ်ကို ကြည့်ပြီး ထူးထက်ခေါင်ရင်မှာ ကြေကွဲဝမ်းနည်းစိတ်များက လှိုက်ခနဲ တက်လာရပြန်သည်။ ဖေဖေနှင့်မေမေ မရှိတော့သည့်နောက်ပိုင်း ဖေဖေ ထူထောင်ခဲ့သော ကုမ္ပဏီများကို ကိုကိုအား ဦးစီးစေခဲ့ပြီး သူကတော့ နိုင်ငံရပ်ခြားသို့ ထွက်ခွာခဲ့ခြင်းဖြစ်သည်။

ကိုကိုနှင့် သူ ယခုလို ဆုံတွေ့ရလိမ့်မည်ဟု ထူးထက်





ခေါင် ဘယ်တုန်းကမှ မတွေးမိခဲ့ဖူးပါ။ ကိုကို ရုတ်တရက် သေဆုံးသွားတာဟာ ထူးထက်ခေါင်အတွက်တော့ အိပ်မက်တစ်ခုပမာ ဖြစ်နေခဲ့လေသည်။

"မင်းကိုကို အရက်တွေ အလွန်အကျွံသောက်ပြီး ကားအက်ဆီးဒင့်ဖြစ်သွားတာ"

ဦးလေး ဦးဇမ္ဗူ ဖုန်းဆက်စဉ်က ပြောခဲ့သောစကားတွေကို သူကြားစဉ်က သူ့နားကိုပင် သူမယုံနိုင်ခဲ့။ အပေါင်းအသင်းများပြီး အရာအတော်များများကို သူ စုံအောင်လုပ်ခဲ့ဖူးပေမယ့် ကိုကိုကတော့ သူနှင့်ဆန့်ကျင်စွာ အရက်ဆိုတာမျိုးကို ယောင်၍မျှပင် သောက်ခဲ့ဖူးသူတစ်ယောက် မဟုတ်ပါ။

ယခုတော့ အရက်အလွန်အကျွံ သောက်ပြီး ခုလိုဖြစ်သွားသည်အထိ ဖြစ်ရသည်ဆိုသော အကြောင်းရင်းကိုတော့ သူလည်း မသိသေးပေ။

"အချိန်ကျပြီ ထူး၊ ဦးလေးတို့ လုပ်စရာရှိတာ လုပ်လိုက်တော့မယ်နော်"

သူ နောက်ဆုံးအနေဖြင့် ကိုကို၏မျက်နှာကို တစ်ချက်ကြည့်လိုက်ပြီးနောက် ထိုနေရာမှ ချာခနဲ လှည့်ထွက်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မလွန်ဆန်နိုင်သည့် အနိစ္စသဘောကို သူများလည်းလက်ခံထားပေမယ့် ကိုကိုလို လူမျိုးတစ်ယောက် ဒီလိုအသက်အရွယ်နှင့် လူ့လောကကြီးက ထွက်ခွာသွားသည်ကိုတော့ သူ နည်းနည်းလေးမှ မကျေနပ်မိပါ။

ဦးလေး ဦးဇမ္ဗူမှာ လုပ်စရာရှိသည်များကို စီမံနေစဉ်အခိုက် ဖေဖေ၏လူယုံတော် ကိုအောင်မြင့်စိုး သူ့အခန်းသို့ ရောက်ရှိလာသည်။

"ဘယ်လိုလဲ ထူး၊ အရမ်းစိတ်မကောင်းဖြစ်နေလား"

"ဖြစ်တာပေါ့ ကိုအောင်မြင့်စိုးရယ်၊ ပြေးကြည့်မှ ကိုကိုနဲ့ ကျွန်တော်တို့ နှစ်ယောက်တည်းရှိတဲ့ဘဝမှာ ကိုကို အခုလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံတွေ့ရတာ ကျွန်တော် ဘယ်လိုမှ ဖြေသိမ့်လို့မရဘူး"

"ကိုကို ဘယ်လိုဖြစ်ပြီး အခုလိုဖြစ်သွားရတာလဲ"

"ဒါတွေ အိမ်ကျမှ အေးအေးဆေးဆေး ပြောကြတာပေါ့ ထူးရာ"

မီးခိုးခေါင်းတိုင်မှ ထွက်လာသော မီးခိုးငွေ့လေးများကို ကြည့်ရင်း ကိုကိုတစ်ယောက် နောင်ဘဝဆက်တိုင်းမှာ ဒီလိုအဖြစ်ဆိုးမျိုးနဲ့ မတွေ့ရပါစေနဲ့။ ကိုကိုတစ်ယောက် ကောင်းရာသုဂတိ





လားပါစေလို့သာ ထူးထက်ခေါင် ကြေကွဲစိတ်များစွာဖြင့် ဆုတောင်းပေးလိုက်မိပါသည်။

"မင်းအစ်ကိုက ဖွဲဆိုတဲ့ မိန်းကလေးကို အရမ်းချစ်တယ်၊ အရမ်းမြတ်နိုးတယ်၊ ဒါပေမယ့် ဒီမိန်းကလေးဟာ မင်းဝေစိုးရဲ့ အချစ်နဲ့ မထိုက်တန်ဘူး၊ သူ့ကြောင့်ပဲ မင်းဝေစိုးဟာ ဒီလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံပြီး ဘဝဆုံးခဲ့ရတာ"

ဦးလေး ဦးဇမ္ဗူပြောသော စကားများကို နားထောင်ပြီး ထူးထက်ခေါင် မျက်ဝန်းအစုံမှာ တင်းမာခက်ထန်နေရပါသည်။

အစဉ်အမြဲ သပ်ရပ်သန့်ရှင်းစွာ နေတတ်ခဲ့သော အကျင့်စရိုက်ရှိသည့် ကိုကို အခန်းထဲတွင် ပစ္စည်းတွေ ဖရိုဖရဲနှင့် အခန်းထဲတွင်ရှိနေသော ပစ္စည်းတွေအားလုံးကို ကိုကို ပစ်ပေါက်ရိုက်ခွဲထား၍ အကွဲအစတွေ အကျိုးအပြတ်တွေ ဖြစ်နေပေမယ့်လည်း ဓာတ်ပုံတစ်ပုံကတော့ လုံးဝအထိအခိုက်မရှိ။ အပြစ်အနာမရှိဘဲ ကိုကို့အခန်းထဲတွင် လှပကြွရွစွာ ရှိနေခဲ့လေသည်။

"မင်းဝေစိုးက ဒီမိန်းကလေးကို ချစ်လွန်းလို့ သူ့ဓာတ်ပုံကိုတောင် မဖျက်ဆီးရက်ဘဲ ဒီအတိုင်းထားခဲ့တာလေ"

"မင်းဝေစိုး သေဆုံးမယ့်ညက သူ တစ်ညလုံး



www.burmeseclassic.com

www.burmeseclassic.com



သောင်းကျန်းတယ်၊ ပစ္စည်းတွေ ပေါက်ခွဲလွှင့်ပစ်နေပြီး အရက်တွေလည်း အလွန်အကျွံသောက်ထားတယ်၊ သစ္စာမရှိတဲ့မိန်းမ၊ သစ္စာမရှိတဲ့မိန်းမဆိုပြီး ပါးစပ်ကလည်း တတွတ်တွတ် ပြောဆိုနေတယ်"

"ဦးလေးက မတားဘူးလားဟင်၊ ဒီအတိုင်းပဲ သူ့ကို လွှတ်ထားလိုက်ရောလား"

"ဘယ်နေမလဲထူးရယ်၊ ဖျောင်းဖျတာပေါ့၊ တားဆီးတာပေါ့၊ ဒါပေမယ့် ဘယ်လိုမှ တားမရ ဖျောင်းဖျမရဘဲ ထွက်သွားခဲ့လို့ အခုလို အဖြစ်ဆိုးမျိုးနဲ့ ကြုံတွေ့ရတာပေါ့"

လောကကြီးထဲတွင် ညီအစ်ကိုနှစ်ယောက်သာ ကျန်ရှိခဲ့သော သူတို့နှစ်ဦးမှာ တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ်ကြီးမားစွာဖြင့် ချစ်ခင်တွယ်တာခဲ့ကြလေသည်။

ထူးထက်ခေါင် ကိုကို့အိပ်ရာဘေးတွင် ထောင်ထားသော ဓာတ်ပုံထဲက အမျိုးသမီးပုံကို ကြည့်မိတော့ လှပချောမွေ့နေသော မျက်နှာကို တွေ့ရသည်။

ဒီအမျိုးသမီးနဲ့ ကိုကိုတို့ကြားထဲမှာ ဘယ်လိုအကြောင်းတွေ ရှိခဲ့လဲဆိုတာကိုတော့ သူ သေချာမသိပေမယ့် ဖွဲဆိုသော မိန်းကလေးကြောင့် ကိုကို ခံစားထိခိုက်ကာ ခုလိုအဖြစ်ဆိုးနဲ့





ကြုံတွေ့သွားခဲ့ရသည်ဆိုတာကတော့ သေချာလေသည်။

ဘာကြောင့်ပဲဖြစ်ဖြစ် ကိုကိုကိစ္စနှင့် ပတ်သက်ပြီး ထူးထက်ခေါင် နည်းနည်းလေးမှ မကျေနပ်ပါ။

"ဖွဲနဲ့ကိုကို့အကြောင်းကို သိသလောက် ကျွန်တော့်ကို ပြောပြစမ်းပါ"

ဦးလေး ဦးဇမ္ဗူ၏မျက်နှာကို ကြည့်လိုက်ပြီး မေးလိုက်သော သူ့အသံမှာ နာကြည်းအေးစက်မှုတွေ ပါနေတယ်ဆိုတာကို ထူးထက်ခေါင် သိပါသည်။ ကိုကိုနှင့်ပတ်သက်ပြီး အခံရခက်စွာ နာကြည်းနေရသောစိတ်ဖြင့် သူ မေးလိုက်မိခြင်းဖြစ်သည်။

"ဖွဲဆိုတဲ့ မိန်းကလေးဟာ အထက်တန်းလွှာက မိန်းကလေးတစ်ယောက်ပါပဲ၊ သူ့ဒက်ဒီဆိုတာကလည်း နိုင်ငံခြားနဲ့ဆက်သွယ်ပြီး စီးပွားရေးလုပ်နေတဲ့ လုပ်ငန်းရှင်ပါ၊ မောင်မင်းဝေ စိုးချစ်သူလို့ ဦးလေးတို့သိထားပေမယ့် သူတို့နှစ်ယောက်ကြားမှာရှိတဲ့ အသေးစိတ် အဖြစ်အပျက်တွေကိုတော့ ဦးလေးတို့ မသိတာတော့ အမှန်ပဲ၊ သူနဲ့ဖွဲနဲ့ တပူးတွဲတွဲနဲ့ နှစ်နှစ်လောက်တွဲပြီး လက်ထပ်ဖို့ကိစ္စ စီစဉ်နေတုန်းမှာပဲ ဖြန်းခနဲ ဖွဲဆိုတဲ့မိန်းကလေးက တခြားအမျိုးသားတစ်ယောက်နဲ့ နိုင်ငံခြားထွက်သွားတယ်၊ ဒါကို မောင်မင်း



www.burmeseclassic.com

www.burmeseclassic.com



ဝေစိုးသိပြီး စိတ်ထိခိုက်သွားရာက အခုလို ဖြစ်သွားခဲ့တာပဲ''

ဦးဗမ္ဗူပြောပြသော စကားများကို နားထောင်ပြီးနောက် ထူးထက်ခေါင်၏ ယောကျ်ားပီသကာ တည်ကြည်ချောမောလွန်းသော မျက်နှာမှာ ခက်ထန်မာကျောလာရကာ ဖြူသည့်အသားအရေမှာ အနီရောင်သို့ပင် သန်းလာရပါသည်။

''လုပ်ရက်လိုက်တာဗျာ၊ ကိုကို့လို လူတစ်ယောက်အပေါ်မှာ ဘာကြောင့်များ ဒီလိုရက်စက်သွားရတာပါလိမ့်''

မျက်ခုံးထူထူနှစ်ဖက်ကို အလယ်မှနေ ထိဆက်လုနီးပါး မျက်မှောင်တွန့်ကာ ထူးထက်ခေါင်၏ မျက်နှာချောချောမှ မချိတင်ကဲသံဖြင့် စကားတို့ကို ခပ်ကျိတ်ကျိတ်ဆိုရင်းက နှုတ်ခမ်းကိုတင်းတင်းစေ့လျက် အံကိုကြိတ်ထားသည်မှာ မေးကြောကြီးများပင် ထောင်ကားနေရပါသည်။

''စိတ်ကိုလျှော့ပါ ထူးရယ်၊ ခုလိုဖြစ်ကြရတာ ဦးလေးတို့အားလုံး ဝမ်းနည်းကြေကွဲရလွန်းပေမယ့် တကယ်တော့ ဒါတွေအားလုံးဟာ ကံတရားနဲ့ ဘယ်သူမှ မလွန်ဆန်နိုင်ကြတဲ့ အနိစ္စသဘောပဲမှတ်ပြီး တရားနဲ့သာ စိတ်ကိုဖြေပါလို့ ထူးကို ဦးလေးတို့ပြောချင်တယ်''



''ကိုကို့အပေါ် ဒီလိုသစ္စာမဲ့သွားတဲ့ မိန်းကလေးတစ်ယောက်ကို ကိုကိုမင်းဝေစိုးကိုယ်စား ကျွန်တော်လက်တုံ့ပြန်မှဖြစ်မယ်''

''စိတ်လိုက်မာန်ပါတော့ မလုပ်ပါနဲ့ ထူး၊ ပြဿနာတွေအားလုံး ပိုရှုပ်ထွေးကုန်ပါ့မယ်''

ဦးလေး ဦးဗမ္ဗူ၏ သူ့အပေါ် စိုးရိမ်စိတ်ဖြင့် ပြောလိုက်သော စကားကြောင့် ထူးထက်ခေါင်က...

''ကျွန်တော့်အတွက် ဘာမှမစိုးရိမ်ပါနဲ့၊ ကိုကိုနဲ့ပတ်သက်ပြီး ကျွန်တော် ကြေကွဲခံစားရသလို အဲဒီ ဖွဲ့ဆိုတဲ့မိန်းကလေးလည်း ကျွန်တော့်လိုပဲ ထိခိုက်ခံစားတတ်အောင်လို့ ပညာလေး နည်းနည်းပေးလိုက်ချင်လို့ပါ''

ထူးထက်ခေါင် အတွေးထဲတွင် သစ္စာမရှိသော စည်းမစောင့်သော ဖွဲ့ဆိုသည့် မိန်းကလေးအပေါ် မကျေနပ်ခြင်း၊ ခံပြင်းခြင်းတို့ ဖြစ်နေရကား သူမဘက်က နာနာကျင်ကျင်ဖြစ်အောင် ဘယ်လို ပြန်တုံ့ပြန်ရမည်ဆိုတာကို ထူးထက်ခေါင်သည် မျက်မှောင်ကြုတ်လျက် စဉ်းစားနေမိသည်။

မှန်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ထူးထက်ခေါင်သည် ကတိသစ္စာကို အလွန်အမင်း လေးစားတန်ဖိုးထားတတ်သူ တစ်ယောက်ဖြစ်သလို သစ္စာတရား ပျက်ယွင်းသည့် လူများကိုလည်း အလွန်ပင် ရွံရှာမုန်းတီးတတ်သူလည်းဖြစ်သည်။

ကိုကို ဖြစ်သွားခဲ့သည့် ကိစ္စတွင်လည်း ဖွဲ့ဆိုသည့် မိန်းကလေး၏ သစ္စာမဲ့မှုအတွက် ကိုကိုတစ်ယောက် အဖြစ်ဆိုးမျိုးနှင့် ကြုံတွေ့ခဲ့ရခြင်းသာ ဖြစ်ပါသည်။

"ကိုအောင်မြင့်စိုး"

"ပြောပါ ထူး"

"အဲဒီ ဖွဲ့ဆိုတဲ့ မိန်းကလေးနေတဲ့ နေရာကို ခင်ဗျားသိတယ်မဟုတ်လား"

"သိပါတယ် ထူး"

"သူတို့မိသားစု ဘယ်နှစ်ယောက်ရှိလဲဆိုတာကို ကျွန်တော့်ကို ပြောပြစမ်းပါ"

"ကျွန်တော် သိသလောက်တော့ အဲဒီ ဖွဲ့ဆိုတဲ့မိန်းကလေးမှာ သူတို့ဒက်ဒီ ဦးဝဏ္ဏတစ်ယောက်ရှိတယ်၊ သူတို့မာမီ ဒေါ်သန္တာကတော့ မရှိတော့ဘူး၊ ဆုံးသွားတာ တော်တော်ကြာပြီ"



"ပြီးတော့ ဖွဲ့မှာ လင်းဆိုတဲ့ ညီမတစ်ယောက်လည်း ရှိတယ်"

"ဘာပြောတယ်၊ ဖွဲ့မှာ လင်းဆိုတဲ့ ညီမတစ်ယောက် ရှိတယ် ဟုတ်လား"

"ဟုတ်တယ် ထူး"

ထူးထက်ခေါင်မှာ ကိုအောင်မြင့်စိုး ပြောသည့် စကားများကို နားထောင်ပြီး ကိုကိုနှင့်ပတ်သက်ပြီး ဖွဲ့ဆိုသည့် မိန်းကလေးကို လက်တုံ့ပြန်ရန်ကိစ္စကိုသာ အလေးထား စဉ်းစားနေမိပါသည်။

ထို့နောက် တည်တင်းမှုန်တင်းနေရပါသော ထူးထက်ခေါင် မျက်နှာချောချောမှာ အချိန်အတန်ကြာ စဉ်းစားနေပြီးနောက် အဖြေတစ်ခု ရရှိသွားဟန်ဖြင့် အပြုံးတစ်ချက်ကို ခပ်မဲ့မဲ့လေး ပြုံးလိုက်မိပါသည်။

ဖ ဖ ဖ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ကျွီး"

အရှိန်ခပ်ပြင်းပြင်း မောင်းဝင်လာသော အဖြူရောင် လင်ခရူဆာကားကြီးက ခြံဝင်းတစ်ခုအတွင်းရှိ နှစ်ထပ်ကိုက်တစ်လုံး၏ ပေါ်တီကိုအောက်တွင် ထိုးရပ်သွားသည်နှင့် ကားသံကြောင့် ဒေါက်တာသက်ဦးသည် တိုက်ထဲမှ ကမန်းကတန်းပင် ထွက်လာခဲ့လိုက်သည်။

"ဟာ…သူငယ်ချင်း ရောက်လာပြီလား၊ မင်းက ငါ့ကို လာစောင့်ပါဆိုလို့သာ လာစောင့်နေရတာ၊ ဘာကိစ္စလဲဆိုတာ ငါလည်းမသိရပါလား"

ဒေါက်တာသက်ဦး၏ စကားကို ထူးထက်ခေါင်သည်



ဘာမှပြန်မပြောအားသေးဘဲ အေးစက်တည်ငြိမ်နေရသော မျက်နှာဖြင့် မျက်ခုံးအစုံကို ယောင်ယောင်တွန့်ရင်း ကားထဲမှ တစ်စုံတစ်ရာကို ပွေ့ယူမချီလိုက်သည့်အခါမှာတော့…

"ဟင်…ဒါ…ဒါ"

"ဘယ်လိုဖြစ်ရတာလဲ၊ သူက ဘယ်သူလဲ"

"ထူးထက်…ဘာတွေဖြစ်လာတာလဲ၊ ငါ့ကိုလည်း ရှင်းအောင် ပြောပါဦးကွာ"

"သက်ဦး…မင်း သိချင်တာတွေကို ငါ နောက်မှပြောပြမယ်၊ ခုလောလောဆယ် သူ့ကိုထားဖို့ အခန်းပြင်လိုက်ဦး"

"ဪ…အေး…အေး"

"လာကွာ…လောလောဆယ်တော့ ဟိုဘက်ကအခန်းမှာပဲ ထားလိုက်ဦး"

"ဪ…အေး…အေး"

"လာကွာ…လောလောဆယ်တော့ ဟိုဘက်ကအခန်းမှာပဲ ထားလိုက်ဦး"

သက်ဦးပြရာ အခန်းဆီသို့ ထူးထက်ခေါင်သည် သူ့ရင်ခွင်ထဲတွင် သတိမေ့နေရှာသည့် အမျိုးသမီးကို မချီကာ ဝင်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

သည်နောက် အဖြူရောင် ခုတင်လေးထက်ဝယ် ထူးထက်ခေါင်သည် သူ မချီလာသော နွဲ့နွဲ့နှောင်းနှောင်းနှင့် သွဲ့ပျောင်းလွန်းသည့် အမျိုးသမီးကိုယ်လေးကို အိပ်ရာထက်တွင် အသာချလိုက်ပြီးနောက် သူ့ကိုယ်ကို ပြန်၍မတ်လိုက်သည်နှင့်…

"ဟင်"

အာမေဋိတ်သံတစ်ခုက ထူးထက်ခေါင်နှုတ်မှ သူ့အလိုလိုထွက်သွားရသလို သူ့အကြည့်များကလည်း သတိမေ့နေရှာသည့် အမျိုးသမီးထံသို့ အကြည့်များ စူးစူးစိုက်စိုက် ရောက်ရှိသွားရကာ မြင်နေရတဲ့ သူ့မျက်ဝန်းများကိုပင် သူ မယုံချင်အောင် ဖြစ်သွားရလေသည်။

ပြာလဲ့လဲ့ညအိပ်မီး အလင်းရောင်အောက်တွင် သူချသိပ်ထားသည့်အတိုင်း ပျော့ပျော့ပျောင်းပျောင်း ခန္ဓာကိုယ်လေးနှင့် သတိမေ့နေရှာသည့် အမျိုးသမီး၏အလှသည် ထူးထက်ခေါင်ဘဝတစ်သက်တာတွင် တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့ဘူးသည့် ရင့်သပ်ရှုမောဖွယ်အလှဆိုရင်ဖြင့် သူ့အတွက် လွန်မည်မထင်ပါ။

ပိုးသားလို နက်မှောင်ပျော့အိသော ဆံနွယ်ရှည်များက





အိပ်ရာထက်တွင် ကပိုကရိုဝဲကျလျက် ရှည်လျားစင်းကျနေရသော မျက်တောင်ရှည်ထူထူစိပ်စိပ်လေးများဖြင့် ဝန်းရံထားသည့် မျက်ဝန်းအစုံသည် ဘယ်လောက်လှလိမ့်မလဲဆိုတာကို မမြင်တွေ့ရသေးပေမယ့် သတိလစ်နေရှာသည့် ဒီမိန်းကလေး၏အလှကို တကယ့်ကိုနုနုထွေးထွေးဖြင့် မထိ[illegible]မကိုင်ရက်ချင်စရာ ကောင်းအောင်ဝင်းဝါနူးညံ့သော အသားအရေဖြင့် အစက်အပြောက်မရှိ အလှတွေစုနေရသည်မို့ ထူးထက်ခေါင်သည် ဘာရယ်မဟုတ် သူမကို ငေးခနဲစိုက်ကြည့်မိသွားရခြင်းဖြစ်သည်။

ထိုစဉ်…

"ထူးထက်"

"ဟင်"

နောက်ပါးမှ ရုတ်တရက်ထွက်ပေါ်လာသော သက်ဦး၏ခေါ်သံကြောင့် ထူးထက်ခေါင်၏ ပြန်ထူးသံမှာ အထစ်ထစ်အငေါ့ငေါ့ ဖြစ်သွားရကာ သူ့အကြည့်များကလည်း ရုတ်ခြည်းဆိုသလိုထိုအမျိုးသမီးထံမှ ချက်ချင်းပင် လွှဲဖယ်ပစ်လိုက်ပြီးနောက် မျက်ဝန်းများက သက်ဦးထံသို့ ရောက်ရှိသွားရသည်။

ထိုအခါ ထူးထက်ခေါင်ကို ကြည့်နေသော သက်ဦး၏



www.burmeseclassic.com

www.burmeseclassic.com



အကြည့်များနှင့် ဆုံသွားရလေ၏။

သက်ဦး၏ အကြည့်များသည် ထူးထက်ခေါင်၏ လုပ်ရပ်အတွက် နားမလည်ခြင်း၊ အံ့သြခြင်းစသည့် မေးခွန်းပေါင်းများစွာ ပါဝင်နေသော အကြည့်များဖြင့် ကြည့်နေခြင်းဖြစ်သည်။

ဒါကိုနားလည်သော ထူးထက်ခေါင်သည် သက်ဦး၏ ပခုံးကို သိုင်းဖက်လိုက်ပြီး...

"ငါ့လုပ်ရပ်အတွက် မင်း အံ့သြနေတယ်မဟုတ်လား သက်ဦး"

"မှန်တာပြောရရင်တော့ မင်းလုပ်ရပ်တွေကို ငါ နားမလည်တာအမှန်ပဲ ထူးထက်"

"အဟွန်း...ဟွန်း"

"မင်းအနေနဲ့ ဒီလိုပြောတာလည်း မမှားပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါကိုယ်တိုင်ကလည်း ကိုယ်မရည်ရွယ်ထားခဲ့ဘူးတဲ့ အလုပ်တစ်ခုကို လုပ်ခဲ့မိတာကို"

"ထူးထက်...ငါ့ကို နားလည်အောင်ပြောစမ်းပါကွာ၊ သူကရော ဘယ်သူလဲ၊ ဘာဖြစ်လို့ ဒီလိုဖြစ်လာရတာလဲ၊ ငါတော့ ဘာမှမစဉ်းစားတတ်တော့ဘူး"



ယခုထက်ထိတိုင် သတိမရသေးသော အမျိုးသမီးကို သက်ဦးသည် မေးဆတ်ပြကာ မေးလိုက်တော့...

ထူးထက်ခေါင်သည် သက်ဦးထံမှ အကြည့်များကို လွှဲလိုက်ပြီးနောက် ဘာကြောင့်ရယ်မသိ ရင်မှာမောလျှစွာ သက်မ တစ်ချက်ကို လေးပင်စွာချလိုက်မိရင်း...

"သစ္စာတရားကို အလေးမထားတတ်တဲ့ ဖွဲ့ဆိုတဲ့မိန်းမ တစ်ယောက်ကို ငါပြန်ပြီးပညာပေးချင်တယ်"

"ပြီးတော့ သစ္စာတရားရဲ့ အဓိပ္ပာယ်ဟာ လူတစ်ယောက်အတွက် ဘယ်လောက်ထိ လေးနက်လဲ၊ ဘယ်လောက်အထိ ကြေကွဲထိခိုက်ရသလဲဆိုတာကိုလည်း သူ့သိအောင် ငါလုပ်ပြချင်တယ်"

"အထူးသဖြင့် ငါ့ကိုကိုအတွက် ဖွဲ့ဆိုတဲ့မိန်းကလေးကို ငါ ပြန်ပြီး ခံစားစေချင်တယ်၊ ဒါကြောင့် သူ့ရဲ့ တစ်ဦးတည်းသော အချစ်ဆုံးညီမဖြစ်တဲ့ ဒီမိန်းကလေးကို ငါရအောင်ခေါ်လာခဲ့တာပဲ"

"ဘာ...ဘာပြောတယ်၊ ဒီမိန်းကလေးက ဖွဲ့ရဲ့ညီမ ဟုတ်လား"

သက်ဦးသည် ထူးထက်ခေါင်၏မျက်နှာကို မယုံကြည်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းများစွာဖြင့် ကြည့်ရင်းက…

"ထူးထက်ခေါင်ရယ် ပြီးခဲ့တာတွေလည်း ပြီးပါစေတော့၊ ပြဿနာတွေ ပိုပြီးရှုပ်ထွေးကုန်လိမ့်မယ်"

"ဘာကိုရှုပ်ထွေးမှာလဲ သက်ဦး၊ ငါ ဒီလိုလုပ်တာကို မှားတယ်လို့ ပြောချင်တာလား"

"ဖွဲ့ဆိုတဲ့ မိန်းကလေးကို ဒီလိုမျိုးမတုံ့ပြန်ရင် သူ့သစ္စာဖောက်မှုကြောင့် လူ့လောကက ထွက်သွားရတဲ့ ငါ့ရဲ့ကိုကိုအတွက် ငါ ဘယ်လိုမှ ဖြေသိမ့်လို့ရနိုင်မှာမဟုတ်ဘူး"

"ပြီးတော့ ငါ သူ့ကို ခေါ်လာတယ်ဆိုတာကလည်း ဖွဲ့ရဲ့နှလုံးသားက သစ္စာမဲ့မှုကို သူပြန်ပြီး နောင်တရ နာကျင်ခံစား စေရုံသက်သက်ကလွဲလို့ ဒီမိန်းကလေးကို မရိုးသားတဲ့စိတ်ဆိုတာ တစ်စက်မှမရှိဘူး"

"မဟုတ်သေးဘူး ထူးထက်ရာ၊ မဟုတ်သေးဘူး၊ ဒါနဲ့ သူ့ကို မင်း ဘယ်ကခေါ်လာတာလဲ"

"သင်တန်းတစ်ခုကပဲ၊ အောင်မြင့်စိုးနဲ့ငါ သေချာလေ့လာ တွက်ချက်ပြီးမှ ဖွဲ့ညီမဖြစ်တဲ့ ဒီမိန်းကလေးကို မေ့ဆေးအုပ်ပြီး ခေါ်လာခဲ့တာပဲ"



အချစ်ဆုံးသူငယ်ချင်းအဖြစ် ငယ်စဉ်ကတည်းက ပေါင်းသင်းလာခဲ့သည့် ကာလများအတွင်း ထူးထက်ခေါင် ဆည်လိုမျိုး စိတ်လိုက်မာန်ပါဖြင့် တစ်ဖက်သား ထိခိုက်နစ်နာမည့် အလုပ်မျိုး တစ်ကြိမ်တစ်ခါမျှ လုပ်ခဲ့ဖူးခြင်းမရှိသော ထူးထက်ခေါင်မှာ ယခုလိုမျိုး စိတ်ထင်ရာ တဇွတ်ထိုးလုပ်လာသည်ကို တွေ့ရပြန်တော့ သက်ဦးမှာ အထူးအဆန်းကြီးဖြစ်နေသလို တစ်ဖက်ကလည်း တဇွတ်ထိုးဆန်ဆန် လုပ်လာသည့် သူငယ်ချင်းအတွက် စိတ်မှာ ဘဝင်မကျဖြင့် စိတ်မသက်မသာ ရှိနေရပါသည်။

"သူ့ကို ခေါ်လာတဲ့နောက်မှာ ရှိတဲ့ မင်းရည်ရွယ်ချက်ကို ငါနားလည်အောင် တဆိတ်လောက် ရှင်းပြစမ်းပါ သူငယ်ချင်းရာ"

"ငါ ပြောပြီးပြီလေ၊ ဖွဲ့ဆိုတဲ့မိန်းမ သစ္စာတရား ဖောက်ဖျက်မှုအတွက် ငါ သူ့ကို ဒဏ်ခတ်လိုက်တာပဲ"

"မင်း ဖွဲ့ကို ဒဏ်ခတ်ချင်ရင် ကာယကံရှင်ဖြစ်တဲ့ သူနဲ့ပဲ ဆိုင်တယ်လေ"

"အခုဟာက ဘာမှမပတ်သက်တဲ့ မိန်းကလေး တစ်ယောက်ကို မင်း သက်သက် ဒုက္ခပေးမိသလိုမျိုး ဖြစ်မနေဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မပတ်သက်ဘူးတဲ့လား၊ သိပ်ပတ်သက်တာပေါ့ သက်ဦးရာ၊ ဒီမိန်းကလေးက ဖွဲ့ရဲ့ညီမအရင်းပဲ၊ သူသိပ်ချစ်တဲ့ သူ့ညီမကို သူစိမ်းယောကျ်ားတစ်ယောက်က တစ်ပတ်လောက် ခေါ်ထားပြီး ပြန်လွှတ်ပေးလိုက်မယ်ဆို အဲဒီ ဖွဲ့ဆိုတဲ့မိန်းမ ဘယ်လို ခံစားရမလဲဆိုတာ ငါ မြင်ချင်တယ်"

"ဒီမိန်းကလေးအပေါ်မှာ တစ်စက်ကလေးမှ မှဲ့ တစ်ပေါက် မစွန်းစေရပေမယ့် လူတစ်ယောက်ဘဝမှာ တမြေ့မြေ့ ခံစားစေရမယ့် နည်းလမ်းကို ငါ ရွေးလိုက်တာပဲ"

"အဲဒီနည်းလမ်းထဲမှာ မင်းဘဝရော ဒီမိန်းကလေးရဲ့ ဘဝတွေရော ပါနေမယ်ဆိုတာကိုကော မင်း သတိထားမိရဲ့လား"

"သတိထားမိတာပေါ့၊ အဲဒီအတွက် ဘာတွေပဲဖြစ်ဖြစ် ငါ ရင်ဆိုင်ဖို့အသင့်ပဲ၊ ကုန်ကုန်ပြောမယ်ကွာ ငါရွေးချယ်တဲ့ နည်းလမ်းအတွက် ငါ့ဘဝတစ်ခုလုံး အလောင်းအစားလုပ်ပြီး ရွေးခဲ့ တယ်၊ အဲဒါဟာ ငါ့ရဲ့ ကိုကိုအတွက်ပဲလို့ ငါ ခံယူထားတယ်"

"ဒီအတွက် ရင်ဆိုင်ရမယ့် ဒုက္ခဆင်းရဲတွေအားလုံးကို လည်း ငါ ပြုံးပြုံးကြီး ခံယူလိုက်မယ်"

"ခက်တာပဲ ထူးထက်ရာ"



ထူးထက်ခေါင်၏ စကားများကို နားထောင်ပြီးနောက် သက်ဦးသည် ငေးငိုင်တွေဝေသွားရကာ သက်ပြင်းတွေကိုသာ အခါ ခါ ချနေမိလိုက်သည်။

ထူးထက်ခေါင်ပုံစံက ဖြစ်လာသမျှ အရာအားလုံးကို ဘာမဆို ရင်ဆိုင်မည့်မျက်နှာမျိုးဖြင့် အံကို တင်းတင်းကြိတ်ထား လေသည်။

"အေးလေ…မင်းဘက်က ဒီလောက်အထိ ဖြစ်နေမှ တော့ ဖြစ်လာသမျှ ပြဿနာကိုကြည့်ပြီး ဖြေရှင်းရုံကလွဲလို့ ဘာရှိဦး တော့မှာလဲကွာ"

"မင်း ငါ့အပေါ်ကို အဲဒီလိုသဘောထားပေးလို့ ကျေးဇူး တင်တယ် သူငယ်ချင်း"

"မလိုပါဘူးကွာ၊ မင်းနဲ့ငါကြားမှာ ဘာမှမလိုဘူး"

အချစ်ဆုံးသူငယ်ချင်းတွေ ဖြစ်နေကြသည့်အတွက် သက်ဦးမှာ ထိုစကားကို ပြောပေမယ့် တကယ်တမ်းမှာတော့ ရှုပ်ထွေးလာရသည့် ပြဿနာကြောင့် ထူးထက်ခေါင်၏ မျက်နှာ ချောချောကိုသာ ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်ပြီးနောက် သူငယ် ချင်းနှစ်ဦးမှာ အတွေးကိုယ်စီဖြင့် တစ်ယောက်ကိုတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဘာစကားမှ မပြောမိကြဘဲ ငြိမ်သက်နေမိကြသည်။

သို့သော်…

သူတို့နှစ်ယောက် ရင်ထဲမှာတော့ စကားပြောခြင်းထက် ပို၍ထိရောက်စေသည့် အတွေးများဖြင့် ရှိနေကြသည်ကိုတော့ ထူးထက်ခေါင်ရော သက်ဦးပါ အသိဆုံးပင်ဖြစ်တော့သည်။

ဖ ဖ ဖ

## အခန်း (၃)

"အင်း…အင်း"

ကြားလိုက်ရသည့် အခန်းထဲက ညည်းတွားသံသဲ့သဲ့နှင့် လွန့်လူးသံကြောင့် ဧည့်ခန်းထဲတွင် ထိုင်နေကြသော ထူးထက်ခေါင်နှင့် သက်ဦးတို့နှစ်ဦးမှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လျက်က အခန်းထဲကအသံကို နားစွင့်လျက်က အခန်းဆီသို့ လျှောက်လှမ်းကာ လာခဲ့ကြသည်။

ထို့အတူ မျက်ဝန်းလေးအစုံကို ဖျတ်ခနဲ ပွင့်လာရသည့် လင်းမှာလည်း ထိတ်လန့်ချောက်ချားမှုတို့ဖြင့် အိပ်ရာမှ ငေါက်ခနဲ ထထိုင်လိုက်မိသည်နှင့် သူမ ပထမဦးဆုံး သတိထားမိသည်က ခေါင်းထဲက မကြည်လင်မှုတို့ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လင်းမှာ ဝေဒနာကို ကြာကြာမခံစားနိုင်အား သူမနှင့် စိမ်းလွန်းနေရသည့် အိပ်ခန်းကို မျက်စိတစ်ဆုံး ဝေ့ကြည့်ရင်းက စိုးရိမ်ပူပန်စိတ်တို့က ရင်ထဲ အလုံးအရင်းနှင့် ဝင်ရောက်လာရသည်။

"ဘုရား…ဘုရား"

"ငါ…ငါ ဘယ်ကိုရောက်နေတာပါလိမ့်၊ မမဖွဲ့မိတ်ဆွေဆိုတဲ့လူ သူ ငါ့ကို မေ့ဆေးအုပ်လိုက်တာပဲ၊ ဒုက္ခပါပဲ ငါတော့ မသမာသူလက်ထဲမှာ ဘဝပျက်ရပြီထင်ပါရဲ့"

"အဟင့်…ဟင့်…ဟင့်"

ထိတ်လန့်စွာ ငိုရှိုက်နေသည့် ရှိုက်သံလေးကို နားစွင့်ပြီး ထူးထက်ခေါင်ရင်ဝယ် အမျိုးအမည် မဖော်ပြတတ်သော ဝေဒနာလေးများ ဖြစ်ပေါ်သွားရပေမယ့် တည်တင်းချောမောသော မျက်နှာကတော့ မှုန်တေတေပင် ရှိနေရပါသည်။

"အဟင့်…ဟင့်…ဟင့်"

တဖြည်းဖြည်း ပို၍နင့်သည်းလာရသော ရှိုက်သံလေးကြောင့် သက်ဦးမှာ ထူးထက်ခေါင်မျက်နှာကို လှမ်းကြည့်လာသည်။

စိုးမို၊ ၀၁၃၉

သဘောကတော့ ရှေ့ဆက် ဘာဆက်လုပ်ကြမလဲဆိုသည့် သဘောမျိုး။

ဒါကို နားလည်လိုက်သည့် ထူးထက်ခေါင်က သူမရှိရာအခန်းထဲသို့ ဖျတ်ခနဲ ဝင်လိုက်တော့ သူ့နောက်ပါးမှ သက်ဦးက ပါလာခဲ့ရသည်။

ထူးထက်ခေါင်ပုံစံက ဆုံးဖြတ်ချက်တစ်ခုကို ချထားပြီးနောက် နောက်မဆုတ်စတမ်း လုပ်တော့မည့်အသွင်ဖြင့် အခန်းတံခါးကို ဖွင့်ကာဝင်လိုက်သည်နှင့်…

"အမေ့…ဟင်…ရှင်…ရှင်တို့ ဘယ်သူတွေလဲ၊ လင်းလင်းကို ဘာလုပ်မလို့လဲ"

အခန်းထဲသို့ ဝင်လာသော ထူးထက်ခေါင်နှင့် သက်ဦးကို မျက်ဝန်းရွဲကြီးများ တလည်လည်ဖြင့် ကြည့်ရင်း ကိုယ်လေးတုန်တက်နေအောင် ကြောက်လန့်နေရှာသော လင်းမှာ စကားများပင် အထစ်ထစ်အငေါ့ငေါ့ဖြင့် ထွက်သွားရသည်။

ရုတ်တရက်မှာတော့ သူရော သက်ဦးပါ ဘာစကားမှ ပြန်၍မပြောမိကြ။

ကြည်စင်ရွှန်းလဲ့နေရသော မျက်ဝန်းလေးဖြင့် ကပိုကရို

စိုးမို၊ ၀၁၃၉

www.burmeseclassic.com

www.burmeseclassic.com



သိပ်လှလွန်းနေရသော ဖူးဥနုထွေးနေရသည့် သူမလေး၏အလှများကိုသာ တည်ငြိမ်အေးစက်နေရတဲ့ မျက်ဝန်းများဖြင့် ဣန္ဒြေကြီးစွာ ကြည့်နေမိရသည်။

ကြည့်နေမိရင်းမှ ထူးထက်ခေါင် ရင်မှာ ဘာရယ်မသိ သူ့ရင်ဘွေ တဒိတ်ဒိတ် အခုန်မြန်လာရသည်ကို ထူးထက်ခေါင် သူ့ကိုယ်သူ သတိထားမိလိုက်ရသည်။

"ဒီမယ် အမိ"

"ရှင်"

"အို…ရှင်…ရှင် ရှေ့မတိုးနဲ့နော်၊ ရှင်တို့ လူယုတ်မာတွေ၊ လင်းကို ဘာအကြံနဲ့ ခုလိုခေါ်လာရတာလဲ"

ရှေ့သို့တိုးလာသော ထူးထက်ခေါင်ကြောင့် ထိတ်လန့်သွားရရှာသော လင်းမှာ ငိုရှိုက်နေရင်းက သူမကိုယ်လေးကို နောက်သို့ တဖြည်းဖြည်း တိုးရွှေ့ကပ်သွားသည်မှာ နံရံနှင့်ကျောပြင်ပင် တသားတည်းကျမတတ် ထိကပ်နေရပြီဖြစ်သည်။

"ရှင်တို့ လူယုတ်မာတွေ၊ လင်းကို ခုလိုဖမ်းခေါ်လာတာ ရှင်တို့ကို ရဲတိုင်မယ်သိလား၊ အဟင့် ဟင့်"

ပါးပြင်ပေါ် ရွှဲရွှဲစိုနေရသည့် မျက်ရည်များဖြင့် ရှိုက်ကြီး



တငင် ငိုရှိုက်နေသော လှပလွန်းသည့် မျက်နှာလေးကို ထူးထက်ခေါင်က အေးစက်စက်မျက်ဝန်းများဖြင့် ကြည့်ကာနေမိသည်။

"မမဖွဲ့ရဲ့ သူငယ်ချင်းပါလို့ ညာပြီး လင်းကို ဖမ်းခေါ်လာတာ ရှင်ပဲမဟုတ်လား၊ ရှင် ရှင် လူယုတ်မာ"

သူ့မျက်နှာကို ထိတ်လန့်စွာကြည့်ရင်းက ပြောလာသော သူမစကားကြောင့်…

"အေး…ဟုတ်တယ်၊ မင်းကိုခေါ်လာတာ ကိုယ်ပဲ"

"ဒါပေမယ့် မင်းထင်သလို လူယုတ်မာတော့မဟုတ်ဘူး"

"လူယုတ်မာမဟုတ်ရင် ရှင်က ဘာလဲ၊ ရှင်တို့က ဘယ်သူတွေလဲ၊ ဘာကိစ္စနဲ့ လင်းကို ခုလိုမျိုးခေါ်လာရတာလဲ"

"ဘယ်လိုပဲဖြစ်ဖြစ် ရှင်တို့ ရှင်တို့ ဘယ်နည်းနဲ့မှ လူကောင်းတွေ မဖြစ်နိုင်ဘူး"

သူတို့နှစ်ဦး၏ အချေအတင် တင်းမာနေရသော အဖြစ်များကြားတွင် ယောင်ချာချာဖြင့် ဘာပြောရမှန်းမသိ ဖြစ်နေသော သက်ဦးမှာ မနေသာတော့ပြီမို့

"ညီမထင်သလို အစ်ကိုတို့က မသမာသူ လူရမ်းကား

www.burmeseclassic.com

www.burmeseclassic.com



တွေ မဟုတ်ပါဘူး၊ အစ်ကိုက ဒေါက်တာသက်ဦးပါ၊ အစ်ကို့သူငယ်ချင်းနာမည်က ထူးထက်ခေါင်တဲ့၊ ဒေါက်တာ ထူးထက်ခေါင်ပေါ့"

သက်ဦးစကားကြောင့် လင်းဆိုသော သူမလေး၏မျက်နှာမှာ အံ့ဩရိပ်ကလေးများ ပေါ်ထွက်လာရသည်။

ပြီးနောက် အနည်းငယ် စိတ်သက်သာသွားရသည့် မျက်နှာကလေးဖြင့် ပါးပြင်ပေါ်မှ မျက်ရည်စလေးများကို ကပျာကယာ သုတ်လိုက်ပြီးနောက်…

"ရှင်တို့ ဘာအဓိပ္ပာယ်နဲ့ လင်းကို ခုလိုမျိုးခေါ်လာရတာလဲ"

ငိုထားရသဖြင့် ပန်းသွေးရောင်သန်းနေသော ဖူးအစ်အစ်မျက်နှာလေးနှင့် ဆိုလာသည့် လင်းကြောင့် ထူးထက်ခေါင်ရော သက်ဦးပါ ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားရသည်။

ထူးထက်ခေါင်ကို ကြည့်လိုက်ပြန်တော့လည်း နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ကာ အေးစက်စက်မျက်နှာဖြင့် လင်းဆိုသူမိန်းကလေးကို ကြည့်လိုက်ပြီးနောက်…

"ဒါတွေ နောက်တော့သိမှာပေါ့ လင်း၊ လောလောဆယ်



တော့ လင်းကို မဲ့တစ်ပေါက်မစွန်းစေရဘူးလို့ ကိုယ်ကတိပေးတယ်၊ အခုအချိန်မှာ လင်းအတွက် အကောင်းဆုံးကတော့ ကိုယ်ပြောသလို အခုအချိန်မှာ နေပေးပါလို့ တောင်းဆိုချင်တယ်"

"ရှင်"

ဘာကိုရည်ရွယ်၍ ဆိုလိုက်မှန်း နားမလည်နိုင်သော လင်းမှာ မျက်ခုံးနက်နက် တန်းတန်းလေးကိုပင့်ကာ ဝိုင်းစက်ကြည်လင်နေရသော မျက်ဝန်းလေးဖြင့် နှုတ်ခမ်းလေးဟကာ ထူးထက်ခေါင်မျက်နှာကိုသာ မှင်တက်သယောင် ကြည့်နေမိသည်။

အောက်ခံ မျက်သားဖြူဖြူလေးပေါ်တွင် ရွှန်းစိုနက်မှောင်နေရသည့် မျက်ဝန်းလေးဖြင့် ဖြူနုဝင်းဖန့်နေရသည့် အလှပိုင်ရှင်လင်းကို ကြည့်မိတော့ သူ့ထံရောက်ရှိနေရသည့် သူမ အကြည့်လေးများနှင့် မျက်ဝန်းချင်း အတန်ကြာအောင် ဆုံသွားရပါသည်။

"ရှင်…ရှင် ဘာတွေပြောနေတာလဲဟင်၊ လင်းဘာတစ်ခုမှ နားမလည်နိုင်တော့ဘူး၊ အခုရောက်နေတဲ့နေရာကရော ဘယ်နေရာလဲ"

လင်းမှာ သူမရောက်ရှိနေရသည့် ပတ်ဝန်းကျင်ကို ယခုမှ သတိထားမိသွားရကာ ထူးထက်ခေါင်နှင့် သက်ဦးတို့ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်လှည့်စီကြည့်ရင်းက သူမသိချင်နေသည့် မေးခွန်းတွေကို မေးလိုက်လေသည်။

"အခုရောက်နေတဲ့နေရာက လင်းအတွက် ဘာအန္တရာယ်မှ မရှိပါဘူးဆိုတာ အစ်ကို ရဲရဲကြီး ကတိပေးပါတယ် ညီမ၊ ဒီအတွက်တော့ ညီမ စိတ်ချပါ"

သက်ဦးက လင်းဆိုသော မိန်းကလေးကို ကြည့်ကာ ထိုစကားကို ဆိုလိုက်ပြန်သည့် ထူးထက်ခေါင်က...

"ဒါပေမယ့် တစ်ခုတော့ရှိတယ် လင်း၊ ကိုယ်ပြောသလို လင်း ခဏလောက် ဒီမှာနေပေးဖို့တော့ လိုမယ်"

"တကယ်လို့ ကိုယ့်စကားကို နားမထောင်ရင်တော့ လင်း အတွက် ကိုယ် အာမမခံဘူးဆိုတာလည်း သိစေချင်တယ်"

"ဘာရှင့်"

နောက်ပါးမှ ဝင်ပြောလိုက်သော ထူးထက်ခေါင်၏ စကားကြောင့် အံ့ဩဒေါသထွက်ဖွယ်ဖြင့် လင်းမျက်နှာလေးက ဘဝင်မကျနိုင်အောင် ချက်ချင်းလိုလို မှုန်တေလျက် တင်းမာသွားရသည်။

"ဘာကြောင့် လင်းက ဒီလိုနေရမှာလဲ၊ ရှင်နဲ့လင်းမှာ ဘာပတ်သက်မှုမှ မရှိဘဲ"



ထူးထက်ခေါင်စကားကို လင်းမှာ ဒေါသလေးများဖြင့် မျက်ခုံးလေး ပင့်ချီကာ ဆိုလိုက်တော့...

"ဟုတ်တယ်၊ အမိနဲ့ကျုပ် မပတ်သက်ပေမယ့် ပတ်သက်တဲ့လူတွေက ပတ်သက်ခဲ့လို့ ဒီလိုလုပ်ရတာပဲ"

"အို...ဘာကြောင့်ပဲဖြစ်ဖြစ် ရှင့်စကားကို လင်း နားမထောင်နိုင်ဘူး၊ ပြီးတော့ ရှင်တို့ဟာ ဘယ်လိုနည်းနဲ့မှ လူကောင်းတွေ မဖြစ်နိုင်ဘူး"

အပြေလည်ကြီး မဟုတ်သည့်တိုင် အတင်းမာကြီးလည်း မဟုတ်သည့် သူတို့၏ ဆက်ဆံရေးမှာလည်း ရုတ်ခြည်းပြောင်းလဲသွားရသည်။

"ဒီမယ် အမိ၊ မင်းစကားကို စဉ်းစဉ်းစားစားပြောရင် ကောင်းမယ်၊ ကျုပ်တို့သာ မသမာသူ လူရမ်းကားတွေဆိုရင် မင်း အခုလိုတိုင်း ရှိနေနိုင်ပါဦးမလား"

"အို"

အပြောရဲလွန်းသည့် ထူးထက်ခေါင်ကြောင့် လင်းမှာ ရှေ့ဆက်စကားမဆိုရဲလောက်အောင် လှပလွန်းသော မျက်နှာလေးမှာ ရဲခနဲဖြစ်သွားရကာ ရှက်ရှက်နှင့် ခေါင်းလေးငုံ့ဆင်းသွားရ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ဟုတ်တော့လည်း ဟုတ်သည်။

သူတို့ပြောသလို လူရမ်းကားတွေဆိုလျှင်ဖြင့် သူမလို မိန်းကလေးတစ်ယောက်ကို ယခုလို ခေါ်ထားပြီးတော့ သူတို့လက်ခုပ်ထဲက ရေလို သွန်လိုသွန် မှောက်လိုမှောက် သူမကို ကြိုက်သလို လုပ်နိုင်သည့် အနေအထားရှိနေပေမယ့် သူမကို လက်ဖျားနှင့် တောင် တို့ထိခဲ့သည်မှ မဟုတ်ပါဘဲလေ။

သို့ပေမယ့် ဘယ်အတွက် ဘယ်ကိစ္စ ဘာရည်ရွယ်ချက်ဖြင့် လင်းကို ယခုလို ခေါ်လာခဲ့သည်ကိုတော့ သူမ နည်းနည်းလေးမှ စဉ်းစားမရ။

"ရှင်တို့ ဘာကြောင့် အခုလိုလုပ်ရတယ်ဆိုတာ မသိပေမယ့် နှမသားချင်းစာနာပြီး လင်းအတွက် ကိုယ်ချင်းစာ နားလည်ပေးပါလို့ တောင်းပန်ချင်ပါတယ်"

"တကယ်ဆို ရှင်တို့နဲ့ပတ်သက်ပြီး လင်းမှာ ဘာအပြစ်မှ မရှိဘဲ"

"ဟုတ်တယ်၊ အဲဒီစကားကို ကိုယ် လက်ခံပါတယ်၊ လင်း အပြစ်မရှိတာ မှန်ပေမယ့် အပြစ်ရှိတဲ့သူအတွက် ကိုယ်ချင်း



စာစိတ် ရှိစေချင်လို့ အခုလိုလုပ်ရတာအတွက် လင်း နားလည် သဘောပေါက်နိုင်ပါစေလို့ပဲ ကိုယ် ဆုတောင်းရမှာပဲ"

"ရှင်"

"အဟွန်း...ဟွန်း ကျုပ်ပြောတဲ့စကားကို မင်း နားရှုပ်သွားပြီနဲ့တူတယ်"

"အမှန်ပြောရရင်တော့ အခုချိန်ထိ လင်း ဘာမှနားမလည်နိုင်သေးဘူး"

"အင်းပေါ့လေ...ဒီအကြောင်းတွေကို မသိသေးတော့ မင်း ဘယ်နားလည်ပါ့မလဲ၊ ဒါပေမယ့် တစ်ချိန်မှာတော့ မင်း နားလည်မှာပါ"

ထူးထက်ခေါင် ပြောနေသမျှကို မျက်ဝန်းလှလှလေး ဝိုင်းဝိုင်းလည်သည်အထိ ဂရုစိုက်နားထောင်နေသော လင်းဆိုသော မိန်းကလေးကို ကြည့်ပြီး သက်ဦးမှာ ပင့်သက်တချချနှင့် ရှိနေရပါတော့သည်။

"ရှင်တို့ရဲ့ ရည်ရွယ်ချက်ကို ဂဃဏန နားမလည်ပေမယ့် ရှင်တို့ကြားမှာ လင်းက မြေဇာပင် ဖြစ်ရမှာလား"

ကြိတ်မနိုင်ခဲမရ ဝမ်းနည်းဒေါသစိတ်များကြောင့် လင်း

www.burmeseclassic.com

www.burmeseclassic.com



အသံမှာ သိသိသာသာ တုန်ခါနေရပါသည်။

"လင်းကို အိမ်ပြန်ပို့ပေးပါနော်၊ လင်း တောင်းပန်ပါတယ်၊ အခု ဘယ်အချိန်ရှိပြီလဲဟင်"

လင်းမှာ အချိန်နာရီကို ယခုမှ သတိထားမိသွားရသူများနှယ် သူမ၏ နာရီလက်တံလေးကို ကြည့်လိုက်တော့ နာရီလက်တံက နံနက်သုံးနာရီကိုပင် ပြနေပြီဖြစ်သည်။

"အို...သုံးနာရီတောင် ထိုးနေပါလား၊ အို ဒုက္ခပါပဲရှင်"

"လင်းကို ဒက်ဒီ စိတ်ပူနေမှာပဲ၊ အဟင့် ဟင့်"

မျက်ရည်ချောင်းလေးနှစ်သွယ်က ပါးပြင်ပေါ်စီးဆင်းလာသည့်တိုင် အလှမပျက်ဘဲ ဝင်းဖန့်ရှင်းသန့်နေရသော လင်းမျက်နှာနုနုလေးအား ထူးထက်ခေါင်မှာ မကြည့်မိစေဘဲ ဥပေက္ခာပြုလိုက်ရပါသည်။

"ဒီနေရာက ရန်ကုန်နဲ့ဝေးလား၊ လင်းကို ပြန်ပို့ပါနော်"

ပြောရင်းက မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့်ကျလျက် ကိုယ်လေး တုန်ခါနေရသည်အထိ သည်းသည်းလှုပ် ငိုကြွေးနေသော လင်းကို ထူးထက်ခေါင် ဘယ်လိုပြောရမည်မှန်း မသိတော့။

"လင်း ဒက်ဒီဆီကို ပြန်ချင်တယ်၊ ဒါမှမဟုတ် ဖုန်းဆက်





ချင်တယ်၊ ဘာမှမသိသေးတဲ့ ဒက်ဒီ လင်းအတွက် စိတ်ပူနေလောက်ပြီ"

လင်းစကားကြောင့် ထူးထက်ခေါင်မှာ လှပလွန်းသော လင်းမျက်နှာလေးကို ကြည့်လိုက်ပြီး...

"လင်းဒက်ဒီလည်း ခုချိန်လောက်ဆို သိပြီးနေလောက်ပါပြီ"

"ရှင်"

"ဒက်ဒီက ဘာကိုသိရမှာလဲ"

"မင်းကိုခေါ်လာတုန်းက လမ်းမှာ ကျုပ် လင်းဒက်ဒီဆီ ဖုန်းဆက်ခဲ့တယ်၊ မင်းကို ကျုပ် ခိုးပြေးသွားပြီလို့"

"ရှင်...ရှင်"

"ဟာ"

"ဟိတ်...ဟ်တ်"

ထူးထက်ခေါင် ဘယ်လိုခေါ်ခေါ် လင်းက မကြားနိုင်ပါလေတော့။

အကြောင်းကား လင်းသည် သူ့စကားကြောင့် ဘယ်လောက်ထိ စိတ်ထိခိုက်ကြေကွဲသွားရရှာသည်မသိ သူမကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လေးက နေရာမှာတင် အရုပ်ကြိုးပြတ်ဖြင့် သတိလစ်သွားရရှာလေတော့သည်။ ။

ဖဖ ဖဖ ဖဖ

## အခန်း (၄)

လင်းမှာ ပေတာစ်ရာလမ်းပေါ်တွင် အားရှိသမျှ အစွမ်းကုန် ပြေးလွှားလျက်ရှိပါသည်။ သူမနောက်တွင်တော့ ထူးထက်ခေါင်ဆိုသူက သူမနှင့် ထပ်ကြပ်မကွာ ပြေးလိုက်လျက် ရှိနေရသဖြင့် သူမမှာ ရှိသမျှအင်အားများကို စုစည်းကာ သူ့လက်မှလွတ်အောင် အစွမ်းကုန် ကြိုးစားလျက်ရှိသည်။

ထိုအချိန်တွင် မမဖွဲ့မှာ သူမရှေ့တွင် ရုတ်တရက်ပေါ်လာပြီး သူမလက်ကလေးကို ဆွဲယူလိုက်ကာ နောက်မှလိုက်လာသူ ထူးထက်ခေါင်နှင့် ရင်ဆိုင်လိုက်သည်။

မမဖွဲ့ကို တွေ့လိုက်ရသဖြင့် လင်းမှာ အင်အားများပြည့်လာပြီးနောက် သူမပါ ရင်ဆိုင်ဖို့ နောက်သို့လှည့်လိုက်သည့်ခဏ

www.burmeseclassic.com

www.burmeseclassic.com



မမဖွဲ့နှင့် မျက်နှာချင်းဆိုင်တွင် မြင်လိုက်ရသူမှာ ထူးထက်ခေါင် မဟုတ်တော့ဘဲ သွေးသံရဲရဲနှင့် လူတစ်ဦး၏ ကြောက်စရာမျက်နှာကြီး ဖြစ်နေသဖြင့်…

"အား"

"လင်း…လင်း သတိရလာပြီလား"

မေးဖျားလေးကို ခပ်သာသာ ကိုင်လှုပ်ကာ စိုးရိမ်တကြီးနိုင်စွာ ခေါ်သံက သူမနားစည်ထဲသို့ အရှိန်နှင့် တိုးဝင်ရောက်ရှိလာရသလို ပူးတုံ့ခွာတုံ့ဖြစ်နေရသည့် အသိစိတ်ကလည်း ကိုယ်မှာ ကပ်၍ လာရသည်။

"လင်း…လင်း"

တဖြည်းဖြည်း ပီပြင်သဲကွဲစွာ ကြားလိုက်ရသော ခေါ်သံတိုးသက်သက်ကို ကြားလိုက်ရသည့် လင်းမှာ ထိုအသံရှင်သည် ဘယ်သူဆိုတာကို မစဉ်းစားရဘဲ မှတ်မိလိုက်သည်နှင့် မျက်ခွံလေးတွေက အားယူဖွင့်စရာမလိုအောင် သူ့အလိုလို ဖျတ်ခနဲ ပွင့်လာရကာ လူကလည်း လှဲနေရာမှ ချက်ချင်းပင် ထထိုင်မိလျက်သား ဖြစ်သွားရသည်။

"လင်း…မင်း…မင်း သတိပြန်ရလာပြီနော်"

ငိုးမို၊ ၀၁၆၀



လင်းမျက်နှာလေးကို မလွှတ်တမ်း ငုံ့မိုးစိုက်ကြည့်ရင်းက စိုးရိမ်မှုတို့ လွှမ်းကဲစွာ မေးလိုက်သော ထူးထက်ခေါင်ကို မြင်လိုက်ရတော့ လင်းမှ တွန့်ခနဲ ဖြစ်သွားရသည်။

ဟစ်ဆက်တည်း သူမဘဝ ရေတိမ်နစ်ရပါပြီဟူသော အတွေးစိတ်ဖြင့် မျက်နှာလှလှလေးက စက္ကူတစ်ရွက်လို ဖြူဖျော့သွားရသည်။

"ရှင်…ရှင် ဘာအငြိုးနဲ့ လင်းဘဝကို ခုလိုလုပ်နေရတာလဲဟင်"

လင်း၏အသံက အက်အက်ကွဲကွဲဖြင့် တိုးရှလွန်းနေရသည်။

ခါးသီးခြင်း၊ နာကြည်းမှုတို့ဖြင့် ရောယှက်နေသည့် လင်းထံမှ အကြည့်စူးစူးနှင့် မျက်ဝန်းနက်နက်လေးကို မြင်ရသည်။ သူ့အပေါ် အရမ်းကို ခါးသီးမုန်းတီးနေရသည့် အမုန်းမျက်ဝန်းများနှင့် ရင်ဆိုင်လိုက်ရသည့်အဖြစ်။

"ကျုပ်ကို တစ်ချိန်ကြရင် နားလည်ပေးနိုင်မှာပါ"

"နားလည်ပေးနိုင်မှာပါ ဟုတ်လား"

နှုတ်ခမ်းလေးကို ဖိကိုက်ထားရင်းက လင်း၏ အေးစက်

ငိုးမို၊ ၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



သောအကြည့်နှင့် တုံ့ပြန်မှုတို့ကို ထူးထက်ခေါင်သည် ဘာမှမပြောဘဲ သူမမျက်နှာလေးကိုသာ မှုန်တည်တည် အကြည့်စူးစူးကြီးများဖြင့် ငေးစိုက်ကြည့်နေမိတော့သည်။

ထူးထက်ခေါင်၏ ထိုအကြည့်ကြောင့်ပင် ဒေါသများပို၍ဖြစ်လာရသူ လင်းမှာ သူ၏ သည်အကြည့်များကိုပင် မလိုလားစွာ ရှက်စိတ်၊ နာကြည်းစိတ်၊ မုန်းတီးစိတ်များဖြင့် ဒေါသများထောင်းခနဲဖြစ်သွားရကာ…

"သွား…သွား ရှင့်မျက်နှာကို မကြည့်ချင်ဘူး၊ မမြင်ချင်ဘူး၊ ရှင်ကြီးကိုမုန်းတယ်၊ သိပ်မုန်းတယ်၊ အဟင့် အဟင့် ဟင့်"

ပြောရင်းဆိုရင်း ငိုရင်းရှိုက်ရင်းက ဒေါသစိတ်လေးများဆူပွက်လာရသော လင်းမှာ ထူးထက်ခေါင်အား အနီးရှိ တွေ့ရာပစ္စည်းများဖြင့် လှမ်းယူပစ်ပေါက်နေမိတော့သည်။

"ဟာ"

"ဟိတ်"

"မလုပ်နဲ့လေ"

ထူးထက်ခေါင်အား လင်း ပစ်ပေါက်နေသော ပစ္စည်းများကို ဖယ်ရှားကာကွယ်ရင်း သူမဆီသို့ ဝင်ရောက်ကာ



လက်နှစ်ဘက်ကို ခပ်တင်းတင်း ဖမ်းယူချုပ်ကိုင်ထားလိုက်သည်။

"အို"

"ဖယ်…ဖယ် ရှင် လင်းရဲ့လက်ကိုလွှတ်"

"ရှင့်ကို သတ်ပစ်ချင်တယ် သိလား၊ အဟင့် ဟင့်"

တင်းတင်းဆုပ်ထားသည့် ထူးထက်ခေါင်လက်ထဲက သူမလက်လေးအား အပြင်းအထန် ပြန်လည်ရုန်းယူနေသော လင်းကို ထူးထက်ခေါင်သည် မျက်နှာထား ခပ်မှုန်မှုန်ဖြင့် နှုတ်ခမ်းစေ့ကာ ကြည့်လိုက်ပြီး သူမလက်ကလေးကို အသာအယာ ဖြေလွှတ်ပေးလိုက်သည်။

လင်းမှာ ထူးထက်ခေါင်လက်ထဲက သူမလက်ကလေး လွှတ်သွားရသည်နှင့် ရင်ထဲက ခံပြင်းစိတ်၊ ရမ်းကားလွန်းသည့် သူ၏အပြုအမူများကြောင့် ဆတ်ဆတ်ခါ ဒေါသများဖြင့် မိုးမွှန်သွားရကာ ကိုယ့်ကိုယ်ကို မထိန်းချုပ်နိုင်ခင်မှာပင် ထူးထက်ခေါင်ရင်ဘတ်နှင့် လက်မောင်းများကို သူမလက်ကလေးနှစ်ဖက်ဖြင့် အားရှိသလောက် ထုရိုက်ရင်း သူ့လည်ပင်းတို့ကို ကုတ်ခြစ်ပစ်လိုက်သည်။

"ကဲဟယ်…ကဲဟယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်…မင်းပြောလို့ မရဘူးလား"

"မရဘူး…မရဘူး၊ လူရိုင်းကြီး၊ လူရမ်းကားကြီး၊ အဲဒါ လူကို သက်သက်မဲ့ဒုက္ခပေးဦး၊ အနိုင်ကျင့်ဦး"

"ကဲ…ကဲ"

ပါးပြင်ပေါ် စိုလူးနေရသော မျက်ဝန်းမှ မျက်ရည်များဖြင့် တဖုန်းဖုန်း ထရိုက်ကုတ်ဆွဲနေသည့် နုဖန့်ဖွေးစင်လှပလွန်းသော လင်း၏မျက်နှာလှလှလေးကို ထူးထက်ခေါင်သည် အနီးကပ် ငုံ့မိုး စိုက်ကြည့်ရင်းက လူက နေရာမှာတင် မလှုပ်မယှက် ရပ်နေမိရသည်။

"ဟင်း"

သည်နောက် ထူးထက်ခေါင်သည် သက်မတစ်ချက်ကို လေးတွဲစွာချရင်း မျက်ရည်များဖြင့် ရွှဲစိုနစ်နေရသည့်ကြားက ဒေါသများဖြင့် သူ့အား အဆက်မပြတ် ထရိုက်နေသူလေးကို ခပ်စိုက်စိုက် ကြည့်ပြီး သူမ စိတ်ရှိသလောက် ရိုက်ပါစေတော့ဆိုသည့်စိတ်ဖြင့် သူမစိတ်ကြိုက် လွှတ်ထားပေးလိုက်သည်။

သူ့အား အတန်ကြာ စိတ်ရှိသလောက် ရိုက်ပြီးသွားသည်နှင့် လင်းမှာ လက်ပန်းကျသွားရသလိုမျိုး အရိုက်ကိုရပ်ကာ





မျက်ရည်များ ပြည့်လျှံနေရသော အမုန်းမျက်ဝန်းများဖြင့် နှုတ်ခမ်းလေးကို ပြတ်ထွက်လုမတတ် ဖိကိုက်ထားရင်း ကျလုကျခင် မျက်ရည်ကြည်များ လက်နေရသော မျက်ရည်များ အိုင်ဖွဲ့နေရသည့် မျက်ဝန်းစူးစူးလေးနှင့် သူ့ကိုကြည့်လိုက်၏။

"ရိုက်လေ ရိုက်ပါ၊ မင်းကျေနပ်အောင် ကြိုက်သလောက် ကျုပ်ကို ရိုက်နိုင်ပါတယ်"

သူ့စကားကို လင်းသည် ဘာမှပြန်မပြောတော့ဘဲ သူ့ကိုသာ မျက်ဝန်းရွှန်းကြီးများဖြင့် မျက်စောင်းတနင့်တပိုးကြီး ထိုးကာ နှုတ်ခမ်းလှလှလေးကို တင်းတင်းစေ့လျက် အခန်းထဲကထွက်မည် အပြု…

"ဒါက ဘာလဲ"

"အို…ရှင်"

ရုတ်တရက် ဖျတ်ခနဲ လင်း လက်မောင်းလေးအား လှမ်းဆွဲလိုက်သော ထူးထက်ခေါင်ကြောင့် လင်းမှာ မီးဝင်းဝင်း တောက် ဒေါသမွှန်ကာ သူ့ရင်ဘတ်ကြီးဆီက လက်ကလေးနှစ်ဖက် ဖြင့် ဆောင့်တွန်းပစ်ကာ စူးစူးဝါးဝါးလေး ကြည့်လိုက်ရင်း…

"ဟင်…ရှင်…ရှင် ဒါဘာလုပ်တာလဲ၊ လင်းကို ဘာ



www.burmeseclassic.com

www.burmeseclassic.com



အောက်မေ့လို့လဲ၊ လွှတ် လက်ကိုလွှတ်ပါ"

"ဟာကွာ…ကျုပ်ကလည်း အမိလက်ကို ကိုင်ချင်တယ် ထင်လို့လား"

"မထင်စေချင်ရင် လက်ကို မကိုင်နဲ့ပေါ့"

"ကျွတ်…မင်းကို ပြောစရာရှိလို့ကွ"

"နားမထောင်နိုင်ဘူး"

"နားမထောင်လို့ မရဘူး၊ အခု ဘယ်ကိုသွားမလို့လဲ"

"အို…လင်းဘာသာ ဘယ်သွားသွား ရှင့်အလုပ်လား"

တစ်ခွန်းမကျန် သူ့အား ပြန်ရန်စွာနေသည့် လင်းကြောင့် လူဖြောင့်စိတ်တိုသမား ထူးထက်ခေါင်ကား စိတ်သိပ်မရှည်ချင်တော့။

နဂိုကပင် စိတ်မြန်ကိုယ်မြန်နှင့် စိတ်မထင်လျှင် မထင်သလို ဖွတ်တရွတ်ဆန်လှသူ ထူးထက်ခေါင်သည် လင်း၏ ဂျစ်ကန်ကန် အရွဲ့တိုက်စကားများကြောင့် စိတ်ကို အတတ်နိုင်ဆုံး လျှော့ထားပါလျက်နှင့် လူက ဒေါပွချင်သလိုလို ဖြစ်လာရသည်။

"ဒီမှာ အမိ၊ မင်းကို သိပ်ပြီးဂရုစိုက်လွန်းလို့မထင်နဲ့၊ ခုကိစ္စမှာ မင်းနဲ့ပတ်သက်ပြီး တာဝန်အရှိဆုံးက ကျုပ်မို့ မင်း

ဝိုးမိုး ၈၁၄၀



ဘယ်သွားမယ်၊ ဘာလုပ်မယ်ဆိုတာကအစ ကျုပ်သိထားဖို့လိုအပ်လို့ မေးနေတာ"

"မလိုပါဘူး၊ လင်းဘာသာ ဘာလုပ်လုပ် ရှင်နဲ့မဆိုင်ဘူး"

"ဒါဆိုလည်း မင်း ဘယ်မှမသွားရဘူး"

"ဘာရှင့်"

"အမိကြားတဲ့အတိုင်းပဲ"

"ရှင် လူပါးဝလှချည်လားဟင်"

"မင်းကြိုက်သလို ပြောနိုင်တယ်၊ ဘာကြောင့်လဲဆိုရင် အမိကိုခေါ်လာတဲ့ ကျုပ်မှာ တာဝန်ရှိနေလို့ပဲ"

"ဒီတော့ မင်း ဘယ်သွားမယ်၊ ဘာလုပ်မယ်ဆိုတာက အစ ကျုပ်ကိုပြောပြီးမှ မင်းသွားရမယ်"

"တောက်…ရှင် သိပ်တရားလွန်နေပြီနော်၊ ရှင်က ဘာမို့လို့ လိုက်ချုပ်ချယ်နေရတာလဲ"

လင်းမျက်နှာလှလှလေးက ဒေါသများဖြင့် တင်းမာလာရသည်။

"ချုပ်ချယ်တယ်လို့ မင်းထင်ရင်လည်း မတတ်နိုင်ဘူး၊

ဝိုးမိုး ၈၁၄၀

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကျုပ်ပြောတဲ့အတိုင်း ကျုပ်ကို မပြောဘဲနဲ့တော့ မင်း မသွားရဘူး''

''ရှင်…ရှင်''

ဖူးဥစိုအိနေရသော လှလွန်းသည့် နှုတ်ခမ်းလေးကို တင်းတင်းစေ့လျက်က မခံချင်ဒေါသများကြောင့် ထူးထက်ခေါင်၏ ပေါက်ကွဲချင်နေရသည့် ဒေါသများကို သူမအနားရှိ ခေါင်းအုံးလေး ပေါ်သို့ စုပြုံရောက်ရှိကာ စိတ်ပေါက်ပေါက်ဖြင့် ခေါင်းအုံးလေးကို ဆွဲယူကာ အခန်းထောင့်ဆီသို့ အားကုန်ပစ်ပေါက်လိုက်သည်။

''အဟွန်း…ဟွန်း''

ထူးထက်ခေါင်နှုတ်မှ ထေ့ပြုံးတစ်ခုက ခပ်လွှန့်လွှန့်ထွက် သွားရသည်။

သူမအဖြစ်ကိုကြည့်ပြီး လှောင်သလို ရယ်နေသော ထူးထက်ခေါင်ကို လင်း ကြည့်မရစွာ စိတ်တိုသွားရဟန်ဖြင့်…

''ရှင် မရယ်နဲ့၊ လင်းကိုကြည့်ပြီး ရှင် ရယ်စရာမလိုဘူး''

''အဟွန်း…ကောင်းပါပြီဗျာ''

မျက်စောင်းတဝင့်ဝင့်နှင့် ကလေးဆန်လွန်းသည့် လင်း အမူအရာလေးကို ထူးထက်ခေါင်သည် မျက်မှောင်ယောင်ယောင်



တွန့်လျက် စိတ်ပျက်စွာ ငေးကြည့်နေသည်ကို လင်းမှာ သူ ကြည့်နေမှန်းသိ၍ မျက်နှာတင်းတင်းလေးဖြင့် သူမအကြည့်များကို တခြားတစ်ဖက်သို့ လှည့်ပစ်လိုက်၏။

သူမ၏ ထိုအပြုအမူကြောင့် ရင်မှာ အခံရခက်ခက်နှင့် ဖြစ်သွားရသူက ထူးထက်ခေါင်ပင် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် သာမန်အချိန်မျိုးတွင် သူမသည် သူ့အား သည်လိုမျိုးဆက်ဆံပါက ထူးထက်ခေါင်သည် ယခုလို ငြိမ်ခံနေမည့်သူတော့မဟုတ်။

ယခုအချိန်မှာတော့ ရှိပါစေတော့။ သူမနှင့်ပတ်သက်ပြီး သူ့အနေနှင့် အရာရာကို အလျှော့ပေးထားမှဖြစ်မည်။

အကြောင်းကား သူ ရည်ရွယ်ချက်အတိုင်း အကောင် အထည်ဖော်နိုင်ဖို့ရာအတွက် ထူးထက်ခေါင် ဒီထက်မကတောင် ရင်းနှီးပေးဆပ်ဖို့ ဆုံးဖြတ်ချက်ချထားပြီးဖြစ်သည်။

ထူးထက်ခေါင်သည် ကိုကိုမင်းဝေစိုးနှင့် ပတ်သက်ပြီး ခွဲဆိုသည့် မိန်းမအတွက် ရှေ့ဆက်ရမည့် အစီအစဉ်များကို တွေးရင်း အခန်းတံခါးကို သော့ပိတ်ကာ ထွက်လာခဲ့သည်။

အပြင်ဧည့်ခန်းတွင် ထိုင်နေသော သက်ဦးမှာ သူ့မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်ပြီး…

"ပြဿနာကို မင်းပိုက်ထားပြီ ထူးထက်၊ မင်းစိတ်က သိပ်မြန်တော့ မင်း အများတွေတစ်ခုပြီးတစ်ခု လုပ်မိမှာ ငါစိုးရိမ်တယ်"

"ငါ ဆုံးဖြတ်ချက် ချထားပြီးသားကိစ္စတစ်ခုကို နောက်မဆုတ်တတ်တာ မင်းသိပါတယ်၊ ငါ့အတွက် ဒီလိုကူညီပေးတဲ့ မင်းကို ကျေးဇူးတင်တယ်၊ မနက်ကျရင် မင်းပြန်လို့ရပြီ သက်ဦး"

"မင်းနဲ့ငါက ပြောစရာလူတွေမှမဟုတ်တာ ထူးထက်၊ ဒါပေမယ့် မင်းသေချာထပ်စဉ်းစားပါဦး၊ မဆိုင်တဲ့မိန်းကလေးတစ်ယောက် ဒုက္ခရောက်နေမှာ စိုးလို့ပါ"

"ဒုက္ခ…ဟုတ်လား၊ အဲဒီဒုက္ခထက် အဆပေါင်းများစွာကို ငါ့ကိုကို ခံစားသွားရတာ မင်း နားလည်နိုင်ရင် ကိုယ်ချင်းစာတတ်မှာပါ"

အချစ်ဆုံး သူငယ်ချင်းဖြစ်သူ ထူးထက်ခေါင်မှာ တစ်စုံတစ်ယောက်အပေါ် ကြိတ်မနိုင် ခဲမရပုံစံဖြင့် ဖြစ်နေရသည့် မျက်နှာချောချောက တင်းမာခက်ထန်လျက် မျက်ဝန်းထဲရှိ သွေးကြောများသည်ပင် နီရဲနေရတော့သည်။



ဒီအချိန်မှာ သူဘာပြောပြော ထူးထက်ခေါင် နားဝင်မည်မဟုတ်ဆိုတာကိုလည်း သက်ဦးတစ်ယောက် သိနေသဖြင့် သက်ပြင်းမောတစ်ချက်ကိုသာ ချလိုက်မိတော့သည်။

"ငါ့အိမ်သော့နဲ့ ခြံသော့ကို မင်းကိုအပ်ထားခဲ့မယ်၊ ဘယ်အချိန်ပဲဖြစ်ဖြစ် ငါ့ကို လိုအပ်ရင်ခေါ်လိုက်ပါ"

"ကောင်းပါပြီ သူငယ်ချင်း"

မှော်ဘီဘက်တွင် နေသော သက်ဦးမှာ သူ၏ခြံသော့များကို သူ့လက်ထဲသို့ အပ်လိုက်ပြီးနောက် အချစ်ဆုံးသူငယ်ချင်း ထူးထက်ခေါင်၏ ပေါက်ကွဲနေသော မျက်နှာကိုကြည့်ကာ နှုတ်ဆက်၍ သူ့ကားလေးကို မောင်းထွက်သွားလေသည်။

သက်ဦး ထွက်သွားပြီးနောက် ထူးထက်ခေါင်သည် လှုပ်ရှားနေရသည့် စိတ်တို့ကို တည်ငြိမ်သွားစေဖို့ စီးကရက်ဗူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိကာ ဖွာရှိုက်ပစ်လိုက်လေသည်။

ဖ ဖ ဖ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဘယ်လိုလဲ ကိုအောင်မြင့်စိုး၊ အခြေအနေတွေ ဘာတွေ ထူးလဲ"

"ထူးတယ်…ထူး၊ လင်းဒက်ဒီ အရမ်းစိတ်ဆိုးနေတယ်၊ သူ့သမီးကို အမွေပြတ်ကြေညာမယ်ဆိုပြီး အိမ်ရိပ်ကိုတောင် လုံးဝ မနင်းဖို့ အမိန့်ထုတ်ထားတယ်"

"သူတို့ဘက် ဘယ်လိုထင်နေလဲ"

"ချစ်သူနဲ့ ခိုးပြေးသွားတယ်ပဲ ထင်တာပေါ့ ထူး"

"အိုကေ…ကျန်တဲ့သတင်းတွေကိုလည်း ဆက်စုံစမ်း ထား"

"စိတ်ချ ထူး"



ကိုအောင်မြင့်စိုးနဲ့ ဖုန်းအဆက်အသွယ်ရပြီးနောက် သူမ့ပြုံးတစ်ချက် ပြုံးလိုက်သည်။ ကိုယ့်အလှည့်ကျ မခွဲစတမ်းပေါ့ ဖွဲ့ဆိုတဲ့ မိန်းကလေးရယ်။

နံနက်ခင်း နေခြည်နုနုနှင့်အတူ နေ့သစ်တစ်ခုက လှပစွာ ရောက်ရှိလာပါသည်။

ခေါင်းထဲက မူးဝေနေမှုနှင့်အတူ လင်းတစ်ယောက် အိပ်ရာမှ ဖျတ်ခနဲ လန့်နိုးလာသည်။ အိပ်ရာသည် သူမအိပ်ရာမဟုတ်တာကို ရုတ်တရက် သတိရလိုက်မိတော့ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို လင်းတစ်ယောက် ချက်ချင်းပဲ သတိရလာခဲ့မိသည်။

လင်းမှာ သင်တန်းတစ်ခုမှအပြန် အိမ်မှလာကြိုမည့်ကားကို စောင့်နေခိုက် သူမအနားသို့ ရုတ်တရက် အဖြူရောင်ကားကြီး တစ်စီး ထိုးဆိုက်လာပြီး ကားပေါ်မှ လူတစ်ယောက်က သူမကို ပြုံးပြလာသည်။

ပြုံးပြလာသူကို လင်းမှ ကောင်းကောင်းမသိပေမယ့် ခန့်ညားချောမောသော ဥပဓိရုပ်နှင့်လူက မမဖွဲ့၏ သူငယ်ချင်းဟု ပြောပြီး တရင်းတနှီး ပြောလာသဖြင့် သူမအားနာနာနှင့် အလိုက် အထိုက် ပြန်ပြောနေမိရင်း လာကြိုမည့်ကားကို တမျှော်မျှော် ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



မိသည်။

နောက်တော့ လင်းဟာမ်းဖုန်းထံ ဒရိုင်ဘာ ဦးစိုင်း၏ ဖုန်းခေါ်သံဝင်လာပြီး မမျှော်လင့်ဘဲ ယာဉ်ချင်းမတော်တဆ ထိခိုက်မိသွားသဖြင့် ရှင်းနေရသောကြောင့် နောက်ကျမှာဖြစ်သည့်အတွက် ကားငှားပြန်ဖို့ ဖုန်းဆက်ပြောသည်ကြောင့် လင်းတစ်ယောက် စိတ်ပျက်လက်ပျက် ဖြစ်နေခိုက် ထိုလူက သူ၏ကားဖြင့် လိုက်ပို့ပေးပါမည်ဟု ပြောနေသဖြင့် ထိုသူ့ကားနှင့် လိုက်လာခဲ့ခြင်းအတွက် လင်းမှာ ပြင်မရသော ကျော့ကွင်းတစ်ခုထဲအတွင်းသို့ သက်ဆင်းဝင်ရောက်သွားခဲ့ရခြင်းဖြစ်သည်။

တွေးရင်း လင်းမှာ ဒေါသလေးများ တငွေ့ငွေ့လှိုက်တက်လာရပြီး အခန်းတံခါးကို တဒုန်းဒုန်းဖြင့် ထုရိုက်ပစ်လိုက်သည်။

"ဒုန်း…ဒုန်း တံခါးဖွင့်၊ တံခါးဖွင့်"

ထူးထက်ခေါင်မှာ အခန်းနားသို့ရောက်ခိုက် အခန်းအတွင်းမှ တဒုန်းဒုန်းဖြင့် ထုရိုက်သံနှင့်အတူ ဒေါသလေးများဖြင့် အော်ဟစ်နေသော အသံစူးစူးလေးကြောင့် သူ တံခါးကို ဖွင့်ပေးလိုက်သည်။

အခန်းဝတွင် သွယ်နွဲ့သော ကိုယ်ဟန်နွဲ့နွဲ့လေးဖြင့် ရှည်လျားနက်မှောင်ပြီး ကပိုကရိုဖြင့် ဖြာကျနေရသည့် ဆံနွယ်မျှင်



လေးများဖြင့် ဒေါသမျက်ဝန်း စူးစူးတောက်တောက်လေးများဖြင့် ကြည့်နေသော မိန်းမချောလေးထံသို့ ထူးထက်ခေါင်၏ အကြည့်များ ရောက်ရှိသွားရပြီး…

"ကဲ…မင်း အခုဘာလုပ်မှာလဲ ပြော၊ မင်းဖြစ်ချင်တာကို ကျုပ် အတတ်နိုင်ဆုံးဖြစ်အောင် လုပ်ပေးမယ်"

"ဒက်ဒီဆီကို လင်း ပြန်မယ်"

"ကောင်းပြီလေ၊ မင်းပြန်ချင်ရင် ကိုယ်လိုက်ပို့ပေးမယ်၊ ဒါပေမယ့် တစ်ခုတော့ ကိုယ့်ကို ကတိပေးပါလို့ တောင်းဆိုချင်တယ်၊ အဲဒီကတိ မပေးနိုင်ရင်တော့ ကိုယ်လိုက်ပို့မပေးနိုင်ဘူး"

"ဘာပြောတယ်၊ ရှင့်ကို ကတိပေးရမယ် ဟုတ်လား"

နှုတ်ခမ်းလေးကို ဖိကိုက်ထားရင်းက လင်း၏ အေးစက်သောအကြည့်နှင့် ပြောဆိုမှုကို သူ ခေါင်းညိတ်ပြလိုက်သည်။

"ပြော…ရှင် ဘာတောင်းဆိုချင်တာလဲ"

"တကယ်လို့ လင်း ရှင်းပြတာကို လင်းဒက်ဒီက လက်ခံရင် လင်း ကြိုက်သလို ကိုယ့်ကို လုပ်နိုင်တယ်၊ တကယ်လို့ လင်းဒက်ဒီက လက်မခံဘူးဆိုရင်တော့ ကိုယ်နဲ့လင်း ပြန်လိုက်ခဲ့ရမယ်၊ ဘယ့်နှယ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



လင်းမှာ အတန်ကြာအောင် စဉ်းစားဟန်ဖြင့် ငြိမ်သက်သွားပြီးနောက်"

"ကောင်းပြီလေ လင်းဒက်ဒီက လင်း ရှင်းပြတာကို လက်ခံရင် ရှင့်ကို ရဲနဲ့တိုင်ပြီး အချုပ်ခန်းထဲ ပို့လိုက်မယ်"

"တကယ်လို့ လင်းဒက်ဒီက လက်မခံရင် ရှင့်ဆန္ဒအတိုင်းပေါ့"

ထူးထက်ခေါင်နှင့် လင်းတို့နှစ်ဦး သဘောတူညီချက်ရပြီးနောက် လင်းအိမ်သို့ သူ လိုက်ပို့ပေးလိုက်သည်။

"တီ"

လူကုံထံများနေထိုင်သည့် တိတ်ဆိတ်ငြိမ်သက်လွန်းသော ခြံဝန်းကျယ်ကြီး တစ်ခြံရှေ့တွင် သူ့ကား ထိုးရပ်သွားသည်နှင့် လင်းပြောသည့်အတိုင်း ကားဟွန်းသံ အရှည်ကြီးကို ဆွဲပြီးတီးပစ်လိုက်သည်။

ဆူညံသွားရသော ကားဟွန်းသံကြောင့်ထင် ခြံစောင့်ဖြစ်ဟန်ဟူသော လူက ခြံတံခါးပေါက်ဝနားသို့ အပြေးအလွှား ရောက်ရှိလာလေသည်။

လင်းကိုမြင်သည်နှင့် ခြံစောင့်သည် အံ့သြသွားရသည့်



အမူအရာများဖြင့် သူ့မကို အထူးအဆန်း ကြည့်နေသည်မို့ လင်း ဒေါသလေးများ ဖြစ်သွားရသည်။

"ဦးစော...ခြံတံခါးဖွင့်လေ၊ ဘာလုပ်နေတာလဲ"

"ဟို...ဟို မမလေး"

"တဟိုဟိုနဲ့ ဘာဖြစ်နေတာလဲ ဦးစော၊ ခြံတံခါးဖွင့်ပါ"

"ဟုတ်ကဲ့၊ အဲ...အဲ မဟုတ်ဘူး မမလေး"

အမူအရာပျက်နေသည်သာမက စကားသံများပင် အထစ်ထစ် အငေါ့ငေါ့ဖြင့် မျက်စိမျက်နှာပျက်နေရသော ခြံစောင့် ဦးစောကိုကြည့်ကာ လင်းမှာ မျက်ခုံးထူထူတန်းတန်းလေးကို စုကျုံ့သွားရပြီး စိတ်မရှည်နိုင်အောင် ဖြစ်သွားရသည်။

"ဦးစော...ရှင် ဒီနေ့ဘာဖြစ်နေတာလဲ၊ ခြံတံခါးကို မြန်မြန်ဖွင့်ပါ၊ ဒက်ဒီရှိတယ်မဟုတ်လား"

"ဆရာကြီးရှိပါတယ် မမလေး၊ ဒါပေမယ့် မမလေးနဲ့ ပတ်သက်ပြီး ဆရာကြီး အမိန့်ထုတ်ထားလို့ပါ"

"ဘာလဲ၊ ဘာအမိန့်ထုတ်ထားလို့လဲ၊ ကဲပါ တံခါးသာ ဖွင့်ပါ"

"အဲဒါ...အဲဒါပဲ မမလေး၊ ဆရာကြီးက မမလေးကို

www.burmeseclassic.com

www.burmeseclassic.com



ခြံထဲ လုံးဝဝင်ခွင့်မပေးရဘူးလို့ ကျွန်တော်တို့ကို မှာထားလို့ပါ"

"ဘာ…ဘာပြောတယ် ဦးစော၊ ဘာပြောလိုက်တယ်၊ ဒက်ဒီက လင်းကို ခြံထဲကို ပေးမဝင်နိုင်ဘူး ဟုတ်လား"

"ဟုတ်…ဟုတ်ကဲ့ မမလေး၊ ဆရာကြီးမှာထားတဲ့ အတိုင်း ကျွန်တော်ကပြောရတာပါ"

"အဓိပ္ပာယ်မရှိတာ၊ ဒက်ဒီ အခုရှိလား"

"ရှိပါတယ် မမလေး"

"ဒါဆို ဒက်ဒီ့ကိုသွားပြော လင်းရောက်နေတယ်လို့"

"ဟို"

"ဦးစော လင်းပြောတဲ့အတိုင်း သွားဆို သွားပြောလေ"

"ဟုတ်ကဲ့ မမလေး၊ ဟုတ်ကဲ့၊ ဆရာကြီးကို ကျွန်တော် သွားပြောပါ့မယ်"

တိုက်ကြီးဆီသို့ ခပ်သွက်သွက်ထွက်သွားသော ဦးစောကို ကြည့်ရင်း လင်းမှာ စိတ်ထဲတွင် မကြည်မလင်ဖြစ်ရမှုနှင့်အတူ ထူးဆန်းနေရသည့်အဖြစ်များကြောင့် အောက်နှုတ်ခမ်းလေးကို သွားချွန်ချွန်လေးဖြင့် ဖိကိုက်ထားမိသည်။

ထိုအခြေအနေကိုကြည့်ပြီး ထူးထက်ခေါင်မှာ လှပလွန်းသော သူ့မမျက်နှာလေးကိုသာ စူးစိုက်ကြည့်နေမိသည်။



မကြာလိုက် လင်းရှိရာ ခြံတံခါးဆီသို့ ပြန်လည်ရောက်ရှိလာသော ခြံစောင့် ဦးစောမှာ လင်းအား မျက်နှာငယ်လေးနှင့် ကြည့်ကာ…

"မမလေး…ဆရာကြီးက မမလေးကို ခြံတံခါးကို ဖွင့်မပေးရဘူးတဲ့၊ ခြံရှေ့က အမြန်ဆုံးထွက်သွားပါတဲ့၊ ပြီးတော့ မမလေးကို သမီးအဖြစ်က စွန့်လွှတ်လိုက်ပြီဆိုတဲ့အကြောင်း ပြောခိုင်းလိုက်ပါတယ်"

"အမလေး…ဒက်ဒီ၊ ဒက်ဒီ ရက်စက်လှချည်လား၊ လင်းမှာ လင်းမှာ ဘာအပြစ်ရှိလို့ ဒက်ဒီ ဒီလိုလုပ်ရတာလဲ၊ အဟင့်ဟင့်"

"ဦးစော…ရှင် ရှင် ပြောစမ်းပါ၊ လင်းကို ဘာကြောင့် ဒီလိုလုပ်ရတယ်ဆိုတာ"

"ဟို…မနေ့က မမလေး ယောကျ်ားနောက်လိုက်သွားပြီဆိုကတည်းက ဆရာကြီး အရမ်းဒေါသထွက်နေခဲ့တာ၊ တင့်တောင်းတင့်တယ် ယူနိုင်ရက်သားနဲ့ ဒီလိုမျိုး လုပ်ရပါ့မလား ဆိုပြီး မိဘမျက်နှာ အိုးမည်းသုတ်တဲ့သမီး၊ အိမ်အရိပ် လုံးဝမနင်း

www.burmeseclassic.com

www.burmeseclassic.com



စေနဲ့လို့ အလုပ်သမားအားလုံးကို ပြင်းပြင်းထန်ထန် အမိန့်ထုတ်ထားတာပါပဲ မမလေး"

"အို…မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒက်ဒီထင်သလို တစ်ခုမှမဟုတ်ဘူး၊ လင်းကို ဒက်ဒီ သက်သက်အထင်လွဲတာ"

"ဒက်ဒီကို လင်းကိုယ်တိုင် ရှင်းပြမယ်၊ ဦးစော လင်းကို တံခါးဖွင့်ပေးပါ၊ လင်းကို ကူညီပါနော်၊ အဟင့်…ဟင့်"

ငိုရလွန်းလို့ မျက်ရည်တွေပင် ကျန်ပါသေးရဲ့လားလို့ ထင်စရာဖြစ်အောင် သည်းသည်းထန်ထန် ငိုကြွေးနေသော လင်းက…

"တံခါးဖွင့်ပါ၊ လင်းကို တံခါးဖွင့်ပေးပါ၊ ဒက်ဒီနဲ့ လင်းတွေ့ပါရစေ၊ ဦးစော တံခါးဖွင့်ပါ"

"မဖြစ်လို့ပါ ကလေးရယ်၊ ဦးစော သမီးကို တံခါးဖွင့်ပေးလိုက်ရင် ဦးစောမိသားစုအားလုံး ဒုက္ခရောက်မှာ၊ ဆရာကြီးက ဦးစောကို ချက်ချင်းအလုပ်ထုတ်ပစ်မှာ၊ ဒါကြောင့်ပါကွယ်"

"အင့်…အဟင့်…ဟင့် ဒက်ဒီရယ်၊ ရက်စက်လိုက်တာ၊ လင်းကို ဒက်ဒီ အထင်လွဲနေတာကို ရှင်းပြပါရစေဦး၊ လင်းကို ရှင်းပြခွင့်ပေးပါ ဒက်ဒီရယ်၊ အဟင့်…ဟင့်…ဟင့်"



ထူးထက်ခေါင်သည် လင်းကိုကြည့်ပြီး ဘာစကားမှဖြင့်တော့ မဆို။

သို့သော် သူ့အသွင်မှာ ရူတည်တည်ဖြင့် ခက်ထန်နေသည့်အသွင် မဟုတ်ပါဘဲ စိတ်ထဲတွင် မကြည်မလင် တစ်မျိုးကြီးဖြစ်နေရသည့် အသွင်မျိုးဖြစ်နေသည်။

"လင်း…သွားရအောင်"

"ဟင်…ရှင် ဘယ်လိုလူလဲ"

"လင်း…အစုလို ဖြစ်ရတာတွေအားလုံး ရှင့်အပြစ်တွေချည်းပဲဆိုတာ ရှင်သိရဲ့လား"

"သိတယ်၊ ဒါကြောင့် မင်းနဲ့ပတ်သက်ပြီး ကျုပ်မှာ တာဝန်ရှိတယ်"

"ဘာတာဝန်လဲ၊ ဘာမှ တာဝန်ယူစရာမလိုဘူး၊ ရှင့်နောက်လည်း မလိုက်နိုင်ဘူး"

"မင်း ကိုယ့်ကိုပေးထားတဲ့ ကတိကို ဖျက်တော့မှာလား"

တင်းမာခက်ထန်နေသော မျက်နှာလေးနှင့် သူ့အားပြန်ရန်စွာနေသော လင်းကို ထူးထက်ခေါင်မှာ အေးစက်စက်ကြည့်ကာ မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အမိ၊ မင်းကို ကျုပ် နောက်ဆုံးပြောမယ်၊ မင်း လိုက်မှာလား၊ မလိုက်ဘူးလား"

"မလိုက်ဘူး"

"အေး...မလိုက်ရင်တော့ လိုက်အောင် ကျုပ်ကလုပ်ရမှာပဲ"

ထူးထက်ခေါင်မှာ ဖျတ်ခနဲ ကားတံခါးကို ဆွဲဖွင့်လိုက်ပြီးနောက် စိတ်မရှည်သည့်အလား ကလေးတစ်ယောက်လို လင်းကိုယ်လေးကို ပွေ့ချီခေါ်လာပြီး ကားပေါ် သူပါအတူတက်လိုက်ပြီး သော့ချက်ာ ကားကြီးကို မောင်းထွက်လိုက်လေသည်။

"ရှင်နော်...လွှတ်...လွှတ် ရှင့်မျက်နှာကို မကြည့်ချင်ဘူး၊ ရှင့်နောက်ကိုလည်း မလိုက်နိုင်ဘူးလို့ ပြောနေတယ်မို့လား"

ဆွေ့ဆွေ့ခုန်ဒေါသများဖြင့် လင်းက ထူးထက်ခေါင်အား ရင်ဘတ်ကြီးကို တဗုန်းဗုန်းထုရိုက်ရင်းက ပါလာခဲ့ရသည်။

"အဟင့်...ဟင့် ရှင့်ကြောင့်...ရှင့်ကြောင့်၊ ရှင် သက်သက်မဲ့ လင်းကိုဒုက္ခပေးတာ၊ လူဆိုးကြီး၊ လူရမ်းကားကြီး"

ထုရိုက်လို့ ညောင်းသွားဟန်ဖြင့် လင်းမှာ ဒေါသတွေနှင့် မျက်ရည်တွေ ဝေါခနဲ ပြိုဆင်းကျလာရပြီး စိတ်ထိခိုက်စွာ ငိုရင်းက



ပါလာလေသည်။

တစ်ဖန် နာကြည်းမုန်းတီးလွန်းသော မျက်ဝန်းစူးစူး တောက်တောက်များဖြင့် သူ့မျက်နှာကို အေးစက်စက်ကြည့်လိုက်ပြီး နောက် ထူးထက်ခေါင်၏ ကိုယ်ကြီးကို လက်လှမ်းမီသ၍ နေရာ အနှံ့ သဲသဲမဲမဲ ထုရိုက်ဆွဲကုတ်ပစ်လိုက်သည်။

"ဟိတ်...မင်း လွန်မယ်နော်"

"လွန်...လွန်"

"လွန်ရုံမကလို့ ရှင် သေသေ"

"မင်းကွာ ကျုပ် သိပ်စိတ်မရှည်ချင်တော့ဘူး"

"ကြည့်စမ်း...ကြည့်စမ်း ရှင်ကများပြောရသေးတယ်၊ ရှင် စိတ်မရှည်တော့ ဘာလုပ်ချင်လဲ"

"ကဲ...ကဲ"

ထူးထက်ခေါင် ပါးစပ်မှ ဟန့်တယ်ဆိုရုံရှိသေး ဒေါသ လွန်ကဲနေရသော လင်း၏ လက်သီးဆုပ်လေးများက သူ့မျက်နှာ ပေါ် အဆက်မပြတ် ကျရောက်နေရပြီဖြစ်သဖြင့် သူ့ကားကို လမ်းဘေးသို့ ထိုးအရပ်...

"ဒုတ်"

www.burmeseclassic.com

www.burmeseclassic.com



"အား"

စစ်ခနဲနာကျင်မှုနှင့်အတူ ထူးထက်ခေါင်၏ ကိုယ်ကြီးက တွန့်ခနဲ ဖြစ်သွားရသည်။

မှန်၏။

အကြောင်းကား လင်း၏ လက်သီးဆုပ်လေးများက ထူးထက်ခေါင် နှုတ်ခမ်းပေါ်သို့ အရှိန်ပြင်းစွာ ထုရိုက်မိရာမှ သူ့နှုတ်ခမ်းမှသွေးတို့က ဖြာခနဲ စီးဆင်းကျလာရသောကြောင့်ဖြစ်သည်။

"အို"

ထူးထက်ခေါင် နှုတ်ခမ်းထက်မှ သွေးများကိုမြင်ပြီး မျက်ဝန်းလေး အပြူးသားနှင့် လင်းမျက်နှာလေးက ဖြူဖျော့သွားရကာ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရသည်။

"သွေး…သွေးတွေ၊ အဟင့် ဟင့်"

နီရဲသော သွေးများကြောင့် လင်းမှာ ကြောက်ကြောက်လန့်လန့်ဖြင့် ငိုချလိုက်သည်။

"ဟိတ်…မငိုနဲ့လေ၊ လူကို သွေးထွက်သံယိုဖြစ်အောင်လည်း လုပ်သေးတယ်၊ လုပ်တဲ့သူကပဲ ငိုရပြန်သေးတယ်"

"ဘာလဲ‥ကျုပ်ကို အသေမသတ်ရလို့ ဝမ်းနည်းပြီး ငိုနေ



တာလား"

နှုတ်ခမ်းမှ သွေးများကို လက်ခုံဖြင့် ပွတ်သုတ်လိုက်ပြီး ဘာမှဖြစ်မထားသည့် ပုံစံနှင့်ပြောနေသည့် ထူးထက်ခေါင်ကိုကြည့်ပြီး သူမမှာ ဒေါသတွေဖြစ်နေရသည့်ကြားက မျက်နှာပူပူနှင့် လင်းအားနာမိသလိုမျိုး စိတ်ကလေး ဖြစ်သွားရသေး၏။

"ဘယ်လိုလဲ အမိ၊ ကျုပ်ပြောတာတွေ မှန်နေလို့လား"

"မသိဘူး…မသိဘူး၊ မုန်းတယ် ရှင့်ကိုမုန်းတယ်၊ အဟင့် ဟင့်"

ကလေးတစ်ယောက်လို စိတ်ထဲရှိတာပြောပြီး မျက်နှာလေးကို လက်နှစ်ဖက်ဖြင့် အုပ်ကွယ်ကာ တသိမ့်သိမ့်ရှိုက်ငိုနေသည့် လင်း၏ ကလေးဆန်သော အမူအရာလေးကိုကြည့်ကာ စိတ်မှာ ညစ်ထွေးထွေးကြီးနှင့် ပြုံးမိသွားရသည်။

တကယ်တော့ ထူးထက်ခေါင်သည် သူ့ဘဝတွင် မိန်းကလေးတစ်ယောက်နှင့်ပတ်သက်ပြီး စိတ်လိုလက်ရ အပြုံးမျိုး တစ်ခါဖူးမျှ မပြုံးခဲ့မိတာကိုတော့ သူ့ကိုယ်သူ အသိဆုံးဖြစ်ပါသည်။

ဖ ဖ ဖ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဖွဲ့မှာ မယုံကြည်နိုင်အောင် အံ့သြခြင်းများနှင့်အတူ ဒက်ဒီ မျက်နှာကို စူးစိုက်ကြည့်ရင်း ဘာစကားမှ မဆိုနိုင်ဘဲ ဖြစ်နေရ သည်။

"အရှမ်းမိုက်တဲ့ လင်းပါ သမီးကြီးရယ်၊ အခြေအနေ တွေအားလုံး ဘယ်လိုမှ ပြုပြင်လို့မရအောင် လွန်ကုန်ပြီ၊ အခုတော့ ဒက်ဒီတို့ဘက်က လုံးဝပြတ်သားလိုက်ပြီ"

ဖွဲ့မှာ ညီမလေး လင်း အခုလိုလုပ်သွားသည်ကို ဘယ်လို နည်းနှင့်မှ မယုံကြည်နိုင်ပါ။ ပြီးတော့ လင်းမှာ ချစ်သူရည်းစားဆို တာမျိုးလည်း ရှိသည်ဟုလည်း ဖွဲ့ တစ်ခါမျှ မကြားဖူးခဲ့ပါ။

တကယ်တော့ ဖွဲ့နှင့်လင်းမှာ သိပ်ချစ်သော ညီအစ်မ



အရင်းများဖြစ်ပေမယ့် စရိုက်ချင်းကတော့ တခြားစီဖြစ်သည်။ ဖွဲ့သည် ခေါင်းမာတတ်သော အကျင့်ရှိ၍ ဘယ်အရာမဆို လက်တွေ့ဆန်ဆန် ဖြေရှင်းတတ်သူဖြစ်သည်။ လင်းကတော့ ပျော့ပျော့နွဲ့နွဲ့ဖြင့် ကလေးဆန်တတ်သူလေးဖြစ်သည်။ သူမတို့ နှစ်ယောက် အသွင်စရိုက်ဘယ်လောက်ပင် ခြားနားပါစေ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြပါသည်။

ဖွဲ့ ပြန်ရောက်ရောက်ချင်း မယုံနိုင်စရာသတင်းနှစ်ခုက သူမကို ဆီးကြိုနေလေသည်။ ကိုမင်းဝေစိုး ရုတ်တရက် ကားအက် ဆီးဒင့်ဖြစ်ကာ ဆုံးသွားသည့်ကိစ္စနှင့် ညီမလေးလင်း ချစ်သူနောက် ခိုးရာလိုက်သွားသည်ဆိုသော သတင်းနှစ်ခုပင်ဖြစ်သည်။ သတင်း နှစ်ခုလုံးအတွက် ဖွဲ့မှာ မယုံကြည်နိုင်လောက်အောင် ဖြစ်နေရပါ သည်။

လင်းမှာ ချစ်သူရည်းစားရှိဖို့ နေနေသာသာ ဖွဲ့ကိုမင် ယောကျ်ားလေးများနှင့် အရောတဝင် တွဲနေခြင်းကို သူမလေးက လုံးဝဘဝင်မကျသူဖြစ်သည်။

ဖွဲ့သည် ကွန်ပျူတာနှင့် ကျောင်းပြီးထားသလို လင်းမှာ လည်း စီးပွားရေးတက္ကသိုလ်မှ ဘွဲ့တစ်ခုကို ရရှိထားပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မနှစ်ယောက် စရိုက်ချင်း ခြားနားပေမယ့် ကံအကျိုးပေး ကြောင့်လားတော့မသိ အလှအပတွင်တော့ သူမတို့နှစ်ဦးစလုံးမှာ တစ်ယောက်တစ်မျိုးစီ လှလွန်းကြသည်ဟု သူမတို့အသိုင်းအဝိုင်း က ပြောစမှတ်ပြုရလောက်အောင် ဘဝအကျိုးပေး ကောင်းလွန်းသူ လေးများဖြစ်သည်။

လင်း ချစ်သူနောက် လိုက်သွားသည်ဆိုသော သတင်းကို တော့ လင်းအကြောင်းနှင့် လင်းစိတ်ကို သိနေသော ဖွဲ့မှာ မယုံ ကြည်နိုင်သေးပါ။ တစ်ခုခု လွဲမှားနေခြင်းသာ ဖြစ်ပါလိမ့်မည်။

ကိုမင်းဝေစိုးနှင့် ဖွဲ့မှာ သူမ နိုင်ငံခြားသို့ အလည်မသွား ခင်ကာလက တစ်ယောက်နှင့်တစ်ယောက် ပြဿနာလေးတွေတော့ ရှိခဲ့ဖူးပေမယ့် ယခုလို ရုတ်တရက် ကွယ်လွန်သွားသည်ဆိုတာကို သိလိုက်ရတော့ ရင်ထဲမှာ အတော်လေး ပိုထိခိုက်ခိုက် ခံစားမိ ပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် လင်းကို ဖွဲ့ တွေ့ရမည်။ လင်းနှင့် ပတ်သက်ပြီး အဖြေတစ်ခုခုကို သူမ သိချင်နေမိသည်။ လင်းနှင့် တွေ့ဆုံဖို့ သူမ ဆုံးဖြတ်လိုက်ပြီး ကားလေးကို ခြံကြီးထဲမှ မောင်း ထွက်လာခဲ့လိုက်သည်။





ထူးထက်ခေါင်မှာ ပိတ်ထားသော လင်းအခန်းတံခါးကို ကြည့်ပြီး ရှေ့ဆက် ဘာဆက်လုပ်ရမှန်းပင် မသိတော့။

ကားပေါ်တွင် ကျန်ရစ်ခဲ့သော သူမ၏ စလင်းဘက်အိတ် လေးကို ကိုင်ပြီး အခန်းရှေ့မှနေ၍ အခန်းထဲမှ သူမအသံကို နားစွင့် ပြန်တော့လည်း ဘာအသံမှ မကြားရလောက်အောင် တိတ်ဆိတ် နေရသည်မို့ လင်းအခန်းရှေ့တွင် ရပ်နေမိသည်။

ထိုစဉ် လင်း၏ စလင်းဘတ်အိတ်လေးထဲမှ ဟမ်းဖုန်းလေး ၏ ဖုန်းခေါ်သံလေး မြည်လာသဖြင့် ထူးထက်ခေါင်မှာ ဖုန်းလေးကို ယူကာ ဖွင့်နားထောင်လိုက်မိသည်။

သူ ဘာမှမပြောမိသေးခင်မှာပင်…

"ဟဲလို…လင်းလား၊ ဖွဲ့ပါ"

ရုတ်တရက် ဖုန်းလေးထဲမှ ဖွဲ့ဆိုသော မိန်းကလေး၏ အသံကို ကြားလိုက်ရသဖြင့် သူ့မျက်နှာတစ်ခုလုံး အေးစက် တင်းမာသွားရပါသည်။

မင်းရဲ့ သစ္စာတရားမဲ့မှုအတွက် နာကျင်ခံစားဖို့ မင်းနှလုံး သားကို အသင့်ပြင်ထားပေတော့ ဖွဲ့။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ ပြန်ထူးသံ မကြားရသဖြင့် အသံပြုနေသော ဖွဲ့အား…

"နားထောင်နေပါတယ် ဖွဲ့၊ ပြောပါ မင်းဘာပြောချင်လို့လဲ"

"ရှင်"

ထူးထက်ခေါင်၏ အေးစက်မာကြောသော စကားသံကို မမျှော်လင့်ဘဲ ကြားလိုက်ရသည့်အတွက် တစ်ဖက်မှ အံ့သြသွားဟန်ဖြင့် အာမေဋိတ်အသံလေး ထွက်လာရသည်။

"ရှင်…ရှင်"

"ဟုတ်တယ်၊ ကိုယ့်နာမည် ထူးထက်ခေါင်၊ လင်းနဲ့အတူရှိနေတဲ့သူဆိုပါတော့၊ တစ်နည်းအားဖြင့် ပြောရရင်တော့ ကိုမင်းဝေစိုးရဲ့ညီ ထူးထက်ခေါင်ဆိုပါတော့"

"ဟင်…ကိုမင်းဝေစိုးရဲ့ညီ ဟုတ်လား"

"ဟုတ်တယ် ဖွဲ့၊ ပြော မင်းဘာပြောချင်လို့လဲ"

လုံးဝထင်မှတ်မထားသည့် စကားကို သူ့ထံမှ ကြားလိုက်ရ၍ထင် တစ်ဖက်မှ အတန်ကြာအောင် တိတ်ဆိတ်ငြိမ်သက်သွားသည်ကို သူသိလိုက်ပါသည်။



"ရှင်နဲ့ ညီမလေးလင်းနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"ဘယ်လိုပတ်သက်နေသလဲဆိုတာက မင်းမြင်တဲ့ကြားတဲ့အတိုင်းပေါ့ ဖွဲ့၊ ဒါပေမယ့် လင်းက ငါနဲ့မနေချင်ဘူးတဲ့၊ ဒီတော့ လင်းနဲ့ပတ်သက်တဲ့ အကြံဉာဏ်တစ်ခုခုလောက် အကောင်းဆုံးဖြစ်အောင် ဖွဲ့ဆိုတဲ့ မင်းက ပေးမှဖြစ်မယ်"

"ရှင်…ရှင် ဘာရည်ရွယ်ချက်နဲ့ လင်းကို အခုလိုလုပ်ရတာလဲ"

"ရည်ရွယ်ချက် ဟုတ်လား၊ အဲဒီရည်ရွယ်ချက်က သစ္စာတရားဟာ ဘယ်လောက်ထိ အရေးပါသလဲဆိုတာကို ဖွဲ့ဆိုတဲ့ မင်း သိစေချင်လို့ပေါ့"

"ရှင်"

"ဟုတ်တယ်၊ သစ္စာမရှိတဲ့ မင်းလုပ်ရပ်ကြောင့် ကိုကိုမင်းဝေစိုး ဒီလောကက ထွက်ခွာရတယ်မဟုတ်လား"

"အဲဒီအတွက် ငါ နာကျင်ကြေကွဲ ခံစားရသလို ဖွဲ့ဆိုတဲ့မင်းလည်း ကိုယ်ချင်းစာစေချင်လို့ပါ"

"ဖွဲ့ကိစ္စက ညီမလေး လင်းနဲ့ ဘာမှမပတ်သက်ဘူး၊ ရှင် ယုတ်မာလှချည်လား"

www.burmeseclassic.com

www.burmeseclassic.com



"မင်းထင်ချင်သလိုထင်၊ ငါ ဂရုမစိုက်ဘူး၊ မကြာခင် မင်းရှေ့ကို ရင်ကွဲပက်လက်နဲ့ မင်းညီမ ရောက်လာစေရမယ်"

ပြောပြီးနောက် သူ ဖုန်းကို လုံးဝပိတ်ပစ်လိုက်သည်၊ မင်းအတွက် အပြစ်ဒဏ်တွေကို ကံကြမ္မာက ပေးလိမ့်မယ် နှဲ၊ ခုလောလောဆယ်တော့ မင်း ဒီလောက်ပဲ ခံစားလိုက်ပါဦး

ဖွဲ့နှင့် ဖုန်းပြောပြီးနောက် ထူးထက်ခေါင် ခြေလှမ်းများ က အခန်းတံခါးဆီသို့ သွားရန် ခြေလှမ်းပြင်လိုက်သည်နှင့်…

"ဂျောက်"

တံခါးဂျက်ဖွင့်သံနှင့်အတူ အခန်းတံခါးဝမှ ပေါ်လာသူ က ရွှေစင်ရုပ်လေး သွန်းထုထားသည့်အလား လှနုးစွာလှပလွန်း သူ လင်းရယ် ဖြစ်ပါသည်။

ငိုထားရလွန်းသဖြင့် နှာသီးထိပ်ဖျားလေးပင် နီရဲလျက် နှမ်းလျှလျှအသွင်လေး ရှိနေသည့်တိုင် အလှမပျက်ဘဲ ဝင်းဝင်း စက်စက်လေး လှပနေသည့် လင်း၏ ချစ်စရာမျက်နှာလှလှလေး ကို ထူးထက်ခေါင်မှာ တစ်ချက် ငေးခနဲ စူးစိုက်ကြည့်မိသွားရ သည်။

ထို့နောက် သူ့ခြေလှမ်းများက အလိုလိုပင် သူမရှိရာအနား



သို့ ရောက်ရှိသွားရသည်နှင့်…

"လင်း သွားတော့မယ်"

"ဟင်"

သူ့ကိုမကြည့်ပါဘဲနှင့် ရုတ်တရက် အဆက်အစပ်မရှိ ပြောလိုက်သော လင်းကို ထူးထက်ခေါင်သည် အံ့ဩမှုများနှင့် နားမလည်နိုင်အောင် ဖြစ်သွားရကာ ခြေလှမ်းများကလည်း သူမ အနား ပိုမိုတိုးကပ်သွားရပြီး…

"စောစောက မင်း ဘာပြောလိုက်တယ်"

"ဒီမှာမနေချင်ဘူး၊ သွားတော့မယ်လို့ပြောတာ"

"ဘယ်ကိုသွားမှာလဲ"

"တစ်နေရာရာပေါ့"

ပြောရင်းမှ ထူးထက်ခေါင်လက်ထဲက သူမ စလင်းဘက် အိတ်ကလေးကို မြင်သွားပြီး…

"ပေးပါ စလင်းဘက်အိတ်"

"မပေးဘူး၊ မင်းဘယ်မှမသွားရဘူး"

"ဘာရှင့်"

"မင်းနဲ့ကျူပ်ကိစ္စကို ဒီနေ့တော့ ပွင့်ပွင့်လင်းလင်း

www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးရမယ်"

"အို…ရှင်နဲ့ ဘာမှဆွေးနွေးစရာမလိုဘူး"

"မလိုလို့မရဘူး၊ ခုဆိုရင် မင်းနဲ့ကျုပ်အကြောင်းကို မင်းအသိုင်းအဝိုင်းက မိတ်ဆွေသူငယ်ချင်းတွေအားလုံး သိကုန်ပြီ"

"အခုဖြစ်တဲ့ကိစ္စအားလုံးဟာ ကျုပ်ကြောင့်ဆိုတာ ကျုပ်ဝန်ခံတယ်"

"အဲဒီအတွက် မင်း ကျုပ်ကို ဘာလုပ်ချင်သလဲ၊ ရဲတိုင်မလား၊ ထောင်ချမလား၊ ကျုပ်ကို ကြိုက်သလို လုပ်နိုင်တယ်၊ ဒီအတွက်လည်း မင်းကို ကျုပ်စိတ်မဆိုးပါဘူး လင်း"

"မပြောနဲ့၊ ရှင့်အသံကို မကြားချင်ဘူး"

လင်း၏အသံတုန်တုန်လေးက ခပ်စွာစွာ ထွက်ပေါ်လာရသည်။

"မကြားချင်လို့မရဘူး လင်း၊ ခုကိစ္စက မင်းနဲ့ကျုပ်ပြေပြေလည်လည် ဆွေးနွေးမှဖြစ်တော့မယ်"

လင်း၏အကြည့်များက သူ့ထံသို့ စူးခနဲရောက်ရှိလာပြီးနောက် သူ့အနားမှ ချာခနဲ လှည့်အထွက်…

"အို"



သူမထွက်သွားမှာကို စိုးရိမ်စိတ်ဖြင့် သူမလက်ကလေးကို အရှိန်နှင့် လှမ်းဆွဲလိုက်သော ထူးထက်ခေါင်ကြောင့် လင်းကိုယ်လေးမှာ အရှိန်မထိန်းနိုင်တော့ဘဲ ထူးထက်ခေါင် ရင်ခွင်ထဲသို့ ထွေးခနဲ ပြိုယိုင်ကျသွားရသည်။

"ဟင်…ရှင် ဒါဘာလုပ်တာလဲ၊ လွှတ်"

"ဟာ…ဆောရီး…ဆောရီး၊ ကျုပ်က အမိထွက်သွားမှာစိုးလို့ စိတ်စောပြီး လှမ်းဆွဲလိုက်မိတာ"

"ရှင်နော် စကားပြောရင် ပါးစပ်နဲ့ပြော၊ လင်းအသားကို ရှင် ထိစရာမလိုဘူး"

"မင်းစကားက ဘယ်လိုလဲကွ၊ ဘယ်သူကရော မင်းအသားကို ထိချင်နေလို့လဲ"

"ဒါတော့ ကိုယ့်ကိုယ်ကို သိမှာပေါ့"

"မင်းကွာ"

ထူးထက်ခေါင်မှာ မချင့်မရဲဖြစ်စွာ ညည်းညူလိုက်မိသည်။

"ဟွန်း"

ထို့အတူ လင်း၏စိတ်ကို စိတ်ညစ်နေရသော မျက်နှာဝင်း

www.burmeseclassic.com

www.burmeseclassic.com



ဝင်းမှုန်မှုန်လေးကို ထူးထက်ခေါင်သည် မျက်မှောင်တွန့်ကာ ကြည့်မိသွားရသည်။

ကြည့်နေရင်းက သူ့ရင်မှာ တစ်မျိုးကြီးဖြစ်လာရသည်။

မှန်ပါသည်။

ထူးထက်ခေါင်ကား ရင်ထဲတွင် တစ်ကြိမ်တစ်ခါမျှ မဖြစ်ပေါ်ဖူးခဲ့ဘူးသော ထူးခြားဆန်းသစ်သည့် ဝေဒနာခံစားချက်များဖြင့် နှလုံးသားလေးက တဆတ်ဆတ်တုန်ခါ သွားရသလိုလိုမို့ လှုပ်ရှားသွားရသော ရင်အစုံကို ထိန်းသိမ်းရင်းက သက်မတစ်ချက်ကို ကျိတ်ချလိုက်သည်။

"ဟင်း"

သည်နောက် ထူးထက်ခေါင်သည် လင်းထံမှ အကြည့်များကို ဣန္ဒြေကြီးစွာ လွှဲယူလိုက်ရင်း သူ့ရင်ခုန်သံများကို ထိန်းချုပ်လိုက်သည်။

"ကဲ ရှင် ရှင်းပြပါဦး၊ လင်းကို ဘာကြောင့် ခုလိုခေါ်လာရတယ်ဆိုတဲ့အကြောင်း"

ထူးထက်ခေါင်မှာ လှပလွန်းသော လင်းမျက်နှာလေးကို တစ်ချက်ကြည့်လိုက်ပြီးနောက်...



"သစ္စာမဲ့တဲ့ လင်းအစ်မ ဖွဲ့ကြောင့်ပေါ့၊ သူ့ သစ္စာမဲ့မှုကြောင့် ကိုကိုမင်းဝေစိုး အဖြစ်ဆိုးနဲ့ သေဆုံးသွားခဲ့ရတာ"

"အဲဒီအတွက် သစ္စာမရှိတဲ့ ဖွဲ့ကို တန်ပြန်နာကျင်စေချင်လို့ လင်းကို ခေါ်ခဲ့မိတယ်ဆိုတာ ကိုယ် အမှန်အတိုင်း ဝန်ခံပါရစေ"

"ဩော်"

ထူးထက်ခေါင်၏အပြောကို အေးစက်စက်ဖြင့် တုံ့ပြန်လိုက်သည့် လင်းမျက်နှာလှလှလေးမှာတော့ တင်းမာခက်ထန်နေရပါသည်။

"ရှင့်ရဲ့ တန်ပြန်နာကျင်စေမှုထဲမှာ ခားစာခံက လင်းပေါ့ ဟုတ်လား"

လင်းစကားမှာ နာကြည်းစိတ်၊ ခံပြင်းစိတ်လေးများ သိသိသာသာ ပါသွားရသည်ကို သတိထားလိုက်မိသော ထူးထက်ခေါင်ရင်ထဲမှာ ကျဉ်ခနဲနေအောင် နာသွားရပါသည်။

"ဒီထက်မက ကိုယ့်ကို လင်း ပြောသင့်ပါတယ်၊ လင်းပြောသမျှကိုလည်း ကိုယ် ခံပါ့မယ်၊ အခုကိစ္စအားလုံးအတွက် ကိုယ့်မှာ တာဝန်ရှိပါတယ်၊ ဒါကြောင့် ကိုယ် လင်းကို လက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ပါရစေ"

"ဘာ…ရှင် ဘာပြောတယ်"

"ကိုယ် လင်းကို လက်ထပ်ပါရစေလို့ ပြောတာပါ"

"အို"

လင်းက ရုတ်တရက်မှာတော့ဖြင့် ရှက်ခြင်း၊ ကြောက်ခြင်းများဖြင့် မျက်နှာလှလှလေး နီရဲထူအန်းသွားရသည်။

"ရှင်…ရှင် စကားတွေက စော်ကားလှချည်လားဟင်၊ ဘာလဲ ရှင်က အခုအချိန်မှာ ရှင့်လက်ခုပ်ထဲက ရေဆိုပြီး ရှင်လုပ်ချင်တိုင်းလုပ်လို့ရမယ် ထင်နေလား"

"ဟာ…ဟိတ် လင်း အထင်လွဲနေပြီ၊ မင်းထင်သလိုလုံးဝမဟုတ်ဘူးကွ"

"ဘယ်လို…အထင်လွဲနေတယ် ဟုတ်လား ဦးထူးထက်ခေါင်"

"ဟုတ်တယ်၊ ကိုယ်ပြောတာက လင်းကို ဒီသဘောမျိုးနဲ့ ပြောတာမဟုတ်ဘူး"

"အဟွန်း…ပြောပါဦး၊ ဘယ်လိုသဘောမျိုးလဲဆိုတာ"

လှောင်သလို ပြောင်သလို မျက်နှာပေးဖြင့် ပြောလာသော



လင်းကြောင့် ထူးထက်ခေါင်၏ မျက်နှာချောချော တင်းမာသွားရကာ ရင်မှ မခံချင်စိတ်လေးများကို တဖြည်းဖြည်း လျှော့ချလိုက်ပြီးကာမှ…

"ကိုယ်ပြောတာ သေချာနားထောင်ပေးပါ လင်း၊ လင်းကို ခုချိန်မှာ အားလုံးသိထားတာက လင်းဟာ ယောကျ်ားတစ်ယောက်နဲ့ ခိုးရာလိုက်ပြေးသွားပြီဆိုတဲ့ သတင်းပဲ"

"ရှင်…ရှင်"

"ဟော့…ဟော့"

"ဒေါသမကြီးနဲ့ဦးလေ၊ ကိုယ်ပြောတဲ့စကားက မဆုံးသေးဘူး"

ထူးထက်ခေါင်စကားကို လင်းမှာ ဒေါသလေးများဖြင့် နှုတ်ခမ်းဖူးဖူးလေးကို စူလျက်က မကျေမနပ်လေး နားထောင်နေရသည်။

ရှက်ကြောက်မှု ဒေါသများဖြင့် ပန်းသွေးရောင်တောက်နေသော လင်း၏ လှပလွန်းသော မျက်နှာလေးကို ထူးထက်ခေါင်မှာ အကြည့်စူးစူးများဖြင့် တစ်ချက်စိုက်ကြည့်ရင်းက စကားဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တမ်း သူတို့ထင်သလို မဟုတ်ပါဘူးဆိုတာကို လင်း ဘယ်လိုလိုက်ရှင်းပြမလဲ၊ ရှင်းပြတော့ရော လူတွေက ယုံမှာတဲ့လား"

"ယုတ်စွအဆုံး လင်းဒက်ဒီတောင် လင်းရဲ့ရှင်းပြမှုကို ယုံယုံကြည်ကြည်နဲ့ လက်ခံခဲ့လို့လား"

သည်လိုကျပြန်တော့လည်း ထူးထက်ခေါင်စကားတွေက မှန်နေသဖြင့် လင်းမှာ ငြိမ်ကျသွားရသည်။

သူပြောတာလည်း ဟုတ်သည်ပဲလေ။ လင်းအဖြစ်ကို လင်းဒက်ဒီကပင် ရှင်းပြခွင့်မပေးနိုင်အောင် မယုံကြည်မှတော့ တခြားသူများဆိုတာကတော့ တွေးကြည့်နေစရာပင် မလိုတော့။

သို့ပေမယ့်လည်း လင်းသည် တဇွတ်ထိုးဆန်လှသော လူရမ်းကားကြီး သူ့ကို နည်းနည်းလေးမှ အလျှော့မပေးချင်သည်မို့

"အခု ရှင့်ရည်ရွယ်ချက်အတိုင်း အကောင်အထည်ဖော်ခလိုက်နိုင်တော့ ရှင် ကြည်နူးပီတိဖြစ်နေပြီမဟုတ်လား"

"တကယ်တော့ ရှင် လူယုတ်မာပဲ၊ ရှင်ပြောတဲ့အတိုင်း ရှင့်ကို လက်မထပ်နိုင်ဘူး၊ ဒီကိစ္စကိုလည်း လင်း လုံးဝသဘောမတူဘူး"



"တကယ်တော့ ကိုယ့်ရဲ့ တဇွတ်ထိုးဆန်တဲ့စိတ်ကြောင့် ကိုယ်မှားသွားတယ်ဆိုတာကို ဝန်ခံပါတယ်၊ ဒါပေမယ့် အခုချိန်ထိ လင်းအပေါ်မှာ ကိုယ် ဘာမှမယုတ်မာခဲ့ဘူး"

"ဘာမယုတ်မာတာလဲ၊ ဒီလိုဖြစ်အောင် ရှင် တမင်ဖန်တီးခဲ့တာ မဟုတ်လား လူယုတ်မာကြီးရဲ့"

လင်းထံမှ မထင်မှတ်သည့်စကားကို ကြားလိုက်ရတော့ ယောကျ်ားပီသသော ထူးထက်ခေါင်၏ မျက်နှာချောချောက ချက်ချင်းပင် တည်တင်းသွားရကာ စိတ်မြန်ကိုယ်မြန်သမားပီပီ စိတ်က မဆင်ခြင်မိခင်မှာပင် လက်က လင်း၏ပခုံးကို ဆွဲဆောင့်ပြီး ဖြစ်သွားရသည်။

"အို"

ပြောတုန်းကတော့ ဘာရယ်မဟုတ် ဒေါသဖြစ်ဖြစ်နှင့် ပြောချလိုက်သော လင်းမှာ အခုလိုကျပြန်တော့လည်း မျက်ဝန်းလေး အပြူးသားနှင့် အလန့်တကြားလေး ဖြစ်သွားရသည်။

"ဟူး"

မျက်ဝန်းပြာကြီးလဲ့လဲ့ဖြင့် သူ့အား ကြောက်ရိပ်ဝိုင်းနေသော လင်းမျက်ဝန်းလေးကို ကြည့်ပြီး ထူးထက်ခေါင် သက်ပြင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိုက်လိုက်သည်။

ယခုကိစ္စသည် သူ တမင်ဖန်တီးခဲ့သောကိစ္စဆိုသည်မှာ လင်း ပြောသလို မှန်နေရသည်မို့ ရုတ်တရက် ထွက်လာရသော ဒေါသစိတ်ကလေးများကို ချက်ချင်းမျိုသိပ်ပစ်လိုက်ရင်းက တုန့်လှုပ်ချောက်ချားနေရသော လှပလွန်းသော လင်း၏မျက်နှာလေးကို မချင့်မရဲဖြင့် စူးစူးစိုက်စိုက်လေး ကြည့်လိုက်ပြီး…

"ကောင်းပြီလေ၊ မင်းပြောသလို ကိုယ်ဟာ လူယုတ်မာပဲ ထားလိုက်ပါတော့၊ ကိုယ်ပြောတဲ့ကိစ္စကို မင်းသဘောမတူဘူးဆိုလည်း ရှေ့ဆက် မင်း ဘယ်လိုလုပ်ဖို့ စိတ်ကူးထားလဲ"

"ဒါ ရှင့်အပူ မဟုတ်ပါဘူး"

"ဟုတ်တယ်လေ ပူရမှာက မင်းပါပဲ"

"ဟင်…ဘာရှင့်"

မဆင်မခြင် ပြောလိုက်သော ထူးထက်ခေါင်စကားကြောင့် လင်းမျက်နှာလှလှလေးက ရဲပဒေါင်းခတ်သွားရသည်။

"ကျုပ်ပြောတာက"

"တော်…တော်"

"အခုက တော်နိုင်းပေမယ့် မတော်နိုင်သေးဘူး"





"ရှင်နော် မပြောနဲ့ဆိုတာ"

သူမကို ဘာပြောပြော တစ်ခွန်းမခံ ပြန်ရန်စွာနေသူလေး၏ လှပလွန်းသော မျက်နှာလေးက ထာဝရအေးစက်နေရသည့် ထူးထက်ခေါင်၏ နှလုံးသားလေးကို ပူနွေးသွားစေရသလို နှုတ်ခမ်းတစ်စုစု မျက်စောင်းတချီချီ ရှိနေရသည့် သူမလေးကြောင့်လည်း ထူးထက်ခေါင်သည် အသည်းတယားယားနှင့် မချင့်မရဲဖြစ်သွားရသည်။

"ကိုယ်မှားတယ်လို့ မင်းကို တောင်းပန်ပြီပဲ၊ ကိုယ်ပြောနေတာတွေဟာ လင်းအတွက်ဆိုတာ ဘာလို့ နားမလည်နိုင်ရတာလဲဟင်"

"နားလည်ရမယ် ဟုတ်လား၊ လင်းက ဘာကိုနားလည်ရမှာလဲ"

စိမ်းလဲ့နေရသော အကြည့်များဖြင့် သူ့အား စူးစူးဝါးဝါးလေး တုန့်ပြန်စိုက်ကြည့်နေသော လင်း၏အကြည့်နှင့် အပြောတွေက ထူးထက်ခေါင်အတွက် အခံရခက်ခက်နှင့် ဒေါသလေး ဖြစ်လာစေရသည်မို့…

"လင်းကို ကိုယ် လက်ထပ်ပါရစေဆိုတဲ့စကားက မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးဖြစ်တဲ့ လင်းသိက္ခာကို ငဲ့ညှာလို့ ကိုယ်ပြောနေတာကွ”

“ပြီးတော့ အများအမြင်မှာ အမြင်တင့်အောင် လင်းနဲ့ ကိုယ် ဟန်ဆောင်လက်ထပ်ရုံ လက်ထပ်ကြမှာ”

“ရှင်…ဘယ်လို၊ ရှင် ဘာပြောလိုက်တယ်၊ ဟန်ဆောင် လက်ထပ်ကြမှာ ဟုတ်လား”

“ဟုတ်တယ်၊ လက်ထပ်တယ်ဆိုပေမယ့် အမိကို ကျုပ် လက်ဖျားနဲ့တောင် ထိမှာမဟုတ်ဘူး၊ စာချုပ်တစ်ခုပေါ်မှာ ဟန်ဆောင်လက်ထပ်ရုံပဲ ရှိတာ”

“မင်း သေချာစဉ်းစားပေါ့၊ လူတွေအားလုံးကတော့ မင်းကို ခိုးရာလိုက်သွားတဲ့ မိန်းကလေးအဖြစ် သိကြမြင်ကြတာ”

“ဒါကို မင်းက ဘာမှမဖြစ်တဲ့ပုံစံနဲ့ ပြန်သွားရင် မင်းကို လူတွေက ဘယ်လိုမြင်ကြမလဲ၊ သူတို့ရဲ့အကြည့်နဲ့ အပြောတွေကို ရော မင်း ရင်ဆိုင်မှာလား”

“လင်း”

သူပြောတာတွေကလည်း မှန်နေသဖြင့် ရုတ်တရက်မှာ တော့ လင်း သူ့အား ဘာပြန်ဖြေရမှန်းမသိအောင် မျက်နှာပျက်ပျက် လေးဖြင့် မျက်လွှာလေး ချသွားသည်။





“ကဲပါလေ…ဒီလောက်လည်း မျက်နှာပျက်မနေပါနဲ့၊ ဖြစ်နိုင်တဲ့သဘောကို ကိုယ်ကပြောပြတာပါ”

“အဲဒါတွေအားလုံးဟာ ရှင့်ကြောင့်…ရှင့်ကြောင့်၊ အဟင့် ဟင့် ဟင့်”

သူပြောလိုက်ကာမှ လင်းသည် မျက်ရည်များ ပိုးပိုးပေါက် ပေါက် ကျဆင်းလာရသည်။

“ရော…ဒါက ဘယ်လိုဖြစ်တာလဲ”

အနီးရှိဆိုဖာခုံတွင် ဝင်ထိုင်ကာ ဝမ်းပန်းတနည်းငိုရှိုက်နေ သော လင်းအနီးသို့ ထူးထက်ခေါင် ထိုင်လိုက်ပြီး မျက်မှောင်ကြီး တွန့်ကာ မေးလိုက်သည်။

“ရှင်…ဘာအပြုံးနဲ့ လင်းကို ဒုက္ခပေးရတာလဲ၊ အဟင့် ဟင့်”

သူ့အား မော့မော့လေး ကြည့်ကာ ငိုရှိုက်ရင်းမှ မေးလာ သည့် ဝင်းဝင်းပပလှနေသည့် လင်း၏မျက်နှာလေးကိုကြည့်ပြီး သူ့နှလုံးသားထဲမှ ထိန်းမရသိမ်းမရစိတ်တွေ လှုပ်ရှားလာရသော ထူးထက်ခေါင်မှာ သူကိုယ်တိုင် သူမလေးကို သနားကရုဏာသက် မိသွားရသည်က ဘာကြောင့်ရယ်မသိ။’



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ထူးထက်ခေါင်သည် သူ့စိတ်ကို သူ အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းလိုက်ပြီး…

"လင်းကို ကိုယ်ရှင်းပြပြီးပြီလေ၊ အစကတော့ ကိုယ့်ရဲ့ တဖွတ်ထိုး မခံချင်စိတ်ကြောင့် ဒီလိုလုပ်လိုက်မိရပေမယ့် အခု တကယ်တမ်း ပြန်စဉ်းစားကြည့်တဲ့အခါ ကိုယ့်ရဲ့လုပ်ရပ်တွေဟာ ဘာအဓိပ္ပာယ်မှမရှိဘဲ အားလုံးကို ဒုက္ခရောက်သွားစေရတယ်ဆိုတာ ကို ကိုယ် တဖြည်းဖြည်း သဘောပေါက်လာရပါတယ်"

"အထူးသဖြင့် ဘာမှမဆိုင်တဲ့ လင်းကို ကိုယ် သက်သက်မဲ့ ဒုက္ခရောက်စေရတဲ့အတွက် ကိုယ့်ကို ခွင့်မလွှတ်နိုင်ပေမယ့် ဒီအချိန်မှာတော့ ခွင့်လွှတ်ပါလို့ပဲ ကိုယ်တောင်းပန်ပါရစေ၊ ကိုယ် ပြောတဲ့စကားတွေကလည်း ကာယကံရှင် လင်းကိုယ်တိုင်ပဲ ဆုံးဖြတ်လို့ရမယ့်ကိစ္စတွေပါ၊ ကိုယ်ကတော့ ဖြစ်သင့်ဖြစ်ထိုက်တာကို ပြောပြရုံပဲ တတ်နိုင်တာပါ"

တည်ငြိမ်သော မျက်နှာနှင့် လေးနက်စွာ တစ်ခွန်းချင်းပြောနေသည့် သူ့စကားများကို နားထောင်ပြီး လင်းသည် ရင်မှာ လှိုက်ခနဲ ဖြစ်သွားရသည်။

ဟုတ်တော့လည်း ဟုတ်သည်။



ထူးထက်ခေါင် ကိုကိုမင်းဝေစိုး ရုတ်တရက် သေဆုံးသွားရသည့်ကိစ္စက မမဖွဲ့ ပယောဂနှင့် မကင်းတာတော့ အမှန်ပဲဖြစ်သည်။ ညီအစ်မချင်းပေမယ့် လင်းနှင့်ဖွဲ့က စရိုက်ချင်းကွာခြားသလို ဖွဲ့ နေပုံထိုင်ပုံကိုလည်း လင်း မကြိုက်၍ အတန်တန် သတိပေးပေမယ့် ဖွဲ့ကတော့ ဂရုစိုက်ပုံမပေါ်ပါ။ ဒါကြောင့်လည်း ဖွဲ့အတွက်နှင့် ဘာမဆိုင် ညာမဆိုင် လင်းက ဒီအဖြစ်မျိုးနှင့် ဆုံတွေ့နေရခြင်း ဖြစ်သည်။

ညီအစ်မနှစ်ယောက်တည်းမို့ တစ်ဦးကိုတစ်ဦး အရမ်းချစ်သည်မှာ မှန်သော်လည်း အခုအချိန်တွင် လင်းသည် ဘယ်သူ့နှင့်မှ မတွေ့ချင်တော့။ အားလုံးကို စိတ်နာသည်။ ထို့အတူ ဒက်ဒီသည်လည်း လင်းကို ကောင်းကောင်းကြီးအထင်လွဲကာ သမီးအဖြစ်ကပင် စွန့်လွှတ်လိုက်ပြီဖြစ်သည်။ လင်းမှာ အားလုံးကို စိတ်နာနာနှင့် သူတို့နှင့်ဝေးရာ အဝေးဆုံးကိုသာ ထွက်ပြေးလိုက်ချင်တော့သည်။

ရှေ့ဆက်ရမည့် [illegible]မ အနာဂတ်အတွက် လင်းမှာ တွေးရင်းတွေးရင်းနှင့် ခေါင်းတွေရှုပ်လာရကာ အအိပ်ပျက်၊ အစားပျက်နှင့် စိတ်ပင်ပန်း လူပင်ပန်းဖြစ်ထားရသည့် ဒဏ်ကြောင့် လင်းမှာ မိုက်ခနဲ ဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ဖြူဖျော့သွားရသည့် လင်းမျက်နှာလေးကို ကြည့်ကာ ထူးထက်ခေါင်မှာ စိုးရိမ်သွားရကာ…

"ဘာဖြစ်လို့လဲဟင်၊ နေမကောင်းလို့လား"

"ခေါင်းထဲမှာမူးနေတယ်၊ လင်း လင်း ဖျားပြီလားမသိဘူး"

"ကိုယ့်ကိုပြပါဦး၊ မှန်းစမ်း"

ပြောပြောဆိုဆို လင်းနဖူးပြင်လေးကို ထူးထက်ခေါင်မှာ သူ့လက်ဖဝါးဖြင့် စမ်းသပ်လာသည်ကြောင့် လင်းမှာ မျက်နှာလှလှလေး ရဲခနဲ ဖြစ်သွားရပါသည်။

"ကိုယ်တော့မပူပါဘူး၊ လင်း စိတ်ပင်ပန်းလူပင်ပန်းဖြစ်လို့ နေမှာပါ၊ အခန်းထဲမှာ အနားယူလိုက်ပါလား"

ခေါင်းလေးညိတ်ပြပြီး အခန်းလေးဆီသို့ ထွက်သွားသော လင်း၏ နောက်ကျောပြင်လေးအား ကြည့်ရင်း ထူးထက်ခေါင်၏ နှလုံးသားမှာ အမျိုးအမည် မဖော်ပြတတ်သော ဝေဒနာလေးများ ခံစားနေရပါလေတော့သည်။

၏ ၏ ၏

## အခန်း (၇)

"အင်း…အင်း…အား ချမ်းတယ်၊ ချမ်းတယ်၊ ဒက်ဒီရေ ဒက်ဒီ"

အဖျားတွေကြီးကာ ကိုယ်တွေ ခြစ်ခြစ်တောက်ပူနေသော လင်းအား စိုးရိမ်တကြီးဖြင့် တစ်ချိန်လုံး စောင့်ကြည့်နေသော ထူးထက်ခေါင်မှာ လင်းနှုတ်မှ ကယောင်ကတမ်း ညည်းညူသံလေးကြောင့် သူ့ကိုယ်ကြီး ဆတ်ခနဲမတ်သွားရသည်။

"လင်း…လင်း သတိထားလေ၊ သတိထား"

"အင်း…ဟင်း"

အဖျားသွေးကြောင့် မျက်နှာလေး ရဲတွတ်နီမြန်းလျက် မျက်ဝန်းအစုံကိုမှိတ်ကာ မှိန်းနေရှာသော လင်းသည် ထူးထက်ခေါင်

www.burmeseclassic.com

www.burmeseclassic.com



အသံကြောင့် မျက်ဝန်းကလေးများ ဖျတ်ခနဲ ဖွင့်ကြည့်လာ၏။

သည်နောက် သူမကိုယ်လေးကို အိပ်ရာပေါ်မှ လူးလဲထလိုက်သည်နှင့်…

"အို"

"ဟာ…ဟိတ်"

"အမေ့"

ယိုင်ခနဲ ဖြစ်သွားရသော လင်းကိုယ်လေးကို ထူးထက်ခေါင်သည် အသာပွေ့ယူဖမ်းထိန်းလိုက်ရင်းက စိုးရိမ်ကရုဏာ ဒေါသလေးများဖြင့်…

"မင်းကွာ လုပ်လိုက်မှဖြင့်၊ ဘာဖြစ်လို့ အိပ်ရာက ချက်ချင်းထရတာလဲ၊ ဒီလောက်ဖျားနေတဲ့ဥစ္စာ"

"ရှင်…လင်း ဖျားနေတယ်ဟုတ်လား"

ယခုမှ လင်းသည် သူမကိုယ်သူမ ပြန်၍သတိထားမိသွားရသည်။

ဟုတ်ပေသားပဲ။

သူမတစ်ကိုယ်လုံး ကိုယ်တွေ ခြစ်ခြစ်တောက်ပူ၍ အာခေါင်တွေ ခြောက်ကပ်နေရကာ မျက်လုံးထဲမှ အပူငိုးငွေ့တွေက



တရှိန်ရှိန်နှင့်ထွက်လျက် ခေါင်းတွေ အုံ့ခဲနေရသည့်အဖြစ်ကြောင့် သူမ ဖျားနေပြီဆိုတာကို လင်း သိလိုက်ရသည်။

တစ်ဆက်တည်း လင်းမှာ ကိုယ့်အဖြစ်ကို တွေးကာ အားငယ်စိတ်၊ ဝမ်းနည်းစိတ်များက လင်းကိုယ်ထဲသို့ အစုလိုက် အပြုံလိုက် ဝင်ရောက်လာကာ မငိုမိအောင် ထိန်းချုပ်ထားသည့်ကြားက မျက်ရည်ဥများက ပါးပြင်ပေါ်သို့ တစ်ပေါက်ချင်း လိမ့်ဆင်းကျလာရသည်။

"အဟင့်…ဟင့်…ဟင့်"

မှန်၏။ လင်းက ရင်မှာတလှပ်လှပ်ဖြင့် မူးဝေနောက်ကျိနေသည့်ကြားက အဖျားသွေးတို့ဖြင့် ငိုနေမိပါတော့သည်။

"ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်လို့ငိုတာလဲ၊ လင်းမသက်သာလို့လား၊ ရင်ထဲမှာ ပူနေလို့လား"

မျက်ရည်တွေဖြင့် ရွှဲနစ်လှပနေသော လင်းမျက်နှာလေးကို ထူးထက်ခေါင်သည် စိုးရိမ်ပူပန်စိတ်များဖြင့် ကြင်နာစွာ ငုံ့မိုးရှုးစိုက်ကြည့်ရင်းက ဂရုတစိုက်မေးနေသဖြင့် လင်းသည် ကလေးတစ်ယောက်လို ခေါင်းကို အသာခါပြရင်း…

"ဟင့်အင်း…ဘာမှမဖြစ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေး နွမ်းလျှလျှနှင့် အသံလေးတိုးဖျော့နေရသော လင်းကို…

"ဘာမှမဖြစ်ဘူးလည်း ဆိုသေးတယ်၊ မင်း ဘာဖြစ်လို့ ငိုနေရတာလဲ၊ ဘာလဲ ခေါင်းကိုက်လို့လား"

"အင်း"

ဘာမှရှင်းမပြချင်တော့သည်မို့ လင်းမှာ သူ့စကားအတိုင်း ပင် ခေါင်းလေးညိတ်ပြလိုက်သည်။

"အဖျားက တစ်ရာကျော်တောင် ရှိတာဆိုတော့ ဒီလောက်တော့ ခံရမှာပေါ့၊ ကိုယ်ဆေးထိုးပေးမယ် လင်း"

"ဟင့်အင်း…လင်း ဆေးမထိုးချင်ဘူး"

"ဘာ"

"ဆေးမထိုးချင်ဘူးလို့ ပြောတာ"

"ဟာ…ဖျားပါတယ်ဆိုမှ ဆေးမထိုးလို့ ရမလားကွ၊ ဆေးထိုးမှ အဖျားပျောက်မှာပေါ့"

"မထိုးချင်ဘူး"

ဖျား၍ ဆေးထိုးရမည်ကို ကလေးတစ်ယောက်လို မျက်စိ စုံမှိတ်ကာ အကြောက်အကန် ငြင်းနေသော လင်းအား ထူးထက်



ခေါင်မှာ ဘယ်လိုမှ နားမလည်နိုင်တော့။

ကြံကြံဖန်ဖန် ဘယ်လိုမိန်းကလေးနှင့် လာဆုံနေရသည်လဲ မသိ။

ကလေးမဟုတ် လူကြီးမဟုတ်နှင့် တော်တော်လည်း အပြောရခက်ကာ ခေါင်းမာလွန်းသည့် သူမလေးကို ထူးထက်ခေါင် သည် ဖြစ်နိုင်လျှင် နားနားလေးသာ ရိုက်ပစ်လိုက်ချင်တော့သည်။

သို့ပေမယ့် လက်တွေ့မှာတော့ ထူးထက်ခေါင်သည် ဖျားနေသည့်ကြားက ကြည်စင်ဝင်းမွတ်နေရအသည့် သူမမျက်နှာ လှလှလေးဆီသို့သာ အသည်းတယားယားနှင့် နီးကပ်စွာ ကြည့်နေ မိရပါသည်။

"ကဲ…ဆေးထိုးမယ်"

"မထိုးချင်ဘူးလို့ ရှင့်ကိုပြောနေတယ်လေ"

"ဟာကွာ…ကျုပ် ဒီမိန်းကလေးနဲ့တော့ ခက်တော့တာ ပဲ"

"ရှင်နော်"

"ဟော့…ရှင်နော်တွေ ဘာတွေ လုပ်မနေနဲ့၊ မင်းကို ကျုပ်က သေဆေးထိုးနေတာ မဟုတ်ဘူး၊ မင်း ဖျားနေလို့

www.burmeseclassic.com

www.burmeseclassic.com



နေကောင်းအောင် ဆရာဝန်ဖြစ်တဲ့ ငါက ဆေးထိုးနေတာ၊ ဘာကြောင့် အကြောက်အကန် ငြင်းနေရတာလဲ”

“လင်း ငယ်ငယ်ကတည်းက ဆေးထိုးခံရမှာ ကြောက်တာ”

“ဆေးထိုးခံရမှာ ကြောက်လည်း ဖျားနေတော့ ဆေးထိုးရမှာပဲ”

“ရှင် လူကိုမအော်ပါနဲ့”

မျက်နှာနီနီလေးဖြင့် သူ့အား ယခုထက်တိုင် ပြန်ရန်စွာနေသော လင်းကြောင့် ဒေါသလေးများ ထွက်လာရကာ ထူးထက်ခေါင် မျက်နှာချောချောမှာ မှုန်တည်တည်ဖြင့် ဖြစ်နေရပါသည်။

ထူးထက်ခေါင်မှာ သူမအား ဆေးထိုးရန်အတွက် အသင့်ပြင်လိုက်ပြီးနောက်…

“ကဲ…ဆေးထိုးမယ်”

“ဟွန်း…ဘယ်လိုလူလဲမသိဘူး”

ရှုရှုအောင့်အောင့်ပုံစံလေးဖြင့် ဆေးထိုးခံရန် ပြင်နေသောလင်းမှာ ထူးထက်ခေါင်လက်ထဲမှ ဆေးထိုးအပ်ကို မကြည့်ရဲစွာဖြင့်



တစ်ဖက်သို့လှဲပြီး ငြိမ်သက်နေရှာသော လင်းကို ထူးထက်ခေါင်မှာ ညင်သာစွာဖြင့် ဆေးထိုးလိုက်ပါသည်။ ပြီးနောက်…

“ကိုယ် ဟိုဘက်ခန်းမှာရှိမယ်၊ ခင်ဗျားလေး မသက်သာရင် ကိုယ့်ကိုပြောနော် ဟုတ်လား”

သူ့စကားကို လင်းသည် အရေးမလုပ်သလို မျက်နှာလေးလွှဲလွှဲ ရှိနေရသည့်အတွက် ထူးထက်ခေါင်မှာ မချင့်မရဲလေး ဖြစ်ရပြန်သည်။

သို့ပေမယ့် ရှိစေတော့။

သူမ အခုလို နေမကောင်းဖြစ်နေချိန်မှာတော့ သူမကို သူ့အနေနှင့် ဘာမှမပြောချင်၊ အားလုံးကို သူမ သဲ့သောအတိုင်းပင် နေပါစေတော့။

ထူးထက်ခေါင်သည် သူ့အား ကျောခိုင်းထားသည့် လင်း၏ နောက်ကျောပြည့်ပြည့်လေးကို ငေးကြည့်ရင်း သက်မနှင့်အတူ လေးကန်သော ခြေလှမ်းများဖြင့် သူမရှိရာအခန်းထဲမှ ထွက်လာလိုက်သည်။

ဂရုတစိုက်ရှိလွန်းသော ထူးထက်ခေါင်ကြောင့် လင်း၏ အဖျားမှာ ပျောက်ကင်းကာ ရက်တိုတိုအတွင်းမှာပင် လူက ပြန်၍

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းမာလာရပြီဖြစ်သည်။

"ကဲ…လင်း လင်းလည်းနေကောင်းလာပြီဆိုတော့ ကိုယ် ပြောထားတာကို သေချာစဉ်းစားပြီးပြီလား"

"ဟင့်အင်း"

ထူးထက်ခေါင်စကားအား လင်းမှာ ခေါင်းလေးခါပြလိုက်ရသည်။ တကယ်လည်း လင်းမှာ ထူးထက်ခေါင်နှင့်ပတ်သက်ပြီး သေချာ မစဉ်းစားမဆုံးဖြတ်ရသေးပါ။

အခြေအနေအရ လင်းသည် သူပြောသလို သူ့စကားကို လက်ခံလိုက်ရတော့မည်လား။

ဟင့်အင်း မဖြစ်သေး။

အဘယ်ကြောင့်ဆိုသော် သူသည် သူမအတွက် လူစိမ်း သက်သက်ဖြစ်ကာ သူ၏အကြောင်းကိုလည်း သူပြောသလောက်က လွဲ၍ လင်း ဘာမှမသိရသေး။

လင်းအတွက် ဂဃဏန ဘာမှမသိသော သည်လိုသူစိမ်း ယောကျ်ားတစ်ယောက်ရဲ့ လက်ထဲသို့ လင်းဘဝလေးကို အလွယ်တကူ ကြည်ဖြူရက်ရောစွာ ထိုးအပ်ပြဖို့ဆိုတာ ဘယ်လိုတွေးတွေး ဖြေသာစရာမရှိတော့။ လင်းရဲ့အခက်အခဲ မထွေးနိုင်မအန်နိုင် ဖြစ်နေ





ရသည့်ကိစ္စကို ဘယ်သူ့ကိုမှ ရင်ဖွင့်တိုင်ပင်ရန် စိတ်ကူးမရှိ။ ဖွင့်ပြောရမှာကိုပင် ရှက်ရွံ့ဝန်လေးနေရသည့်အဖြစ်။

"မစဉ်းစားရသေးဘူးဆိုရင်လည်း နောက်မှစဉ်းစား၊ အခု လောလောဆယ်တော့ ကိုယ်တို့အိမ်ရွှေ့မယ်"

"ရှင်တို့အိမ်မှာ ရှင့်ရဲ့ ဟို…ဟို"

"ဘာလဲ ဘာပြောမလို့လဲ၊ ပြောလေ"

မျက်နှာရဲရဲလေးနှင့် စကားများ ထစ်ငေါ့နေသူလေးကို ထူးထက်ခေါင်မှာ အံ့ဩစွာ ငေးကြည့်ရင်းက မေးလိုက်သည်။

"ဟို…ရှင်…ရှင့်မှာ အိမ်ထောင်ရှိလား"

"ဟောဗျာ…အဟွန်း…ဟွန်း"

"သေလိုက်ပါတော့ကွာ၊ ကိုယ့်မှာ အိမ်ထောင်ရှိမှတော့ ခင်ဗျားလေးကို ကိုယ်က လက်ထပ်ခွင့်တောင်းပါ့မလား၊ အိမ်ကို ခေါ်ပါ့မလား၊ သေချာလည်း စဉ်းစားကြည့်ပါဦး"

သူ့စကားကြောင့် လင်းမှာ မျက်နှာရဲရဲလေးဖြင့် ထူးထက် ခေါင်ကို မျက်စောင်းကြီးတွေ ထိုးပစ်လိုက်မိပါသည်။

"ကဲ…လင်း ရောက်ပြီ၊ ဆင်းတော့၊ ဒါ ကိုယ်တို့ရဲ့ ဟောဝန်မြိုင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းလုံး အတွေးများဖြင့် ငြိမ်သက်လာသော လင်းမှာ ရုတ်တရက် ထွက်ပေါ်လာရသော ထူးထက်ခေါင်၏ စကားသံကြားမှ သူမ ရောက်ရှိနေရသော ပတ်ဝန်းကျင်ကို သတိထားကြည့်မိသွားရသည်။

ဟောဝန်မြို့ဆိုသည့်အတိုင်း ကျယ်ဝန်းလှသည့် ခြံကြီးထဲတွင် သစ်ပင်ပန်းမာလာမျိုးစုံဖြင့် တိတ်ဆိတ်အေးချမ်းလှသော ခြံကြီးနှင့်အတူ ဟော်နန်းကြီးတမျှ ကြီးမားခမ်းနားလွန်းနေရသည့် တိုက်ကြီးကို မြင်ရတော့ လင်းမှာ အနည်းငယ် မှင်သက်သွားမိရသည်။

ခြံကြီးနှင့် လိုက်ဖက်လွန်းစွာ ခမ်းနားကြီးကျယ်လှသည့် တိုက်ကြီးကို လင်းမှာ အကြည့်ငေးငေးလေးများဖြင့် ကြည့်နေမိရသည်။

ထိုစဉ်…

"ဆင်းလေ လင်း"

ခပ်တွေတွေလေး ရှိနေရသည့် သူမမှာ ထူးထက်ခေါင်နှုတ်မှ သတိပေးသလိုဆိုလိုက်သဖြင့် လင်းသည် သူအသင့်ဖွင့်ပေးထားသော ကားတံခါးမှ ဆင်းလိုက်လေသည်။



မကြည်လင်သော စိတ်အတွေးများဖြင့် လင်းမှာ လေးလေး ထိုင်းထိုင်းလေး ဖြစ်နေရပါသည်။

"လာလေ…တိုက်ထဲဝင်ကြမယ်"

လင်းရှိရာဘက်သို့ အကြည့်ဖွေတေတေဖြင့် တစ်ချက်လှမ်းကြည့်ပြီး တိုက်ထဲဝင်သွားသော ထူးထက်ခေါင်နောက်မှ သူမ လိုက်ဝင်ခဲ့ရလေသည်။

လင်း၏အကြည့်များက ဘာရယ်မဟုတ် တိုက်ကြီးထဲသို့ အကြည့်များ ဝေ့ခနဲ ရောက်ရှိသွားရသည်။

တိုက်ကြီးသည် အပြင်ပန်းကပင် ခန့်ညားထည်ဝါလွန်းသည်မဟုတ်။ အတွင်းဘက်ကျပြန်တော့လည်း တိုက်ကြီးတစ်ဆောင်လုံး၏ ပြင်ဆင်ဖွဲ့စည်းမှုက စနစ်တကျနှင့် သားနားခန့်ထည်ကာ အထက်တန်းကျလွန်းလှသည်။

ပြည့်စုံကြွယ်ဝသည့် မိဘများက မွေးဖွားလာသော လင်းသည်ပင် ငယ်စဉ်ကတည်းကစ၍ လိုတရာဘဝဖြင့် ကြီးပြင်းလာရကာ ကိုယ့်ကိုယ်ကို လိုတရာဘဝဖြင့် ကြီးပြင်းလာရကာ ကိုယ့်ကိုယ်ကို လိုလေသေးမရှိ ပြည့်စုံလွန်းလှသည်လို့ ထင်မှတ်ခဲ့ရသော လင်း။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါမှာတော့ ဟောဝန်မြိုင်ခြံသို့ ဝင်လိုက်တာနှင့်ပင် အထက်တန်းကျလွန်းသည့် တိုက်ကြီး၏ အပြင်အဆင်နှင့် ခမ်းနားမှုကိုကြည့်ပြီး ထူးထက်ခေါင်တို့၏ ကြွယ်ဝမှုအဆင့်အတန်းကို မခန့်မှန်းရဲနိုင်အောင် ဖြစ်သွားရသည်။

ပန်းကနုတ်များဖြင့် ဖိတ်ဖိတ်တောက်ပြောင် လက်နေရသော ကျွန်းလှေကားကြီး၏ နံရံတစ်ဖက်တစ်ချက်တွင် ချိတ်ဆွဲထားသည့် ပန်းချီကားများကလည်း အသက်ဝင်လွန်းလှသည်မို့ လင်းမှာ မကြည့်ဘဲမနေနိုင်။

ထို့အတူ ယခုချိန်ထိ ခြံတံခါးလာဖွင့်ပေးသော ခြံစောင့်မှလွဲ၍ အိမ်သူအိမ်သားရယ်လို့ တစ်ယောက်မှ မမြင်တွေ့ရသေးသည်မို့ လင်းမျက်နှာလှလှလေးက တည်တည်စူးစူးလေး ဖြစ်လာရသည်။

ထိုခဏ…

"ဪ…ဆရာ ပြန်ရောက်လာပြီကိုး"

"ဟုတ်တယ် ဒေါ်ကြီး၊ ဦးလေး ဦးမင်းဝေတို့ကော"

"ကုမ္ပဏီသွားကြပြီ ဆရာ"

အိမ်ဖော်ဖြစ်ဟန်တူသူ အဒေါ်ကြီးနှင့် စကားပြောနေသော ထူးထက်ခေါင်နောက်ပါးတွင် မျက်လွှာလေးချကာ ယခုထက်တိုင်





ရပ်နေဆဲဖြစ်သော ဝင်းဝင်းနှစ်နှစ် လှပလွန်းသည့် လင်းကို အဒေါ်ကြီးက မြင်သွားပြီးနောက် ထူးထက်ခေါင်ထံကြည့်ကာ မေးလိုက်လေသည်။

"လှလိုက်တာ၊ ဆရာ့ဇနီးက အရမ်းလှတာပဲနော်"

"အို"

ဘုမသိဘမသိနှင့် ပြောလိုက်သော အဒေါ်ကြီး၏ စကားကြောင့် အပျိုစင်လေး လင်းခမျာ တစ်ကိုယ်လုံး ထူပူရှိန်းဖိန်းသွားရကာ မျက်နှာမှာလည်း ရဲခနဲဖြစ်သွားရသည်။

ထိုအဖြစ်ကို ထူးထက်ခေါင်က သိလိုက်ပြီး ခရီးပန်းထားသည့်ကြားကပင် နုနုအိအိနှင့် ဖူးစင်နေအောင် လှပနေရသော လင်း၏အလှများကို ဖျတ်ခနဲ သူကြည့်လိုက်မိပါသည်။

မှန်ပါ၏။

ဖြူစင်ဝင်းနှစ်သော အသားအရေသည် နုဖန့်အိထွေးနေရသလို သွယ်မယောင်နှင့် ဝိုင်းသော မျက်နှာပေါ်တွင် မျက်ခုံးထူထူတန်းတန်းလေး နက်မှောင်လျက် ရှန်းလဲ့တောက်ပနေရသော မျက်ဝန်းတစ်စုံ။

ထို့နောက် ဖြောင့်စင်းကာ လုံးဝန်းနေသော နှာတံနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



အကြောစိမ်းလေးများပင် မြင်နေရသည့် ပါးမို့မို့နှင့် သွေးရောင်လွှမ်းနေသည့် နှုတ်ခမ်းထူထူအိအိလေးကလည်း နှင်းဆီဖူးလေးပမာ အသည်းယားချင်စဖွယ်။

ပိုးသားလို ရှည်လျားနက်မှောင်သော ဆံနွယ်မျှင်တို့က အချိုးအစားပြေပြစ်ကာ ကြော့ရှင်းသွယ်နွဲ့သော ကိုယ်ဟန်နွဲ့နွဲ့လေးပေါ်တွင် ဖြာကျနေပုံက နန်းဆန်လှ၏။ ရှိရှိသမျှအလှများကို ပိုင်ဆိုင်ထားကာ အရမ်းကိုကျက်သရေရှိရှိ လှပနေရသောလင်းနှင့်ပတ်သက်ပြီး ထာဝစဉ် တည်ငြိမ်အေးစက်နေတတ်ပါသော ထူးထက်ခေါင်၏ ရင်က လှိုင်းထန်ချင်သလိုလို လှုပ်ခတ်ချင်သလိုလို ဖြစ်လာရသည်။

"ကျွန်တော်တို့အတွက် အခန်းပြင်လိုက်ပါ ဒေါ်ကြီး"

"ဟုတ်ကဲ့ ဆရာ"

သူ့စကားကြောင့် လင်းမှာ ထူးထက်ခေါင်အပေါ် မကျေနပ်သလိုမျိုးဖြင့် နီရဲစိုဥနေသော နှုတ်ခမ်းဖူးဖူးလေးနှစ်လွှာအား တင်းတင်းစေ့ကာ သူမ၏ မျက်စောင်းလှလှလေးတစ်ချက်က ထူးထက်ခေါင်ကိုယ်ပေါ်သို့ ဒိုင်းခနဲ ကျရောက်သွားရသည်။

မမျှော်လင့်ပါဘဲ လင်းထံမှ မျက်စောင်းလေးကို မြင်တွေ့





လိုက်ရတော့ ထူးထက်ခေါင်သည် ရင်ခုန်သံတွေက ကစဉ့်ကလျားနှင့် ရင်ဝယ် တသိမ့်သိမ့်ဖြစ်သွားရကာ ဘယ်လိုခံစားချက်မှန်းမသိသော ခံစားမှုတစ်မျိုးက ရင်မှာ ဖြစ်ထွန်းသွားရသည်။

"ဒီမယ်"

သူမလေး၏ ခပ်စွာစွာခေါ်သံကြောင့် ထူးထက်ခေါင်သည် ရင်ထဲက ခံစားချက်များနှင့် ဆန့်ကျင်ဘက် မျက်ခုံးထူထူကြီးနှစ်ဖက်ကို တွန့်ကာ ဘာခံစားချက်မှမရှိသလိုမျိုး မျက်နှာချောချောကို တင်းတင်းထားလိုက်ပြီး…

"ဘာလဲ အမိ"

"ရှင်နဲ့လင်း တစ်ခန်းတည်း အတူမနေဘူးနော်"

"သဘော··သဘော၊ မင်းလေး စိတ်တိုင်းကျနေ"

ထူးထက်ခေါင် စကားကြောင့် လင်းသည် မျက်လွှာလေးပင့်ကာ ဖျတ်ခနဲ မော့ကြည့်လိုက်တော့ သူမအား ခပ်တည်တည်ဖြင့် စူးစိုက်ကြည့်နေသော ထူးထက်ခေါင် မျက်ဝန်းများနှင့် အကြည့်ချင်း ဆုံသွားရပါသည်။

ဖ ဖ ဖ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

လင်းနှင့် ဆုံပြီးကတည်းက မငြိမ်မသက်ဖြစ်နေရသော သူ့ရင်အစုံကြောင့် ထူးထက်ခေါင်မှာ သူ့ကိုယ်သူလည်း အားမလို အားမရ မချင့်မရဲကြီး ဖြစ်နေရတော့သည်။

ဒီမိန်းကလေးနှင့် ဆုံကတည်းက သူ့စိတ်တွေ လှုပ်ရှားခဲ့ရသည်။

ကိုကိုမင်းဝေစိုးနှင့် ပတ်သက်ပြီး နာကျင်ကြေကွဲခဲ့ရသမျှ အတွက် ဖွဲ့ညီမ လင်းကို သူ တဖွတ်ထိုး စိတ်မြန်လက်မြန်ဖြင့် ခေါ်လာခဲ့ပြီးနောက် သူ လင်းအပေါ်တွင် တရားမျှတရဲ့လားဟု ထူးထက်ခေါင်မှာ သူ့ကိုယ်သူ ပြန်သုံးသပ်မိသည်။

တကယ်တမ်း စဉ်းစားကြည့်တော့ ဖွဲ့ရဲ့သစ္စာမဲ့မှုသည် လင်းနှင့် ဘယ်လိုမှ မပတ်သက်ပေ။ မဆိုင်သူကို ဒုက္ခပေးမိသလို



ဖြစ်သွားရခြင်းအတွက်တော့ လင်းကို သူ တောင်းပန်စကားဆိုရုံ ကလွဲပြီး ဒီအဖြစ်အပျက်များကို လောလောဆယ် ထူးထက်ခေါင် မှ ပြင်လို့ရနိုင်တော့မည်မဟုတ်ပေ။

လင်းအတွက်နှင့် ဖွဲ့သည်လည်း ဘာတွေဖြစ်နေသည် မသိပါ။ လင်းထံ ဖုန်းဆက်သော ဖွဲ့၏ဖုန်းကို ထူးထက်ခေါင်နှင့် တိုက်ဆိုင်စွာ ဖုန်းပြောခွင့်ရသွားသဖြင့် သူ့ရည်ရွယ်ချက်အတိုင်း ဖွဲ့ကို ပြောခွင့်ရလိုက်ပေမယ့် လက်တွေ့မှာတော့ ဘာမှမပတ်သက် သည့် လင်းအပေါ်တွင် ဖွဲ့ကိုပြောလိုက်သော စကားအတိုင်း သူ မလုပ်ပါ။

ကိုကို့အတွက် နာကျင်ကြေကွဲဝမ်းနည်းစိတ်ဖြင့်သာ အမှန်တော့ ထူးထက်ခေါင် ပြောလိုက်မိခြင်းဖြစ်ပါသည်။ ကိုကို နှင့်ပတ်သက်ပြီး ဖွဲ့ကိုလည်း နာကျင်အောင် တန်ပြန်သဘောမျိုး ဖြင့် တဖွတ်ထိုးလုပ်ခဲ့မိသော သူ့လုပ်ရပ်မှာ ကြားက မားစာခံ ဖြစ်သွားရသည့် လင်းသည့် သူ့အပေါ် စိတ်ဆိုးဒေါသများဖြင့် ခွင့်မလွှတ်နိုင်အောင် ဖြစ်နေရသည်မှာလည်း လင်း မမှားပါ။

အမှန်တော့ မှားခဲ့သည်က ထူးထက်ခေါင်သာ ဖြစ်ပါ သည်။ ကိုကိုမင်းဝေစိုးအတွက် နာကျင်ကြေကွဲ ဝမ်းနည်းစိတ်

www.burmeseclassic.com

www.burmeseclassic.com



များဖြင့် တဖွတ်ထိုး စိတ်မြန်လက်မြန် လုပ်ခဲ့မိရသော သူ့အမှားများသာ ဖြစ်ပါသည်။

အတွေးများဖြင့် ထူးထက်ခေါင်သည် သောက်လက်စ စီးကရက်မီးကို ပြာခွက်ထဲ ခြွေချရင်းက သက်မမောချလိုက်သည်။

"ထူး"

"ဟင်...ဦးလေး၊ ပြန်လာပြီလား"

ထူးထက်ခေါင်သည် သူ့အနားရောက်လာသော ဦးလေး ဦးမင်းဝေကို နှုတ်ဆက်ရင်း ထိုင်ရာမှ ထလိုက်သည်။

"ပြန်လာပြီ ထူး၊ ဒေါ်စိန်ပြောပြလို့ မိန်းကလေးကို ဒီကိုခေါ်လာတယ်ဆို"

"ဟုတ်တယ် ဦးလေး၊ သက်ဦးရဲ့ မော်ဘီကခြံကနေ ဒီကိုခေါ်လာခဲ့တာ၊ တကယ်တော့ ကျွန်တော့်ရဲ့ စိတ်မြန်လက်မြန် လုပ်ခဲ့မိတဲ့ အမှားအတွက် လင်းက ကြားထဲက ဓားစာခံဖြစ်သွားရတာပါ၊ အခုအချိန်မှာ ကျွန်တော် နောင်တရနေပေမယ့် အခြေအနေတွေက ရှုပ်ထွေးသွားတော့ လတ်တလော အခြေအနေတွေအရ ဒီကိုပဲ ခေါ်လာလိုက်တယ်"

"အင်းပေါ့လေ၊ ထူးကို ဦးလေး တားခဲ့သားပဲ၊ ဒါပေမဲ့



အခုအချိန်မှာတော့ ဦးလေးတို့ ဒါတွေကို ပြောမနေတော့ဘဲ အကောင်းဆုံးဖြစ်အောင် ဘယ်လိုလုပ်ကြမလဲဆိုတာကိုပဲ စဉ်းစားကြရတော့မှာပေါ့"

ထူးထက်ခေါင်သည် ရင်ထဲတွင် ခံစားမှုပေါင်းစုံဖြင့် ဦးလေး ဦးမင်းဝေ စကားကို ခေါင်းညိတ်ပြလိုက်မိပါသည်။

ထိုအတူ လင်းမှာလည်း အတွေးများစွာဖြင့် စိတ်ရှုပ်စိတ်ညစ်နေရပါသည်။ သူမကိုပေးထားသော အခန်းထဲရှိ မှန်တင်ခုံလေးရှေ့တွင် ထိုင်ရင် မှန်ထဲတွင် ပြန်မြင်နေရသည့် သူမပုံရိပ်လေးကို စူးစိုက်ကြည့်နေမိရင်းမှ ရုတ်ခြည်း သူမအကြည့်များကို လွှဲကာ သက်မတစ်ချက်ကို လေးဖင့်စွာ ချလိုက်သည်။

"ဟင်း"

ထူးထက်ခေါင်ဆိုသော သူ့ထံတွင် သူမ ရောက်နေသည်မှာ ဘာလိုလိုနှင့် ရက်ကလေးများပင် တစ်ရက်ပြီးတစ်ရက် စွန်းထင်းလာရပြီဖြစ်သည်။

ထူးထက်ခေါင်၏ကိုကို မင်းဝေစိုး သေဆုံးသွားရခြင်းသည် ဖွဲ ပယောဂမကင်းသည်ကိုလည်း လင်း သိပါသည်။ ယောက်ျားများကို ကစားစရာအရုပ်များလို သဘောထားတတ်

www.burmeseclassic.com

www.burmeseclassic.com



သော ဖွဲ့အကျင့်ကိုလည်း လင်းမှာ ကောင်းကောင်းကြီး သိနေရသဖြင့် ထူးထက်ခေါင်ဆိုသော သူမှာ သူ့ကိုကိုကိစ္စနှင့်ပတ်သက်ပြီး ရုတ်တရက် နာကြည်းကြေကွဲစိတ်ဖြင့် လင်းအား ဤကဲ့သို့ ခေါ်လာခဲ့ခြင်းဖြစ်သည်။

ဒီအချိန်မှာ သူ့အမှားအတွက် လင်းကို တောင်းပန်စကားဆိုနေပေမယ့် အခြေအနေတွေက လွန်ကုန်ရပြီမို့ လင်းမှာ သူမဘဝအတွက် ရှေ့ဆက်ရမည့်အဖြစ်ကို ခေါင်းအေးအေးဖြင့် ဖြေရှင်းနိုင်အောင် ကြိုးစားနေရပါပြီ။

ဒက်ဒီနှင့် ဖွဲ့ကိုလည်း လင်းမှာ စိတ်နာနာဖြင့် ဘာအဆက်အသွယ်မှ လောလောဆယ် မလုပ်တော့ဘဲ သူမ ဟန်းဖုန်းကိုပင် လုံးဝပိတ်ထားခဲ့သည်။

ထူးထက်ခေါင် ပြောသလို လင်းမှာ သူနှင့် ဟန်ဆောင်ပဲ လက်ထပ်ထားရမည်လား၊ ဒါလည်း မဖြစ်နိုင်ပါ။

အကြောင်းကား…

ထူးထက်ခေါင်ဆိုသည့် သည်လူသည် လင်းဘဝတစ်ခုလုံးအား မထင်မှတ်ဘဲ ဖောက်ထိုးမှောက်ခုံဖြစ်သွားအောင် ဖန်တီးခဲ့သည့် တရားခံမို့လည်း လင်းသည် သူ့အား ခွင့်မလွှတ်နိုင်အောင်



အမုန်းတရားများ ရှိနေရသောကြောင့်ဖြစ်သည်။

နေရာတကာ သူ့သဘော သူ့ဆန္ဒနှင့် ဖြစ်ချင်တာကို တဖွတ်ထိုးဆန်ဆန်လုပ်ချင်သော ထူးထက်ခေါင်ကို လင်းမှာ ကြည့်မရချင်။

လင်းမှာ သူမကိုပေးထားသော အခန်းထဲရှိ ဒရင်းဘက်ပေါ်တွင် လှဲနေရင်းက ဒေါ်ကြီးဒေါ်စိန် လာပို့သော ညနေစာထမင်းကို စားကောင်းကောင်းနှင့် တဝလေးစားလိုက်သဖြင့် ထမင်းဆိပ်တက်ကာ ဟိုအတွေး ဒီအတွေး အတွေးများစွာဖြင့် မကြာမီ နှစ်ခြိုက်စွာ အိပ်ပျော်သွားရပါသည်။

“ဟင်…အို”

လင်းမှာ ဘယ်လောက်ထိ နှစ်ခြိုက်စွာ အိပ်ပျော်သွားရသည်မသိ။ သူမကိုယ်လေးကို တစ်စုံတစ်ယောက်က ပွေ့ဖက်ထားသလိုမျိုး မွန်းမွန်းကျပ်ကျပ် ဖြစ်လာရသောကြောင့် မျက်ဝန်းလေးများ ဖျတ်ခနဲ ပွင့်လာရသော လင်းမှာ…

သူမကိုယ်လေးကို ပွေ့ဖက်ထားသည့် ထူးထက်ခေါင်၏ မျက်နှာချောချောကို အနီးကပ်မြင်လိုက်ရသဖြင့် သူ့ရင်ခွင်ထဲရောက်နေရသည့်အဖြစ်ကြောင့် အရမ်းကိုကြောက်လန့်နေသော

www.burmeseclassic.com

www.burmeseclassic.com



ဟန်လေးဖြင့် သူ့အားမော့ကြည့်ရင်း…

"ဖယ်…ဖယ်…လွှတ်၊ ရှင်…ရှင်…ဒါဘာလုပ်တာလဲ"

ပြောရင်းက သူ့ရင်ခွင်ထဲမှနေ သူမကိုယ်လေးကို အတင်းရုန်းထွက်ဖို့ ကြိုးစားနေလိုက်သည်။

ဒါကိုကြည့်ပြီး မချင့်မရဲဖြစ်သွားရသူ ထူးထက်ခေါင်မှာ နှုတ်ခမ်းကို တင်းတင်းစေ့ရင်း စူးရှစိုလက်နေရသည့် မျက်ဝန်းများကို မေးစင်းလျက် မျက်မှောင်ကြီးကုပ်ကာ စိုက်ကြည့်လိုက်ပြီး…

"ဒီမှာ မင်းဘာသာမင်း တွေးချင်ရာတွေးပြီး ကျုပ်ကို တစ်မျိုးထင်မနေနဲ့၊ ဒရင်းဘက်ကြီးပေါ်မှ အခန်းတံခါးမပိတ်ဘဲ ခွေခွေခေါက်ခေါက်ကြီး မင်း အိပ်ပျော်နေတာတွေ့လို့ ကျုပ်က စေတနာနဲ့ ခုတင်ပေါ်ကို ပွေ့တင်ပေးတာ"

"အို…လင်းဘာသာ ဘယ်လိုအိပ်အိပ်ပေါ့၊ ရှင့်အလုပ်လား"

"ဘာ"

ဂျစ်ကန်ကန်နှင့် သူ့စေတနာကို စော်ကားလွန်းသည့်

[redacted]



လင်း၏ စကားများကြောင့် ထူးထက်ခေါင်ထံမှ 'ဘာ' ဆိုသည့် အသံက ဆောင့်ထွက်သွားရသလို သူ့မျက်နှာချောချောမှာလည်း ခက်ထန်တင်းမာသွားရသည့်အတွက် လင်းမှာ လန့်လို့ပင်သွားရသည်။

သူ့စေတနာကို စော်ကားလိုက်သလို ဖြစ်သွားပြီလားဆိုသည့် အတွေးက ဝင်လာရပေမယ့် သူ့ရင်ခွင်ထဲရှိနေရသည့် လင်းမှာ ညဆိုသည့်အသိနှင့်အတူ ရှက်ကြောက်စိတ်၊ ရင်ဖိုစိတ်၊ တုန်လှုပ်စိတ်များဖြင့် ထိုအတွေးများကို မလွန်ဆန်နိုင်အောင် ရှိနေရသည်။

"ဖယ်…လင်းကိုမထိနဲ့၊ လွှတ်"

"ကဲ…စေတနာကို ဝေဒနာလို့ထင်ရင်လည်း မင်းသဘောပဲ"

"အမေ့"

သူ့အသားနဲ့ ထိရမှာကိုပင် ကဲကဲဆတ် အဖြစ်သည်းနေရသည့် လင်း၏ပုံစံကိုကြည့်ပြီး ထူးထက်ခေါင်သည် အသည်းယားယား စိတ်တိုတိုဖြစ်သွားရသည်မို့ သူ ပွေ့ဖက်ထားမိသည့် သူမကိုယ်လေးကို မွေ့ရာပေါ်သို့ ပစ်ချလိုက်လေသည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း…ကြည့်စမ်း၊ ရှင် ဘယ်လိုလုပ်လိုက်တာလဲ..ဟင်"

"မင်းပဲ မင်းကို မထိနဲ့ဆို"

"တောက်"

"မင်း တောက်ခေါက်မနေနဲ့၊ မင်း ဒီလောက်တောင်ပဲ စွာရသလား"

"စွာတယ်…စွာတယ်၊ စွာတော့ ဘာဖြစ်လဲ"

"အေး…ဒီလောက်စွာတဲ့ မိစွာ၊ မင်း ကျုပ်အကြောင်း သိစေရမယ်"

"ဟင်…ရှင်"

ဒေါသနှင့် ခပ်ကျိတ်ကျိတ်ဆိုရင်းက မြန်ဆန်လွန်းသည့် ထူးထက်ခေါင်၏ လက်အစုံသည် လင်း၏ကိုယ်လေးအား သူ့ရင်ခွင်ထဲသို့ ဖျတ်ခနဲဆိုသလို ဆွဲသွင်းလိုက်ရင်းက သူမအား ခပ်တင်းတင်းလေး ပွေ့ဖက်ထားလိုက်သည်။

"အို"

သူနှင့် တစ်သားတည်းကျမတတ် သူ့ရင်ခွင်ကျယ်ကြီး အောက်တွင် လုံးလုံးလျားလျား ရောက်ရှိသွားရသော လင်းသည်



ရဲတွတ်နေရှာသည့် မျက်နှာလေးဖြင့် တစ်ကိုယ်လုံး တုန်တုန်ရင်ရင် ဖြစ်နေရကာ ထူးထက်ခေါင် ရင်ခွင်ထဲမှ အားရှိသမျှ ရုန်းထွက်နေလိုက်ရင်း…

"လွှတ်…လွှတ်နော်"

လင်းသည် သူ့ရင်ခွင်ထဲမှ အားလေးထည့်ကာ ရုန်းပါသော်လည်း သူမ ရုန်းကန်နေမှုတို့သည် ဘယ်လိုမှ အရာမရောက်နိုင်ပါလေတော့။

အဘယ်ကြောင့်ဆိုသော် ထူးထက်ခေါင်သည် မထင်မှတ်ပါဘဲ နှစ်ဦးသား နီးစပ်သွားရသည့် အနေအထားနှင့်အတူ သူမထံမှ ကိုယ်သင်းရနံ့ သင်းသင်းလေးသည်လည်း သူ့စိတ်ကို တစ်မျိုးတစ်မည် ပြောင်းလဲသွားစေရကာ သူ့စိတ်များသည်လည်း ဘယ်လိုဖြစ်သွားရသည်မသိ။

သူမအား နမ်းရှိုက်နေလိုက်သည်မှာ မိနစ်များပင် အတော်ကြာသွားရလေသည်။

ထို့အတူ…

အသန့်ရှင်းဆုံး နေထိုင်ခဲ့သည့် အပျိုစင်ကညာ လင်းသည်လည်း သူ့အပွေ့အဖက် အနမ်းအရှိုက်များကြားတွင် အတွေ့

www.burmeseclassic.com

www.burmeseclassic.com



ထူးထူးမို့ မှုးမှုးမိုက်မိုက် ဖြစ်နေရတော့၏။

သို့သော်…

ကြာကြာတော့ မဖြစ်အား။ အသိလေးများ ကိုယ်တွင်းသို့ ပြန်ဝင်လာရသည်နှင့် လင်းသည် အားလေးထည့်ကာ သူ့မကိုယ်လေးကို သူ့ရင်ခွင်ကျယ်ကြီးထဲက ရုန်းထွက်လိုက်သည့် တစ်ခဏ လင်းကိုယ်လေးသည် သူ့ရင်ခွင်ထဲမှ လွတ်သွားရသည်နှင့်…

"ကဲဟယ်…ဖြန်း"

ထူးထက်ခေါင်၏မျက်နှာသည် ရုတ်တရက် လည်ထွက်သွားရသည်။

"ဟင်…လင်း၊ ကိုယ့်ကို ပါးရိုက်တယ် ဟုတ်လား"

"ရိုက်တယ်…ရိုက်တယ်၊ ရှင် လင်းကို အဲဒီလို အနိုင်ကျင့်လို့မရဘူးမှတ်၊ သိရဲ့လား"

"အနိုင်ကျင့်တာမဟုတ်ပါဘူး လင်းရယ်"

"ဘာအနိုင်ကျင့်တာ မဟုတ်ပါဘူးလဲ၊ ရှင့်ရဲ့ အခုလိုလုပ်ရပ်က တေလေကြမ်းပိုးဆန်ပြီး အထင်သေးစရာဖြစ်နေရတယ်ဆိုတာ ရှင် စဉ်းစားမိရဲ့လား"





"ဟုတ်တယ်၊ ကိုယ် အခုလိုလုပ်ရတာတွေဟာ မင်းကြောင့်ပဲ လင်း"

"ရှင် မဆိုင်တာတွေ မပြောပါနဲ့"

"ဘယ့်နှယ်မဆိုင်ရမှာလဲ လင်း၊ တကယ်တော့ ကိုယ်နဲ့ ပတ်သက်ပြီး ကဲကဲဆတ်ဖြစ်နေရတဲ့ လင်းအတွက် ကိုယ့်ရင်မှာ ဘယ်လောက်ထိ အခံရခက်တယ်ဆိုတာ မင်းသိရဲ့လား"

"မသိဘူး…မသိဘူး၊ ရှင့်ရဲ့လုပ်ရပ်တွေကရော မှန်နေလို့လား၊ ရှင် အခန်းထဲက ထွက်သွားပါ"

"မထွက်သေးဘူး၊ လင်းသိအောင် ကိုယ် စကားတစ်ခွန်းတော့ ပြောချင်တယ်"

"ဘာမှမပြောနဲ့"

"ပြောရမှာပဲ၊ လင်းကို ကိုယ် သိပ်ချစ်တယ်"

စိုးရိမ်ကြောက်လန့်မှုတို့ဖြင့် စိတ်ညစ်နေရသော လင်း၏ လှပလွန်းသော မျက်နှာလေးကို ထူးထက်ခေါင်သည် မြတ်နိုးခြင်းများစွာဖြင့် ငေးစိုက်ကြည့်ကာ ပြောလိုက်သည်။

"အို"

ရှက်ကြောက်ခြင်းတို့ဖြင့် လင်းသည် သူ့အား ဘာစကား



www.burmeseclassic.com

www.burmeseclassic.com



မှမဆိုနိုင်အောင် ဖြစ်သွားရသည်။

အတန်ကြာမှ…

ချစ်ရည်ရွှန်းလဲ့သော ထူးထက်ခေါင်၏ စူးရှတောက်ပသော မျက်ဝန်းအကြည့်ဒဏ်ကို လင်းသည် ရင်ဆိုင်နိုင်စွမ်းမရှိတော့သောကြောင့်…

"ရှင်…ရှင် ထွက်သွားပါတော့"

လင်းမှာ သူ့အား ပြောသာပြောလိုက်ရသည်။ အသံလေးကတော့ သိသိသာသာ တုန်ခါနေရသည်။

ထူးထက်ခေါင်မှာ တကယ်တော့ သူ့အနေနှင့် ယခုလိုမျိုး ဖြစ်သွားရသည်မှ ခေါင်းမာကာ သူ့စေတနာများကို ဂရုမစိုက်လွန်းသည့် လင်းကြောင့် အချစ်စိတ်များ ပေါက်ကွဲသွားရကာ ချစ်အသည်းနာရမှုတို့ဖြင့် နောက်ဆုံးတော့သည်လည်း သူ၏ဂုဏ်သိက္ခာကိုပင် မငဲ့နိုင်တော့ဘဲ ပေါက်ကွဲသွားမိခြင်းဖြစ်ပါသည်။

သူ၏တဖွတ်ထိုး လုပ်ရပ်မှားများကြောင့် လင်းအပေါ်တွင် ထားရှိရသော သနားကြင်နာစိတ်များကို မျိုသိပ်ရင်းက တည်ငြိမ်နေရသော မျက်နှာချောချောဖြင့် လင်း၏မျက်နှာလေး





ကိုသာ ချစ်စိတ်များ ပြည့်လျှံနေရသော မျက်ဝန်းအစုံဖြင့် ကြည့်နေမိရပါသည်။

"လင်းအပေါ်မှာ ကိုယ် အခုလို ပြုမူနမ်းရှိုက်ခဲ့တာဟာ လင်းကို အနိုင်ကျင့်စော်ကားလိုစိတ်နဲ့ ပြုမူခဲ့တာမဟုတ်ပါဘူး…

လင်းကို ချစ်မိတဲ့အချစ်ကို မမျိုသိပ်နိုင်တော့ဘဲ ကိုယ့်အချစ်တွေကို မထင်မှတ်ဘဲ လင်းအပေါ် ပေါက်ကွဲသွားမိတာပါ၊ အဲဒီအတွက် ကိုယ့်ကို ခွင့်လွှတ်နားလည်ပေးပါ၊ ကိုယ် တောင်းပန်ပါတယ်၊ ဒါပေမဲ့ လင်း တစ်ခုသိထားဖို့က ကိုယ်ဟာ ဒီအသက်အရွယ်ရောက်တဲ့အထိ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ အခု လင်းကိုချစ်မိသလိုမျိုး မချစ်ခဲ့မိသေးဘူးဆိုတာတော့ လင်း ယုံပါ"

သူ့စကားအဆုံးဝယ် လင်းမျက်နှာလေးထက်၌ လှောင်ရိပ်တချို့နှင့်အတူ နှုတ်ခမ်းထောင့်လေးတစ်ဖက် မဲ့ကျသွားသည်ကို လင်းအား အကြည့်မလွှဲတမ်း စိုက်ကြည့်နေသော ထူးထက်ခေါင်သည် မြင်လိုက်ရပါ၏။

လင်း၏ ထိုအပြုအမူသည် သူ ဘာပြောပြော မယုံကြည်ပါဘူးဆိုသည့် သဘောမျိုးပဲဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိစေတော့။

ယခုအချိန်တွင် လင်းသည် ဘာ့အချစ်များကို မယုံကြည်နိုင်သော်လည်း တစ်ချိန်မှာတော့ဖြင့် သူ၏မေတ္တာစစ် မေတ္တာမှန်ကြောင့် သူ့အချစ်များကို သူမသည် သူ့အား ပြန်လည်တုံ့ပြန်လာရမည် ဖြစ်ပါသည်။

ထိုသို့ ဖေွင်းထံမှ အချစ်များကို ပိုင်ဆိုင်ရယူရန်ကိုလည်း သူ့ဘက်မှ အစွမ်းကုန်ကြိုးစားရန် ထူးထက်ခေါင်သည် နိုင်မာစွာ ဆုံးဖြတ်လိုက်လေ၏။

“ကိုယ်တော့ ဆုံးဖြတ်လိုက်ပြီ လင်း၊ အဲဒါက ဘာလဲဆိုတော့ ဘယ်လိုအကြောင်းကြောင့်ပဲ ဖြစ်နေပါစေ၊ ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ လင်းဆီက အချစ်ကိုရအောင် ကိုယ်ကြိုးစားမယ်၊ တစ်ချိန်မှာ လင်းဆိုတဲ့ မင်းလေးဟာ ထူးထက်ခေါင်ဆိုတဲ့ ကိုယ့်ရဲ့ဘေးမှာ ထာဝရလက်တွဲဖော်အဖြစ် ရှိနေရမယ်ဆိုတာပဲ၊ ကဲ… ကိုယ်သွားပြီ”

တကယ့်ကို ဆုံးဖြတ်ပြီးသွားသည့်ဟန်ဖြင့် ယုံကြည်မှုအပြည့်ပါသည့် စကားရှည်ကြီးကို ထူးထက်ခေါင်သည် ရဲဝံ့ပြတ်သားစွာ ပြောပြီးသည်နှင့် မျက်ဝန်းညိုများဖြင့် လင်းမျက်နှာ



လေးကို တစ်ချက်ကြည့်ကာ နေရာမှ ချာခနဲ လှည့်ထွက်သွားလိုက်သည်။

လင်းသည် သူမအပေါ်မှ လှည့်ထွက်သွားသော ထူးထက်ခေါင်၏ နောက်ကျောဆီကို ဝေသီနေရသော မျက်ဝန်းများဖြင့်ကြည့်ရင်း မျက်စောင်းများ အကြိမ်ကြိမ်ထိုးကာ ကျန်ရစ်ခဲ့လေသည်။

မုန်းလိုက်တာနော်။

သူ့ကိုယ်သူ ဘာထင်နေသည် မသိ။

သူ့ဆန္ဒတစ်ခုတည်းနှင့် သူဖြစ်ချင်တာကို လုပ်ရအောင် သူမသည် သက်မဲ့ကော်ရုပ်မဟုတ်ဆိုတာကို သည်လူ နည်းနည်းလေးမှ ထည့်တွက်မိပုံမရ။

သည်လိုမျိုး သူ၏ တဇွတ်ထိုးဆန်ဆန် လုပ်ရပ်များသည် သူမနှင့်သူ့ကြား ပို၍ဝေးကွာစေရသည်ဆိုတာကိုဖြင့် ထူးထက်ခေါင်ဆိုတဲ့သူ သိလိမ့်မည်မဟုတ်။

သူ့သဘော သူ့ဆန္ဒနှင့် သူမအား တစ်ဖက်သတ် အနိုင်ယူသွားသော ထူးထက်ခေါင်ကို လင်းသည် ရှက်ရွံ့ကြောက်လန့်စိတ်များဖြင့် နာကြည်းမုန်းတီးနေရသလို သူ့ကြောင့် လှိုက်ခုန်

www.burmeseclassic.com

www.burmeseclassic.com



တုန်ယင်နေသော ရင်အစုံကို ပြန်လည်တည်ငြိမ်အောင် မစွမ်းဆောင်နိုင်သည်ကိုတော့ သူမကိုယ်သူမ အသိဆုံးပင် ဖြစ်လေတော့သည်။

ဖ ဖ ဖ

[redacted]

## အခန်း (၉)

နံနက်ခင်း နေရောင်ခြည်နုနုလေးနှင့်အတူ လင်းတစ်ယောက် အိပ်ရာမှ နိုးလာခဲ့ပါသည်။ ညကလည်း အတွေးများ တဝဲလည်လည်ဖြင့် သူမ အိပ်ပျော်သွားခဲ့ခြင်းဖြစ်သည်။

ညက ထူးထက်ခေါင်၏ အပြုအမူများနှင့် အပြောအဆိုများကို ပြန်လည်မြင်ယောင်ကြားမိပြန်တော့ သူမမျက်နှာလေး ရဲခနဲဖြစ်သွားရပြန်သည်။

လင်းမှာ တစ်ခုခုကိုတော့ ပြတ်ပြတ်သားသား ဆုံးဖြတ်မှ ဖြစ်တော့မည်။

ယခုလောလောဆယ်တော့ ဒက်ဒီတို့ထံသို့လည်း လင်း မသွားချင်။ ရန်ကုန် ပြန်ရောက်လာပြီဆိုတော့ လင်းမှာ အခင်ဆုံး

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ပိုးအိကို ဖျတ်ခနဲ သတိရလိုက်မိသည်။ ပိုးအိမှာက ပိုးအိမေမေနှင့် ပိုးအိတို့ နှစ်ဦးတည်းသာရှိပြီး ပိုးအိဖေဖေက နိုင်ငံခြားသဘော်ာ လိုက်နေသည်မို့ အိမ်မှာမရှိ။

ထူးထက်ခေါင် ပြောသလို သူ့အား ဟန်ဆောင်လက်ထပ်ဖို့ဆိုတာကလည်း ဘယ်လိုမှ မဖြစ်နိုင်ပါ။ လတ်တလော အခြေအနေတွေ ရှုပ်ထွေးနေရပေမယ့် နောက်တော့ အဖြစ်မှန်တွေကို တဖြည်းဖြည်း ဒက်ဒီတို့ နားလည်သဘောပေါက်အောင် ရှင်းပြဖို့ စဉ်းစားလိုက်ပြီး ပိုးအိထံသွားဖို့ လင်း ဆုံးဖြတ်ချက်ချလိုက်သည်။

တဖွတ်ထိုးဆန်ဆန် သူ့အပြုအမူများနှင့် ကြာလျှင် မလွယ်တော့မှန်း လင်း နားလည်သဘောပေါက်ရသည်မို့ ဒီကနေ အမြန်ဆုံးထွက်သွားဖို့ လင်း ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

လင်းမှာလည်း ဘာကြောင့်ရယ် မသိ။ ထူးထက်ခေါင်နှင့်ပတ်သက်ပြီး ရင်ထဲတွင် လှုပ်ရှားတတ်သည့်အဖြစ်ကိုလည်း လင်းသည် ကိုယ့်ကိုယ်ကို သဘောမတွေ့နိုင်။ တွေးရင်းက အလိုမကျစိတ်ကြောင့် လင်း၏လှပလွန်းသော မျက်နှာလေးက ခပ်မှုန်မှုန်လေး ဖြစ်လာရသည်။



ထို့အတူ နံနက်ခင်း အစောကြီးကတည်းက အိပ်မပျော်နိုင်သဖြင့် ခြံထဲတွင် ဆင်းထိုင်သော ထူးထက်ခေါင်မှာလည်း စီးကရက်တစ်လိပ်ကိုသောက်ရင်း အတွေးများစွာနှင့် ပျံ့လွင့်နေရပါသည်။

စိတ်နှင့်ကိုယ် ကင်းကွာနေသည့်အလား ထူးထက်ခေါင် အသွင်ချောချောက ပန်းပေါင်းစုံရနံ့တို့ကို သယ်ဆောင်လာသော လေနုအေးလေးများ တိုးဝှေ့တိုက်ခတ် ကျီစယ်သွားကြသော်လည်း ထိုသဘာဝအရသာကိုလည်း သူ မခံစားမိ။

သူ့အတွေးစိတ်ထဲတွင် ဝင်းဝင်းမွတ်မွတ်နှင့် ပြစ်မျိုးမဲ့ မထင် လွန်စွာ လှရက်နိုင်သူလေး လင်းသာ ရှိနေရသလို ရင်ထဲက နှလုံးသားထဲတွင် စွဲထင်နေရသည့် လင်း၏မျက်နှာကိုသာ မြင်ယောင်နေမိတော့ နေမထိထိုင်မသာ ဝေဒနာနှင့် ရင်မှာ မွန်းကျပ်ကျပ်ကြီးဖြစ်နေရကာ ရှိလေသည်။

"ဟူး"

ရင်မှာ တင်းကျပ်နေမှုများကို ထူးထက်ခေါင်သည် ဝေါ့လိုပေါ့ပြား သက်ပြင်းတစ်ချက်ကို ရှိုက်ထုတ်လိုက်မိပါသည်။

သူ့အပေါ် အမြင်မကြည်လင်မှုတို့ဖြင့် ပြောဆိုဆက်ဆံ

www.burmeseclassic.com

www.burmeseclassic.com



တတ်သော ချစ်စဖွယ်ကောင်းလွန်းလှသည့် လင်း၏ ပြောဆိုလှုပ်ရှားမှုလေးများဖြင့် ထူးထက်ခေါင်မှာ သူမအပေါ် ရင်ခုန်သံတွေ မှုမမှန်နိုင်အောင် ဖြစ်ခဲ့ရသည်။ လင်းဆိုသည့် သူမလေးသည် စွဲလမ်းမှုများဖြင့် သူ့နှလုံးသားထဲ ငြိတွယ်ခဲ့ရသည့်အဖြစ်ကိုလည်း ထူးထက်ခေါင် မငြင်းချင်တော့။

ဒီအသက် ဒီအရွယ်ရောက်တဲ့အထိ ကျောက်သားပြင်တစ်ချပ်လို အေးစက်နေခဲ့ရသော သူ၏နှလုံးသားသည် သူမလေးကြောင့်ပင် ကဆတ်ဆတ်နှင့် တုန်လှုပ်ခဲ့ရပြီး သွေးကြောလေးများပူနွေးမြန်ဆန်ခဲ့ရသည့်အဖြစ်က ဘာကြောင့်မှန်းပင် မသိ။

ခက်တော့ ခက်နေရပြီဖြစ်သည်။ ခက်တာကိုမှ လိုချင်သည်က သည်လို အချစ်မျိုးကိုများ ပြောသည်လားမသိ။

အချစ်ဆိုသောအရာသည် သူမနှင့်တွေ့ဆုံပြီးမှ ရင်မှာပထမဆုံး ဖြစ်ပေါ်လာရသော ခံစားချက်မို့ ထူးထက်ခေါင်သည်ကိုယ့်အဖြစ်ကိုယ် ရှက်ယောင်ယောင်ဖြစ်ရပေမယ့် သူမနှင့်ပတ်သက်ပြီး တငြိမ့်ငြိမ့်ခုန်လာရသော ရင်ခုန်သံတွေကိုလည်း သူရှေ့ဆက်မညာချင်တော့။

ထို့ကြောင့်သာ လင်းအပေါ်တွင် မျိုသိပ်ကာထားမိသော





အချစ်စိတ်တို့က သူမလေးအပေါ်တွင် ရုတ်တရက် ပေါက်ကွဲသွားမိသလိုမျိုး ဖြစ်သွားခြင်းသာဖြစ်သည်။

မနေ့ညကဖြစ်ခဲ့သော အဖြစ်အပျက်များအတွက် လင်းသူ့အပေါ်တွင် ဘယ်လိုများ သဘောထားလေမည်လဲ မသိပါ။

ဒီအချိန်လောက်ဆို သူမလေး နိုးနေလောက်ပြီဖြစ်သည်။ အတွေးဖြင့် လင်းရှိရာ အပေါ်ထပ်သို့ လှေကားထစ်များအတိုင်းတက်လာခဲ့သော ထူးထက်ခေါင်မှာ လှေကားထောင့်ကွယ်မှ ရုတ်တရက်အထွက်...

"အွန့်"

"အမေ့"

"အို"

အသံလေးများ ဆက်တိုက်ဆိုသလို စုံသွားရ၏။

မှန်ပါ၏။

အကြောင်းမှာ...

လှေကားထောင့်ကွယ်မှ ရုတ်တရက် ထွက်လာသော ထူးထက်ခေါင်ကို လင်းသည် ကမူးရှူးထိုးနှင့် ဝင်တိုက်မိလိုက်သည်မို့ နှစ်ဦးစလုံး ယိုင်ထွက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်…

သတိရှိသော ထူးထက်ခေါင်မှာ လင်းကိုယ်လေးကို ဆီး၍ပွေ့ယူဖမ်းထိန်းလိုက်သည့်အခါမှာတော့ သူမတစ်ကိုယ်လုံး ထူးထက်ခေါင်၏ ရင်ခွင်ကျယ်ကြီးထဲသို့ ထွေးခနဲ ရောက်ရှိသွားရသည်။

ထူးထက်ခေါင် သတိရှိ၍သာ တော်ပါတော့သည်။ သူသာ သတိမရှိပါက သူမတစ်ကိုယ်လုံး ကြမ်းပြင်ပေါ်သို့ မရှုမလှ ပစ်ကျမည်မှာ အမှန်ပင်ဖြစ်သည်။

"ဒါက ဘယ်လိုဖြစ်ရတာလဲ လင်း"

"ဟင်"

အပြစ်တင်ချင်သလို ဆိုလာသည့် ထူးထက်ခေါင် စကားများကြောင့် လင်းကိုယ်လေးမှာ ဆန့်ခနဲ တွန့်သွားရသည်။ အမှန်တော့ ထူးထက်ခေါင်တို့အလစ်တွင် ဤနေရာမှထွက်နိုင်ဖို့ လင်းမှာ ခပ်သွက်သွက်လေး ဆင်းလာခဲ့မိခြင်းဖြစ်ပေမယ့် တိုက်ဆိုင်လွန်းစွာ ထူးထက်ခေါင်နှင့် လာဆုံတွေ့ရခြင်းဖြစ်သည်။

တစ်ဆက်တည်း သူ့ရင်ခွင်ကျယ်ကြီးထဲတွင် လင်း တစ်ကိုယ်လုံး ရောက်ရှိနေရသည့်အဖြစ်ကို သတိထားမိလိုက်သည်

[redacted]



နှင့် လင်းမှာ မျက်နှာလေး ရဲခနဲဖြစ်သွားရကာ ရှက်ရှက်နှင့် ကမန်းကတန်းပင် သူ့ရင်ခွင်ထဲမှ ရုန်းထွက်ရင်း သူ့မျက်နှာကြီးကို ဖျတ်ခနဲ မော့အကြည့်…

"အို"

အကြည့်နွေးနွေးများဖြင့် သူမအား စူးစူးစိုက်စိုက်ကြည့်နေပါသော ထူးထက်ခေါင်၏ မျက်ဝန်းများနှင့် အကြည့်ချင်း ဆုံသွားရတော့ နှစ်ဦးသား ရင်ခုန်သံတွေကိုယ်စီ လှုပ်ရှားသွားရသည်။

"လွှတ်…လွှတ်ပါ"

လင်း၏ တွန်းထိုးရုန်းထွက်သံလေးကို ထူးထက်ခေါင် ကြားပေမယ့် မလွှတ်မိသေး။

"ဟင့်အင်း…မလွှတ်ဘူး၊ လင်းကို ကိုယ်သိပ်ချစ်တယ်၊ ကိုယ့်ကိုချစ်တယ်လို့ပြောပါ လင်း"

"အို…မသိဘူး၊ ရှင် လွှတ်ပါတော့"

"မလွှတ်ဘူးလို့ လင်းကို ပြောထားပြီးသားပဲ၊ လင်း ဆီက ကိုယ်လိုချင်တဲ့အဖြေ မရမချင်း မလွှတ်ဘူး၊ လင်း ကိုယ့်ကို ရှင်းရှင်းပြောစမ်းပါ၊ မသိဘူးဆိုတာ ဘာကိုပြောတာလဲ၊ ချစ်ရင်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်၊ မချစ်ရင် မချစ်ဘူးဆိုတာ လင်း တစ်ခုခုတော့ ကိုယ့်ကို ပြတ်ပြတ်သားသား အဖြေပေးပါ လင်း''

မျက်နှာချင်း တိုးဝှေ့ပူးကပ်ကာ သူသိချင်သည့်အဖြေကို တဖွတ်ထိုးဆန်ဆန် မေးနေသော ထူးထက်ခေါင်ကြောင့် လင်းမှာ အခက်တွေ့နေရသလို တစ်ဖက်ကလည်း သူ့အနမ်းများကြားတွင် လင်းသည် ရှက်လန့်ချောက်ချားစိတ်တို့ဖြင့် ရင်မှာ လှိုက်ခွေးနေကာ ရင်ခုန်သံတွေက အမှားမှားအယွင်းယွင်း ဖြစ်နေရတော့သည်။

သည်ပုံအတိုင်းဆိုပါက သည်လူ တဖွတ်ထိုးသမားသည် သူလိုချင်သည့်အဖြေကို မရမချင်း သူမကို လွှတ်မည့်ပုံမရ။

တိတ်ဆိတ်ကျယ်ဝန်းလှသော အပေါ်ထပ်အခန်းကျယ်ကြီးထဲတွင် အပျိုစင် လင်းနှင့် ထူးထက်ခေါင်တို့ ဆန့်ကျင်ဘက်ဖိုမနှစ်ဦး ဆုံတွေ့ရသည့်အဖြစ်က နှစ်ဦးစလုံး ရင်ခုန်သံတွေ ထိန်းမရအောင် တဒိတ်ဒိတ်နှင့် ဆောင့်ခုန်နေစေရကာ တစ်ဦးရင်ခုန်သံကိုပင် တစ်ဦးက ပြန်ကြားနေရသည်။

''ချစ်တယ်…လင်းရယ်၊ သိပ်ချစ်တယ်၊ လင်း ကိုယ့်ကို လက်ထပ်ခွင့်ပြုပါနော်''

''အို…မဟုတ်တာ၊ လွှတ်ပါ''



''မလွှတ်ချင်တော့ဘူး၊ ကိုယ့်ကိုချစ်တယ်လို့ပြော''

ဘယ်လိုပြောပြော မရသည့် အနေအထားမို့ လင်းသည် သက်ပြင်းတစ်ချက်ကို မသိမသာ ခိုးရှိုက်လိုက်ရင်းက…

''ရှင်လိုချင်တဲ့အဖြေရရင် ရှင် လွှတ်မှာလား''

''လွှတ်မယ်၊ ကိုယ့်ကိုချစ်လား''

''အင်း''

''ဟာ…ဘာအင်းလဲ၊ အဲဒီလိုအဖြေ မရဘူးကွာ၊ လင်း နှုတ်ခမ်းလှလှလေးက ဖြေတဲ့အသံကိုပဲ ကိုယ်ကကြားချင်တာဗျ''

''အဖြေရရင် တော်ရောပေါ့၊ သိပ်ပိုတာပဲ''

''အဟွန်း…ဟွန်း၊ ပိုတာမဟုတ်ပါဘူးဗျာ၊ အဲဒါ လင်းကို သိပ်ချစ်လို့ပါ''

ထူးထက်ခေါင်၏ အပြောကို လင်းသည် ပိုရန်ရောဟုသည့် ပုံစံလေးဖြင့် သူ့အား မျက်စောင်းထိုးလိုက်သည်။

သူမ၏ ထိုပုံစံလေးကြောင့်ပင် စိတ်ထဲမှာ မချင့်မရဲနှင့် အချစ်ပိုသွားရသူ ထူးထက်ခေါင်မှာ…

''ကဲ…ပြောလေကွာ၊ ဒီကောင်က စောင့်ရတာ သိပ်စိတ်မရှည်တော့ဘူးနော်''

www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ်"

"ဟောဗျာ…ချစ်တယ်လည်းဆိုသေးတယ်၊ ဘယ့်နှယ် လူကို ရန်တွေ့သလိုမျိုး ပြောနေရတာလဲ၊ ချစ်တယ်ဆိုတာကရော ဘယ်သူ့ကိုချစ်တာလဲ၊ သေချာပြောလေကွာ"

"ရှင်နော်"

ပါးမို့မို့လေးဘက်သို့ သူ့အနမ်းများ လျှပ်တစ်ပြက် ရောက်ရှိလာရင်းက ရုတ်ခြည်း လင်း၏ခါးလေးကို တင်းကျပ်စွာ ဆွဲဖက်ထားလိုက်တာကြောင့် လင်းခမျာ အသက်ရှူများပင် မှားချင်သွားရသည်။

"အို…အို‥ရှင်‥ရှင် လွှတ်ပါ၊ လင်း အသက်ရှူကျပ်တယ်"

ရင်ခွင်ထဲမှ ရုက်မျက်နှာရဲရဲလေးကို ထူးထက်ခေါင်သည် ကြည့်မဝ ချစ်မဝနိုင်စွာ ကြည့်လျက် သက်မတစ်ချက်ကို ချကာ…

"ကိုယ့်ကို ချစ်တယ်နော်"

"ချစ်တယ်…ချစ်တယ်၊ ဟောဒီက ဦးထူးထက်ခေါင် ဆိုတဲ့လူကြီးကို ချစ်မိပါတယ်တဲ့ရှင်၊ ကဲ…လွှတ်ပါတော့"

"လင်း…လင်းရယ်"

[redacted]



"အို"

ချစ်တယ်ပြောလိုက်ပြန်တော့လည်း လင်းမှာ မသက်သာလှ။

အကြောင်းကား…

ထူးထက်ခေါင်သည် သူ အကြားချင်ရဆုံးဖြစ်သည့် လင်းနှုတ်ခမ်းက ချိုအီနေရသော ချစ်စကားသံလေးကို ကြားလိုက်ရသည့်အခါမှာတော့ ရင်တွင်းအချစ်စိတ်များက ထိန်းမရချင်တော့လောက်အောင် ဆူပွက်သွားရပြီး လိုက်ဖြာရသော သူ့အနမ်းများက လင်းမျက်နှာလေးထက်သို့ နေရာလပ်မကျန် ရောက်ရှိသွားရလေတော့သည်။

"ဖယ်…သွားပါတော့၊ အမြဲရရင် လွှတ်မယ်ဆို"

"အဟွန်း‥ဟွန်း‥ဟွန်း‥ကောင်းပါပြီဗျာ၊ လင်းကို ချစ်ရတဲ့ အချစ်က နှလုံးသားမှာ မြတ်မြတ်နိုးနိုးနဲ့ တန်ဖိုးထားပြီး ချစ်ရတဲ့အချစ်မို့ ကိုယ် လွှတ်ပါ့မယ်"

ထူးထက်ခေါင်သည် လင်း၏ကိုယ်လေးကို တစ်ချက် ဖျစ်ညှစ်ကာ သူမမျက်နှာလေးထက် နောက်ဆုံး အနမ်းတစ်ပွင့် ခြွေချလိုက်ပြီး မလွှတ်ချင် လွှတ်ချင်နှင့် လင်းအား ရင်ခွင်ထဲမှ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဖြေလွှတ်ပေးလိုက်သည်။

သည်နောက်...

မြတ်နိုးမဆုံးသော ချစ်ခြင်းတို့ဖြင့် လင်းအား စိုက်ခနဲ ငေးကြည့်လိုက်ပြီး...

"လင်းကို ကိုယ်သိပ်ချစ်တယ်၊ ကဲ...ကိုယ်သွားမယ်နော်"

စကားအဆုံး လင်း၏ နှုတ်ခမ်းစင်းစင်းလေးကို ထိမိသည် ဆိုရုံ နမ်းရှိုက်ကာ အောက်ထပ်သို့ တစ်လှမ်းချင်း ပြန်ဆင်းသွားသော သူ့ကို လင်းသည် မျက်စိတဆုံး လိုက်ကြည့်နေလိုက်သည်။

သူ့အရိပ် လုံးလုံးပျောက်ကွယ်သွားမှ လင်းသည် တုန်ယင်နေရသော ရင်အစုံဖြင့် အခန်းတံခါးကိုပိတ်ကာ ခုတင်ပေါ် ဝင်လှဲလိုက်ရင်း လှုပ်ရှားနေရသော စိတ်တို့ကို တည်ငြိမ်သွားအောင် ကြိုးစားထိန်းချုပ်နေရလေတော့သည်။

ဖ ဖ ဖ

[redacted]

## အခန်း (၁၀)

"ဘာ...ဘာပြောတယ် ကိုအောင်မြင့်စိုး၊ လင်း မရှိတော့ဘူး ဟုတ်လား"

"ဟုတ်တယ်...ထူး၊ အခု အိမ်ပြန်ရောက်တော့ ဒေါ်ကြီးစိန်ပြောလို့ ဖုန်းလှမ်းဆက်တာ၊ လင်း ထွက်သွားပြီတဲ့"

"ဟာဗျာ"

ကုမ္ပဏီကိစ္စများနှင့် ဦးလေး ဦးမင်းဝေနှင့်အတူ ထူးထက်ခေါင် ရှိနေရခိုက် လင်းကို စိတ်မချနိုင်စွာဖြင့် ကိုအောင်မြင့်စိုးကို အိမ်သို့ သွားကြည့်ခိုင်းရာမှ လင်း အိမ်မှာ မရှိတော့ကြောင်းကို ဖုန်းဆက်လာခြင်းဖြစ်သည်။

"လင်းထွက်သွားတာကို အိမ်ကလူတွေ တစ်ယောက်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မှ မသိကြဘူးလား''

''အပေါ်ထပ်မှာပဲ ရှိနေမယ်ထင်ပြီး သူတို့လည်း အမှတ်တမဲ့ ဖြစ်သွားကြတယ်တဲ့''

''ကျွန်တော် အခုချက်ချင်း ပြန်လာခဲ့မယ်''

ထူးထက်ခေါင်မှာ လင်းနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတို့က သူ့ရင်ထဲ အရှိန်အဟုန်ကြီးမားစွာ ဝင်ရောက်လာရသည်။

ကားကို ကုမ္ပဏီမှ ခပ်ကြမ်းကြမ်းမောင်းထွက်လာပြီး အိမ်သို့ အမြန်ဆုံးရောက်အောင် ထူးထက်ခေါင် ပြန်လာလိုက်သည်။

တစ်အိမ်လုံး အနှံ့လိုက်ရှာပေမယ့် လင်းကို မတွေ့ရသည့်အခါမှာတော့ ထူးထက်ခေါင်ရင်သည် အတိုင်းအဆမရှိ ပူလောင်ရပါသည်။

''ကိုအောင်မြင့်စိုး…လင်း ဘယ်ထွက်သွားနိုင်သလဲဗျာ''

''ကျွန်တော့်အထင် သူ့ဒက်ဒီဆီများ ထွက်သွားလားမသိဘူး ထူး''

ထူးထက်ခေါင်အနေနှင့် ခုနေခါမှာ ဘယ်လိုအကြောင်း

BURMESE CLASSIC .com



မျိုးကြောင့်ပဲဖြစ်ပါစေ၊ လင်း၏အချစ်ကိုတော့ ဘယ်လိုမှ လက်လွှတ်အဆုံးရှုံးမခံနိုင်တော့။

တစ်သက်မှာတစ်ခါ ဖြစ်ပေါ်လာရသည့် အချစ်ဖြင့် သူမတစ်ယောက်တည်းကိုသာ ရင်မှာ မြတ်နိုးစွာ ချစ်မိရပြီမို့ သူမအချစ်ကို ရယူပိုင်ဆိုင်နိုင်ရန် အရာအားလုံးနှင့် ယှဉ်ပြိုင်ရမည်ဆိုလည်း ထူးထက်ခေါင် ဘာကိုမှ မမှုချင်တော့။

အချစ်ဆိုသည်မှာ အရာအားလုံးကို ဖြတ်ကျော်နိုင်ရန် ခွန်အားတစ်ရပ်ဖြစ်သည်ဆိုတာ သူ့အတွက် မှန်နေရတော့သည်။

လင်းနှင့်အတူ တစ်ခါက ရောက်ရှိဖူးသော ခြံကြီးရှေ့တွင် သူ့ကားကိုရပ်လိုက်ပြီးနောက် ထူးထက်ခေါင် ကားတံခါးဖွင့်ကာ ဆင်းလာပြီး ခြံရှေ့တွင်တပ်ထားသော လူခေါ်ဘဲလ်ကို နှိပ်လိုက်လေသည်။

ခြံစောင့်က တံခါးအနား ရောက်လာပြီး…

''ဘယ်သူနဲ့တွေ့ချင်လို့လဲ''

''ဦးဝဏ္ဏနဲ့ တွေ့ချင်တယ်''

''ဘယ်သူလို့ ပြောလိုက်ရမလဲ''

''လင်းရဲ့အမျိုးသားလို့ ပြောလိုက်ပါ''

www.burmeseclassic.com

www.burmeseclassic.com



ခြံစောင့်မှာ ထူးထက်ခေါင်စကားကြောင့် အတော်ကြီး အံ့သြသွားဟန်ဖြင့် သူ့ကို ကြည့်နေသဖြင့်...

"သွားပြောလေ၊ လင်း အမျိုးသား ထူးထက်ခေါင် ရောက်နေတယ်လို့"

"ဟုတ်...ဟုတ်ကဲ့"

ခြံစောင့်က ခပ်သုတ်သုတ် ထွက်သွားပြီးနောက် မကြာခင် ပြန်ရောက်လာကာ တံခါးဖွင့်ပေးသဖြင့် သူ ကားပေါ်တက်ကာ ခြံထဲရှိ ပေါ်တီကိုအောက်တွင် ကားကိုထိုးရပ်ကာ ဆင်းလိုက်သည်။

ဧည့်ခန်းထဲတွင် စောင့်နေသော ဦးဝဏ္ဏမှာ မြင့်မားသော အရပ်နှင့်အတူ အသားဖြူဖြူ မျက်လုံးမျက်ဖန်ကောင်းကောင်း၊ နှာတံပေါ်ပေါ်နှင့် ယောက်ျားပီသစွာ ချောမောသော ထူးထက်ခေါင် အား အကဲခတ်သလို တစ်ချက်ကြည့်လိုက်ပြီးနောက်...

"ထိုင်ပါ မောင်ရင်၊ ဦးက ဦးဝဏ္ဏပါ"

"ဟုတ်ကဲ့...တွေ့ရတာ ဝမ်းသာပါတယ်"

"လင်းရဲ့အမျိုးသားလို့ သိရတယ်၊ ဘာကိစ္စများရှိလို့လဲ မောင်ရင်"

စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက် ပီသစွာ မျက်နှာ





မှာ ဘာအရိပ်မှ စွန်းထင်းမပေါ်လွင်သော မျက်နှာဖြင့် တည်ငြိမ်စွာ မေးလိုက်သည့် ဦးဝဏ္ဏ၏စကားကြောင့်...

"ဒီလိုပါ ဦး၊ ကျွန်တော့်ကိုယ်ကျွန်တော်ပဲ အရင်ဆုံး မိတ်ဆက်ပေးပါရစေ၊ ကျွန်တော့်နာမည် ထူးထက်ခေါင်ပါ၊ နိုင်ငံခြားဆေးကုမ္ပဏီတစ်ခုက စီမံချက်ညှိနှိုင်းရေးမှူး ဆရာဝန် တစ်ယောက်ပါ...

လင်းနဲ့ကျွန်တော်တို့ မမျှော်လင့်ဘဲ ဦး သိတဲ့အတိုင်း ဖြစ်သွားတဲ့ကိစ္စတွေအတွက် ကျွန်တော့်ဘက်ကပဲ ဦးကို မိဘအရာ ထားပြီး အနူးအညွတ်တောင်းပန်ပါတယ်၊ ကျွန်တော့်မိဘများလည်း မရှိကြတော့ဘဲ လက်ရှိ ရန်ကုန်မှာရှိတဲ့ မင်းထူးကုမ္ပဏီက ကျွန်တော့်ဦးလေး ဦးမင်းဝေ တစ်ယောက်ပဲ ရှိပါတော့တယ်"

"ဩော်...မင်းထူးကုမ္ပဏီက ဦးမင်းဝေကိုတော့ လူချင်း မရင်းနှီးပေမယ့် နာမည်တော့ ကြားဖူးပါတယ်၊ ဟိုတစ်ခါတုန်း ကတောင် မင်းထူးကုမ္ပဏီဒါရိုက်တာ ဦးမင်းဝေစိုး ဆုံးသွားတာ လည်း ကြားလိုက်တယ်၊ လူချင်းတော့ မရင်းနှီးပါဘူး"

"ဟုတ်ကဲ့...ဦး၊ ဆုံးသွားတဲ့ ဦးမင်းဝေစိုးက ကျွန်တော့် ရဲ့ အစ်ကိုရင်းပါ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေဗျာ၊ စိတ်မကောင်းစရာပဲ၊ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားတာဆို"

"ဟုတ်ပါတယ် ဦး"

"သြော်...ဒါနဲ့ လင်းနဲ့ပတ်သက်ပြီး ဦးဘက်က ရုတ်တရက် ဘာမှန်းမသိလိုက်ရဘဲ ဒီလိုဖြစ်သွားတဲ့အတွက် ရုတ်တရက် စိတ်ဆိုးဒေါသထွက်ပြီး လုပ်ခဲ့မိတာတွေတော့ ရှိတာပေါ့၊ အခုလို ဖြစ်သွားကြပြီဆိုတော့လည်း မောင်ထူးထက်ခေါင်အနေနဲ့ ဦးတို့ဘက်က သဘောမတူစရာ မရှိတော့ပါဘူး၊ ဖြစ်ခဲ့ကြတဲ့ ကိစ္စတွေကိုလည်း လူငယ်သဘာဝလို့ ဦးက မှတ်ယူထားပြီး ခွင့်လွှတ်သလို မောင်ထူးထက်ခေါင်အနေနဲ့လည်း ဦးဘက်ကို နားလည်ပေးနိုင်ဖို့ ဦးက ပြောချင်တာပါပဲ"

"ဟုတ်ကဲ့...ကျွန်တော်တို့အပေါ် နားလည်ခွင့်လွှတ်ပေးတဲ့ ဦးရဲ့သဘောထားကို အများကြီး ကျေးဇူးတင်ပါတယ်"

"ဒါဆို လင်းကိုလည်းပြောလိုက်ပါ၊ ဒက်ဒီက လင်းကို ချစ်လွန်းတဲ့ဇောနဲ့ ရုတ်တရက် ဒေါသထွက်သွားရတာကို မောင်ထူးထက်ခေါင်ကပဲ နားလည်အောင် ရှင်းပြပေးပြီး ဦးနဲ့ လာတွေ့ခိုင်းလိုက်ပါကွယ်၊ မင်္ဂလာကိစ္စကို ဦးနဲ့ မောင်ထူးထက်



ခေါင်တို့ တိုင်ပင်ပြီး အကောင်းဆုံးဖြစ်အောင် စီမံကြတာပေါ့"

"ဟို...လင်းက ဦးဆီ ရောက်နေတာ မဟုတ်ဘူးလား"

"ဟင်...လင်း ဦးဆီ မလာပါဘူး၊ မောင်ထူးထက်ခေါင်ဆီမှာပဲ မဟုတ်လား"

"ကျွန်တော့်ကို စိတ်ဆိုးစိတ်ကောက်ပြီး အိမ်ကထွက်သွားလို့ လင်းများ ဦးဆီ လာသလားလို့"

"မလာဘူးကွယ်၊ လင်းက အခုချိန်ထိ ကလေးဆန်တုန်းပဲကိုး၊ သူက ငယ်ငယ်ကတည်းက အလိုလိုက်ထားလို့ နည်းနည်းတော့ ဆိုးတယ်ကွဲ့၊ ဒါပေမဲ့ စိတ်ထားကတော့ အရမ်းဖြူစင်ပါတယ်၊ လင်း ဘယ်များထွက်သွားတာလဲ၊ မြို့ထဲ ခဏလောက်သွားတာရော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး ဦး"

"ဒါဆိုရင် ဦးဆီ မလာတာတော့ သေချာတယ်၊ မောင်ထူးထက်ခေါင်နဲ့ စိတ်ကောက်သွားတာမျိုးဆိုရင်တော့ သူ့သူငယ်ချင်းအိမ်တွေ ဘာတွေဆီများ ခဏသွားသလားမသိဘူး၊ သမီးကြီးဖွဲ့ လာမှပဲ ဦး မေးပြီး အကျိုးအကြောင်း ဖုန်းပြန်ဆက်ပေးမယ်၊ မောင်ထူးထက်ခေါင် ဖုန်းနဲ့လိပ်စာ ဦးကိုပေးခဲ့လေ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီကိုရောက်လာရင်လည်း ဦး အကြောင်းကြားပါ့မယ်''

''ကျေးဇူးတင်ပါတယ် ဦး''

ထူးထက်ခေါင်မှာ လင်း၏ဒက်ဒီ ဦးဝဏ္ဏအား လိပ်စာကတ်နှင့် ဖုန်းနံပါတ်များကို ပေးလိုက်ပြီးနောက် လင်းဒက်ဒီကို နှုတ်ဆက်ကာ နှလုံးသားထဲမှ ဝေဒနာများစွာဖြင့် သူ ပြန်လာခဲ့ရသည်။

လင်းနှင့်ပတ်သက်ပြီး နာကျင်ရသော ဝေဒနာအတွေးများဖြင့် ထူးထက်ခေါင်မှာ လင်း သူ့အား ဤကဲ့သို့လုပ်သွားရခြင်းအတွက် သက်ပြင်းတချချဖြင့် အချစ်ဝေဒနာဆိုးကို ခံစားနေရပါတော့သည်။

တစ်ရက်၊ နှစ်ရက်၊ သုံးရက် နေ့ရက်လေးတွေ တစ်ရက်ပြီးတစ်ရက် တစ်နေ့ပြီးတစ်နေ့ ကုန်ဆုံးမှုနှင့်အတူ ထူးထက်ခေါင်မှာလည်း ရန်ကုန်မြို့အနှံ့ ကားတစ်စီးဖြင့် လင်း ရှာပုံတော်ဖွင့်ခဲ့သလို ဦးဝဏ္ဏထံသို့လည်း မလာကြောင်း၊ ဦးဝဏ္ဏမှာလည်း သမီးအဖြင့် စုံစမ်းနေကြောင်း သူ့ထံ ဖုန်းဆက်ပြောပြခဲ့သည်။

ထူးထက်ခေါင်မှာတော့ ရင်မှာ လင်းပေးခဲ့သော ဒဏ်ရာများဖြင့် အသည်းမှာနာကျင်လျက် မခံချိမခံသာသော စိတ်တို့နှင့်





ရင်မှာ ဆို့နင့်နေရသည်။

မှန်ပါ၏။

ကလေးတစ်ယောက်လို သူ့အား လှည့်စားသွားရသော လင်းကြောင့် ထူးထက်ခေါင်သည် သူမအပေါ် ခံပြင်းဒေါသလေးများဖြင့် စိတ်လှုပ်ရှားရလွန်းသောကြောင့် သူ့မှာ မတည်ငြိမ်နိုင်အောင် ဖြစ်နေရ၏။

လင်းဒက်ဒီအား အဖြစ်မှန်အလုံးစုံကို မပြောပြသည်မှာလည်း ထူးထက်ခေါင်မှာ တစ်သက်မှာ တစ်ခါမှမဖြစ်ပေါ်ဖူးသော အချစ်များစွာဖြင့် လင်းကို သိပ်ချစ်မိနေသောကြောင့် ဖြစ်ပါသည်။

တကယ်တော့ လင်းသည် သူ၏အချစ်ကို ပြက်ရယ်ပြုလှောင်ပြောင်သွားခြင်းသာ ဖြစ်ပါသည်။

အကြောင်းကား…

သူ့အား ချစ်ပါသည်ဟု အဖြေပေးပြီးသည့်နောက်ပိုင်း သူမကို အရိပ်အယောင်လေးမျှပင် မြင်တွေ့ခွင့်မရအောင် အိမ်မှ လျှပ်တစ်ပြက် ထွက်သွားသော လင်း၏လုပ်ရပ်ကြောင့် ထူးထက်ခေါင်သည် အသည်းမှာ နာကျင်လျက် မခံချိမခံသာသော စိတ်တို့နှင့် ရင်မှာဆို့နင့်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ . . .

ထူးထက်ခေါင်သည်လည်း သူ့ကို အလွယ်တကူ အဖြေပေးလိုက်သည့် ထိုနေ့ကတည်းကပင် မယုံရဲရဲနှင့် သံသယဖြစ်မိပေမယ့် သူ့အချစ်ကိုတော့ သူမလေး ဒီလို လှည့်စားရက်လိမ့်မည်လို့တော့ မထင်မိခဲ့။

ရင်မှာ အခံရခက်နေသူ ထူးထက်ခေါင်မှာ မကျေမချမ်း အတွေးတို့ကြောင့် ပိရိသော နှုတ်ခမ်းလွှာကို တင်းတင်းစေ့ပိတ်ကာ စိတ်အလိုမကျမှုတို့နှင့် မျက်နှာကြီးမှုန်တင်းလျက် မျက်မှောင်ကြုတ်နေရလေသည်။

တွေးမည်။

ထူးထက်ခေါင်ဆိုသောသူကို သူမ သည်လိုလုပ်၍ မရဆိုတာမှန်း သိစေရမည်။

မချစ်သေးရင်သာ နေမည်။

ချစ်တတ်လာပြီဆိုတော့လည်း နှလုံးသား၏ အလိုဆန္ဒအတိုင်း လိုချင်တာကို မရအရ ရအောင်ယူတတ်သော သူ့ကို လင်းသည် လျှော့တွက်ထားပုံရလေသည်။

ဘယ်လိုအကြောင်းနဲ့ပဲ ဖြစ်နေပါစေ၊ ထူးထက်ခေါင်ဆိုတဲ့

[redacted]



သူ့ကို လင်းသည် ရုတ်တရက် ထွက်သွားပုံကတော့ သူ့ရင်ကို ပို၍အခံရခက်စေကာ ယောကျ်ားမာနကိုပါ ထိပါးစေရသည့်အဖြစ်ကိုတော့ လင်း သိမည်မဟုတ်။

ထူးထက်ခေါင်သည် အသည်းမှာ နာကျင်ရမှုတို့နှင့်အတူ ရင်မှာ နင့်နင့်သီးသီး ခံစားနေရသော အချစ်ဝေဒနာတို့ကြောင့် တည်တင်းနေရသော သူ့မျက်နှာသည် ပြိုတော့မည့် မိုးသားနယ် ညို့မှိုင်းနေရသည်။

တကယ်ဆို လင်း သူ့ကိုအဖြေပေးလိုက်တဲ့နေ့ကတည်းက လင်း ထွက်သွားဖို့ အစီအစဉ်ရှိခဲ့တာ သူ မရိပ်မိခဲ့။ အချော့သတ် သူ့ကို လှည့်ဖြားလိမ့်မယ်လို့ သူ မထင်မိခဲ့သူ။

လင်းရယ် မင်း ကိုယ့်ကို ဘယ်လိုပဲ ရှောင်ပုန်းနေပါစေ၊ တစ်နေ့တော့ လင်းဟာ ကိုယ်နဲ့ဆုံဦးမှာပါပဲ။ ဒီအချိန်ကျရင်တော့ ကိုယ့်ကို ခုလို ဝေဒနာတွေခံစားရအောင်လုပ်တဲ့ မင်းလေးကို ကောင်းကောင်းဒဏ်ခတ်ပစ်ရမယ်။

အတွေးများဖြင့် ထူးထက်ခေါင်ကား ရင်မှာ မွန်းကျပ်ကျပ်ကြီး ဖြစ်လာရသည်။

"ရက်စက်တဲ့ လင်း၊ မင်းလေးကတော့ကွာ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုးညည်းညူရင်းက ထူးထက်ခေါင်မှာ မပီပြင်သော မချိပြုံးကို ပြုံးလိုက်သည်။

မှန်သည်။

ထူးထက်ခေါင်ကား အချစ်အတွက်နှင့် ပူလောင်ကျွမ်းနေရသော နှလုံးသားတို့ဖြင့် ရင်မှာ ထိထိခိုက်ခိုက်ကြီး ခံစားနေရမှုတို့ကြောင့် သူ့အသွင်သည် နွမ်းနယ်နေရသော်လည်း သူ့မျက်နှာချောချောကတော့ ခံပြင်းဒေါသလေးများဖြင့် ခက်ထန်မာကျောနေရသည်မှာ ခုနေခါမှ လင်းသာ အနားမှာရှိနေပါက သူ ဘယ်လောက်ထိ ပေါက်ကွဲသွားရမည်ကိုလည်း မခန့်မှန်းရဲအောင် ရှိနေရသည်။

တစ်သက်မှာ တစ်ခါသာ ဖြစ်ပေါ်လာရသည့် အချစ်ဖြင့် လင်းကို အသက်မက ချစ်မိသွားရသည့်အဖြစ်က ဘေးလူတွေ ရိပ်မိလောက်အောင် ဟန်မဆောင်နိုင်တော့သည့် ကိုယ့်အဖြစ်ကိုလည်း သူ သတိမထားမိနိုင်တော့။

ထို့အတူ…

ချစ်ရသူလေးကို စက္ကန့်နှင့်အမျှ မြင်ချင်တွေ့ချင်နေရသော ထူးထက်ခေါင်မှာ သူ့အား ရှောင်ပုန်းနေဦးမည့် လင်းအဖြစ်ကို



သိသော်လည်း ကိုယ့်စိတ်ကိုယ် မချိုးနှိမ်နိုင်တော့သည့် အဆုံးမှာတော့ လင်းဒက်ဒီ ဦးဝဏ္ဏထံသို့ ဖုန်းဆက်ကာ လင်းသတင်းအစအနကို မေးမိရပြန်သည်။

လင်းဒက်ဒီက လင်း၏အခင်ဆုံးသူငယ်ချင်း ပိုးအိခပ်စောစောကပင် သူ့ထံ ဖုန်းဆက်ကြောင်း၊ လင်း ရောက်နေသည့်မှာ သုံးလေးရက်ရှိနေပြီဖြစ်၍ လင်းအမျိုးသားနှင့် စိတ်ဆိုးပြီးထွက်လာသည့်ထင်ကြောင်းနှင့် လင်း ထွက်သွားမည်စိုး၍ သူတို့လည်း ဘာမှမမေးဘဲ လင်းဒက်ဒီထံသို့ လင်း မသိအောင် ဖုန်းဆက်ပြောပြထားသည်ကို ထူးထက်ခေါင် သိလိုက်ရတော့ လင်းဒက်ဒီ ပြောပြသည့် လိပ်စာအတိုင်း သူ ကားကို အမြန်ဆုံးမောင်းထွက်လာခဲ့လိုက်သည်။

ပိုးအိ အိမ်ရောက်တော့ လင်းနှင့်ပိုးအိတို့ကို မတွေ့။ စူပါမားကတ်တစ်ခုသို့ ဈေးထွက်ဝယ်သွားသည်မှာ မကြာသေးကြောင်းသိရသည်နှင့် လင်းရှိရာသို့ သူ အမြန်ဆုံး လိုက်လာခဲ့တော့သူငယ်ချင်းဖြစ်သူ ပိုးအိနှင့်အတူ ရယ်ရယ်မောမော စကားပြောကာ စူပါမားကတ်ရှေ့တွင် ကားလေးထဲမှထွက်လာသော လင်းကိုအသင့်ပင် တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အပြုံးများဖြင့် ရှိနေရသော လင်း၏လှပလွန်းသော မျက်နှာလေးကို မြင်လိုက်ရသည့် ခဏအတွင်းမှာပင် ထူးထက်ခေါင်သည် ရင်မှာ ပြီးပြည့်စုံသွားသလိုမျိုး ကျေနပ်မှုစိတ်များဖြင့် လှိုက်ဖြာသွားရသည်။

သူ့ကိုကျောပေးကာ သူငယ်ချင်းနှင့် စကားပြောနေသော လင်းသည် သူမရှိရာသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်လာနေသော ထူးထက်ခေါင်ကို မမြင်မိသေး။

"လင်း"

"ဟင်"

ရုတ်တရက် လင်းနောက်ဘက်မှ အသံကြောင့် လင်းမှာ သူမနောက်ကို ဖျတ်ခနဲ လှည့်အကြည့်...

"ဟင်"

လင်းသည် ခြေဖျားလက်ဖျားများပင် အေးစက်မတတ် ဖြစ်သွားရသည်။

အကြောင်းမှာ...

ရှုတည်တည် မျက်နှာထားဖြင့် ထူးထက်ခေါင်၏ မျက်နှာချောချောကို ရုတ်တရက် မြင်တွေ့လိုက်ရသောကြောင့်



ဖြစ်ပါသည်။

ဘယ်ကနေ ဘယ်လို တိုက်ဆိုင်စွာဖြင့် ခုလိုတွေ့ရသည့် အဖြစ်ကြောင့် လင်းမှာ စိတ်ညစ်ညူးသွားရကာ သူ့ကို ဘယ်လိုမှ ရှောင်ချိန်မရလိုက်တော့ပါ။

ယခုမှတော့ မထူးတော့ပြီမို့ လင်းသည် ပျက်သွားရသည့် မျက်နှာလေး ပြင်လိုက်ရင်းက...

"ဪ...ရှင်ပါလား"

အံ့သြဟန်ကို ဖုံးကွယ်ထားရင်း ခပ်တည်တည် မျက်နှာပေးလေးဖြင့် ပြန်နှုတ်ဆက်လိုက်ပုံကြောင့် ထူးထက်ခေါင်သည် သူမကို စူးစူးစိုက်စိုက်လေး ကြည့်နေသဖြင့်...

"လင်း...ပိုးအိကို မိတ်ဆက်ပေးဦးလေ၊ လင်း အမျိုးသားထင်တယ်"

စကားသွက်မလေး ပိုးအိက အခြေအနေတစ်ခုကို သဘောပေါက်သွားဟန်ဖြင့် ကြားထဲက စကားဆိုလိုက်သဖြင့်...

"အို...ပိုးအိကလည်း၊ ဘယ်က အမျိုးသားရမှာလဲ"

"လင်း...မင်း အခုအချိန်ထိ ကိုယ့်ကို စိတ်ကောက်နေတုန်းပဲလား၊ ဒီက ညီမကိုလည်း အားနာပါတယ်၊ အစ်ကို့နာမည်

www.burmeseclassic.com

www.burmeseclassic.com



က ထူးထက်ခေါင်ပါ၊ လင်းရဲ့အမျိုးသားပဲ ဆိုပါစို့"

"ဪ...ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် အစ်ကို၊ ညီမ နာမည်က ပိုးအိပါ၊ လင်းရဲ့အခင်ဆုံး သူငယ်ချင်းပါ"

သူ့ကိုယ်သူ လင်းအမျိုးသားပါဆိုသော စကားကို ပိုင်စိုးပိုင်နင်း ဆိုနေလေသူ ထူးထက်ခေါင်ကို လင်း စိတ်ထဲကနေ ဒေါသလေးတွေ အလိပ်လိုက်ထွက်နေရပါသည်။

သူမ စိတ်တိုနေရသလောက် ထူးထက်ခေါင်နှင့် ပိုးအိမှာတော့ အပြုံးကိုယ်စီဖြင့် ရှိနေရပါသည်။

"ခုလိုကူညီပေးတဲ့အတွက် ဒီက ပိုးအိကို ကျေးဇူးတင်ပါတယ်၊ တစ်နေ့လောက်မှ အိမ်ကိုဖိတ်ပြီး ပိုးအိကို ကောင်းကောင်း ဧည့်ခံရဦးမယ်"

"ရပါတယ်ရှင်၊ ဒါမျိုးကူညီရတာ ပိုးအိတို့အတွက် ကုသိုလ်တောင်ရပါသေးတယ်"

"ပိုးအိနော်၊ ဘာတွေလျှောက်ပြောနေတာလဲ၊ သူက လင်းနဲ့ဘာမှမပတ်သက်ဘူး"

"အဲဒါသာကြည့်တော့ ပိုးအိရေ၊ ခုထိ အစ်ကို့ကို သူ စိတ်ကောက်မပြေသေးဘူး"





"ရှင်နော်...ရှင်"

မထီတထီ အပြုံးနှင့်အတူ ထူးထက်ခေါင်၏အကြည့်နှင့် စကားသံထဲတွင် မခိုးမခန့် အမူအရာလေးများ ဝင့်ခနဲ ပါသွားရသည်ကို လင်းမှာ သတိထားလိုက်မိရသည်။

သူမနှင့်ပတ်သက်ပြီး တဇွတ်ထိုးဆန်ဆန် လုပ်တတ်သော ထူးထက်ခေါင်၏အကျင့်ကို သိနေသော လင်းမှာ သူ့ကို သူမ ဒီထက်ပို၍ ရှောင်လို့မရတော့ဆိုတာကိုလည်း သိလိုက်ပါသည်။

"လာ...လင်း၊ ကိုယ်တို့ စကားအေးအေးဆေးဆေး ပြောပြီး ကိုယ်တို့နှစ်ယောက်ကိစ္စ ဆွေးနွေးကြရအောင်၊ ခွင့်ပြုဦးနော် ညီမ၊ နောက်မှ ဆုံကြတာပေါ့"

သူပြောသည့်စကားကို လက်မခံပါက သူငယ်ချင်း ပိုးအိရှေ့မှာမရှောင် ဇွတ်တရွတ်နှင့်ကြမ်းပါက သူမသာ အရှက်ကွဲရပေလိမ့်မည်။

သူ့ပုံစံက ဝေဒနာတစ်ခုကို တင်းတင်းကျပ်ကျပ်ကြီး ခံစားနေရသည့်ဟန်၊ မျက်နှာချောချောက မှုန်တည်တည်ဖြစ်နေရသလို လင်းသည် သူငယ်ချင်း ပိုးအိရှေ့တွင် သူ့ဒေါသများ မပေါက်ကွဲခင် သူ့ကိုရင်ဆိုင်လိုက်တာသာ အကောင်းဆုံးဖြစ်မည်



www.burmeseclassic.com

www.burmeseclassic.com



ဟု ချိတုံချတုံ အတွေးများဖြင့် ရှိနေဆဲမှာပင်…

"လင်းကလည်းကွာ ဒီက ဦးထူးထက်ခေါင်နဲ့ လိုက်သွားလိုက်ပါ၊ နောက်တော့မှ အေးအေးဆေးဆေး ပိုးအိဆီ ပြန်လာလည်း ရတဲ့ဥစ္စာ၊ ခုတော့ ပူပူနွေးနွေးကိစ္စလေးတွေ အရင်ဆုံး ဖြေရှင်းလိုက်ကြဦးနော်"

"အိနော်…ဘာစကားလဲ"

"အိက ရိုးရိုးသားသားပြောတာပါနော်၊ လင်းဘာသာ မလုံမလဲ ဖြစ်နေပြီ၊ အဟင်း…ဟင်း"

သူ့ရှေ့တွင် အနှောင့်အသွားမလွတ် ပြောလိုက်သော ပိုးအိစကားလေးကြောင့် လင်းမျက်နှာလေးတွေ တွတ်တွတ်ရဲသွားရ၏။

ဒီအချိန်မှာ လင်း ဘာပဲရှင်းပြရှင်းပြ လင်းစကားကို ယုံကြမည့်ပုံမပေါ်သဖြင့် သူနှင့် စကားအပြတ်ပြောရန်သာ လင်းအတွက် ရှိတော့သည်မဟုတ်ပါလား။

"အဟွန်း…ဟွန်း…ဟွန်း"

"ရှင်က ဘာရယ်တာလဲ"

"ဟောဗျာ"

[redacted]



သူမကို ပြန်ပြုံးပြီး စိုက်ကြည့်ကာ ရယ်နေသော ထူးထက်ခေါင်ကို လင်းသည် ရှက်ရှက်နှင့် မျက်စောင်းလေးထိုးကာ ရန်တွေ့လိုက်သည်။

သည်နောက်…

စူတူတူနှုတ်ခမ်းလေးဖြင့် ပိုးအိကို နှုတ်ဆက်ပြီး ဘောက်ဆတ်ဆတ် ထွက်သွားသည့် လင်းကြောင့် ထူးထက်ခေါင်လည်း ပိုးအိဆိုသော လင်းသူငယ်ချင်းမလေးကို နှုတ်ဆက်လိုက်တော့သည်။

"ပိုးအိကိုလည်း အားနာပါတယ်ဗျာ"

"ရပါတယ်ရှင်၊ လင်းအတွက်နဲ့တော့ အားနာစရာမလိုပါဘူး၊ သူ့အကြောင်းကတော့ ပိုးအိတို့က အသိဆုံးဖြစ်နေပြီ၊ ဦးထူးထက်ခေါင်သာ ပိုးအိတို့သူငယ်ချင်းကို စိတ်ချမ်းသာအောင်ထားပါ"

"စိတ်ချပါဗျာ၊ ကျွန်တော်က အားလုံးကို လင်းဆန္ဒအတိုင်း ဖြစ်စေရပါမယ်၊ သွားပြီနော်"

"ကောင်းပါပြီရှင်"

သူငယ်ချင်းကောင်းပီသလှသော လင်း၏သူငယ်ချင်းမ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လေးကို နှုတ်ဆက်ကာ ဆံပင်ရှည်များ တယမ်းယမ်းဖြင့် ရှေ့က လျှောက်သွားသော လင်းနောက်သို့ သူလိုက်လာခဲ့သည်။

သူ့ကားနားသို့ရောက်သည်နှင့် လင်းမျက်နှာလေးကို အပြုံးများနှင့် စိုက်ကြည့်လိုက်ပြီး လင်း ဝင်ထိုင်နိုင်ရန်အတွက် ကားတံခါးကို ဆွဲဖွင့်ပေးလိုက်သည်။

"တက်လေ…လင်း"

သူ့စကားကို လင်းသည် ဘာမှပြန်မပြောမနေတော့ဘဲ စူးနစ်သော မျက်ဝန်းလေးဖြင့် တစ်ချက်ကြည့်ပြီး အသင့်ဖွင့်ထားသော သူ့ကားထဲသို့ ဝင်ထိုင်လိုက်လေသည်။

သူမဘက်မှ ကားတံခါးကို ထူးထက်ခေါင် ပိတ်ပေးပြီးသည်နှင့် သူသည်လည်း ကားမောင်းသူနေရာတွင် ဝင်ထိုင်ကာ သူ့ကားလေးကို မောင်းထွက်လိုက်လေတော့သည်။

ဖ ဖ ဖ

[redacted]

## အခန်း (၁၁)

လင်း လိုက်ပါလာသော ကားလေးကို ထူးထက်ခေါင် မှာ အင်းလျားထဲသို့ မောင်းဝင်ခဲ့လိုက်သည်။

"လင်း"

"အို"

ကားလေးရပ်သွားသည်နှင့် ထူးထက်ခေါင်သည် ဖျတ်ခနဲ ဆိုသလို လင်း၏ခါးကျဉ်းကျဉ်းလေးကို သူ့လက်အစုံဖြင့် ခပ်တင်းတင်းလေး ဆွဲယူသိုင်းဖက်ကာ သူနှင့် ရင်ချင်းဆွဲကပ်ထားလိုက်လေတော့သည်။

လင်းမှာ ရုတ်တရက် ဘာစကားမှပြောမထွက်နိုင်အောင်လွှက မွှန်းကျပ်သွားရပြီး အသက်ရှူလေးများပင် မှူမမှန်နိုင်တော့။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလူမှန်းမသိ။

လင်းမှာ လက်ရဲဇက်ရဲရှိလွန်းသော ထူးထက်ခေါင်ရင်ခွင်မှ အတင်းပင် ရုန်းထွက်လိုက်ပေမယ့် အရာမထင်ပါ။

အတွေ့အကြုံမရှိသော အပျိုစင် ဖူးဖူးနုနုလေး လင်းမှာ သူမကို ဒီလိုမျိုး လက်ရဲဇက်ရဲနှင့် ပြုမူနေသည်များကို နည်းနည်းလေးမှ မကြိုက်နှစ်သက်သည်မို့ နှုတ်ခမ်းလေးကို ဖိကိုက်ကာ ထူးထက်ခေါင်အား မျက်စောင်းလေးတရွယ်ရွယ်နှင့် ရှိနေရတော့သည်။

"မင်းပြောစမ်း၊ ကိုယ့်ကို ဘာဖြစ်လို့ လှည့်စားသွားရတာလဲဆိုတာ"

ရင်ထဲတွင် နာကျင်မှုတို့ဖြင့် မွန်းကျပ်နေရသော ထူးထက်ခေါင်မှာ လှည့်စားရက်လေခြင်းဆိုသည့် မချင့်မရဲစိတ်ဖြင့် လင်းကိုယ်လေးကို ဖျစ်ညှစ်ရင်းက မေးလိုက်သည်။

"ဘာလုပ်တာလဲ...လွှတ်"

"မလွှတ်နိုင်ဘူး၊ မင်း ကိုယ်မေးတာကိုသာ ဖြေပါ"

ထူးထက်ခေါင်သည် မျက်နှာမှာ သုန်မှုန်တင်းမာလျက် အလိုမကျသလိုမျိုး ရှိနေရသည်။





"ဘာကိုဖြေရမှာလဲ၊ လင်းနဲ့ရှင်က ဘာမှမဆိုင်တော့တာ"

"မင်းကွာ"

ဘာအပြစ်မှ လုပ်မထားသည့်ပုံစံမျိုး မျက်တောင့်ရှည်ကြီးများကိုပင့်ကာ ကြည့်လိုက်ပုံက သူ့ရင်ကို ပို၍လှုပ်ခတ်သွားစေရသလို သူမစကားများကြောင့်လည်း ထူးထက်ခေါင်မှာ ဒေါသတွေ ပို၍ကြီးသွားရသည်။

"ဘာလဲ...အမိက ကျုပ်ကို လှည့်စားချင်တိုင်း လှည့်စားလို့ရမယ့် ခပ်ညံ့ညံ့ယောက်ျားများ မင်း ထင်နေလားဟင်"

"အို...ကျွန်မက ရှင့်ကို ဘာတွေလှည့်စားထားလို့ ရှင်က ဒီစကားတွေ ပြောနေရတာလဲ"

"ဘာပြောတယ်၊ ဘာကြောင့် ဒီစကားတွေပြောနေရတာလဲ ဟုတ်လား..လင်း၊ ကောင်းပြီလေ...ဒါဆို ဘာလို့ အိမ်က ထွက်ပြေးသွားရတာလဲ၊ ပြီးတော့ ဘာဖြစ်လို့ ချစ်တယ်လို့ ကိုယ့်ကို ပြောရတာလဲ"

ထူးထက်ခေါင်မှာ လင်း လက်လေးတစ်ဖက်ကို ခပ်တင်းတင်းလေး ဆုပ်ကိုင်ရင်းက သိချင်သည့်အဖြေကို ခပ်



www.burmeseclassic.com

www.burmeseclassic.com



လောလောလေး မေးလိုက်သည်။

"ကိုယ်မေးတာ ဖြေလေ လင်း"

"ဒါ…ဒါကတော့"

လေသံကလည်းစိမ်း၊ မျက်နှာကလည်း တင်းမာကာနှင့် သူနှင့် အသားချင်းထိမှာကိုပင် မလိုလားသည့်ဟန်ဖြင့် တစ်ဖက်သို့ တိုးရွှေ့ထိုင်နေသော လင်းကိုကြည့်ပြီး ထူးထက်ခေါင်သည် ရင်မှာ မရိုးမရွစိတ်နှင့် မျက်မှောင်ကြီး ကြုတ်လာရသည်။

"လင်း"

သူ့ခေါ်သံကို ကြားပေမယ့် လင်းသည် မထူးသလို သူနှင့်မျက်ဝန်းချင်းလည်း အဆုံမခံဘဲ သူ့အကြည့်များကို တခြားတစ်နေရာသို့ လွှဲထားသည်။

မတုန်မလှုပ် သူမ၏ ထိုပုံစံလေးကြောင့် တစ်ခုခုကို နားလည်သဘောပေါက်လိုက်ရသော ထူးထက်ခေါင်မှာ ဒေါပွသွားရကာ ရှုတည်တည်မျက်နှာကြီးနှင့် လင်းကို ကြည့်လိုက်ပြီး…

"ဘာလဲ…ခင်ဗျားလေး ကျုပ်ကို တကယ်မချစ်ဘဲ ချစ်ဟန်ဆောင် ဖြေလိုက်တာလား"

သူ့စကားကို ဘာမှပြန်မပြောဘဲ ဂျစ်ကန်ကန်ပုံစံလေးနှင့်



ကားပေါ်က ဆင်းရန်ပြင်နေသည့် လင်းကိုယ်လေးကို ထူးထက်ခေါင်သည် အသည်းတယားယား စိတ်တိုတိုနှင့် ရင်ခွင်ထဲသို့ ခပ်ကြမ်းကြမ်းလေး ဆွဲပွေ့ယူလိုက်ရင်းက…

"ဖြေလေကွာ"

အသားလေးများ နာကျင်သွားရသည်မို့ လင်းသည် မျက်နှာလေး မဲ့ကျသွားရကာ…

"ဟုတ်တယ်၊ အဲဒီလိုမှ ဟန်ဆောင်မဖြေရင် မဖြစ်တော့လို့ ရှင့်ကို အဖြေပေးလိုက်ရတာပဲ"

"အဟွန်း…သိပ်ကောင်းတယ် လင်း၊ ကျုပ်မှာတော့ မင်းရဲ့အဖြေကို အဟုတ်ကြီးမှတ်ပြီး အရူးကြီးတစ်ယောက်လို ပျော်နေရသလောက် မင်းကတော့ ကျုပ်ကို ကောင်းကောင်းကြီး ကွယ်ရာမှာ ဟားတိုက်ရယ်နေမှာပေါ့နော်"

"ရှင် လင်းကို အပြစ်မတင်ပါနဲ့၊ လင်းကို အဲဒီလို မဖြေဖြေအောင် ရှင်ပဲ အကျပ်ကိုင်ခဲ့တာမဟုတ်လား၊ ရှင်မှမဟုတ်ဘူး၊ အချစ်ရေးနဲ့ပတ်သက်လို့ လင်း ဘယ်သူ့ကိုမှ မစဉ်းစားချင်သေးဘူး၊ အဲဒီအတွက် လင်း ရင်ထဲမှာ ဘယ်သူ့ကိုမှ ချစ်တယ်ဆိုတာ မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အေး…မင်းက မရှိပေမယ့် ကိုယ်ကတော့ရှိတယ်၊ သည်ကောင်က ခင်ဗျားလေးကို ချစ်နေတာဗျ၊ သိပ်ချစ်တာ"

ပြောရင်းက ချစ်ဒေါသများ ပေါက်ကွဲသွားရသည့် ထူးထက်ခေါင်မှာ လင်းကိုယ်လေးကို ရုန်းမထွက်နိုင်အောင် ခပ်တင်းတင်းလေး သိုင်းဖက်ထားလိုက်သည်။

"ရှင်နော်..လွှတ်..လွှတ်၊ မရမ်းကားနဲ့"

"အဟွန်း…မရမ်းကားနဲ့ ဟုတ်လား၊ နူးနူးညံ့ညံ့နဲ့ တောင်းပန်ပြီး အမိကို ချစ်ပါရစေ၊ ကြိုက်ပါရစေဆိုတော့ရော ခင်ဗျားလေးက လက်ခံလို့လား၊ ဒီလိုနဲ့တော့ ကိုယ် သိပ်ချစ်ရတဲ့ မင်းကို လက်လွှတ်မခံနိုင်ဘူး၊ လူရိုင်း လူကြမ်းကြီးလို့လည်း မင်း ကြိုက်သလို ပြောနိုင်တယ်၊ ကိုယ်ကတော့ မင်းကို သိပ်ချစ် တာပဲ သိတယ်၊ ချစ်တယ်"

"ရှင်နော်…ရှင်…အို..အို"

လင်းက တအိုအိုနှင့် စကားဆုံးအောင် ပြောခွင့်မရပါ လေတော့။

အကြောင်းမှာ အချစ်မူး မူးနေသော ထူးထက်ခေါင်မှာ လင်းတစ်ကိုယ်လုံးကို ရင်ခွင်ထဲသို့ သိမ်းကျုံးဆွဲဖက်လိုက်ပြီးနောက်





သူ့အနမ်းများက လင်း၏မျက်နှာလေးထက်သို့ အချိန်ကြာကြာလေး ရောက်ရှိသွားရသောကြောင့်ဖြစ်သည်။

"ဖယ်…လွှတ်ပါ"

သူ့ရင်ထဲမှ လင်းသည် ရုန်းထွက်လိုက်သည်။

"လင်း"

သူခေါ်ပေမယ့် လင်းမှာ ရုတ်တရက် စကားမဆိုနိုင် သေးပါ။ သူ့အနမ်းများကြောင့် ပရမ်းပတာ ခုန်နေရသော သူမ နှလုံးသားလေးကို တည်ငြိမ်အောင် ထိန်းနေရသောကြောင့်ဖြစ် သည်။

"လင်း…ကိုယ်ခေါ်နေတယ်လေ၊ မထူးဘူးလား၊ မထူး ရင်…"

"ရှင်နော်…ဦးထူးထက်ခေါင်နော်"

လင်းမှာ ထူးထက်ခေါင်ကို ကြောက်လန့်တကြားလေး ဖြင့် သူမမျက်နှာလေးဘက် တိုးကပ်လာသော ထူးထက်ခေါင်၏ မျက်နှာချောချောကို ရှောင်ရင်းက သူမလက်လေးများက သူ့ကိုယ် ကြီးကို မမီမကမ်းနှင့် တွန်းရင်းက ထူးထက်ခေါင် ရင်ခွင်ကြား တွင် သူမမျက်နှာလေးကို ဖွက်ထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း…ဟွန်း…လင်းရယ်"

သူ့အား အကြောက်လွန်နေရှာသည့် လင်းအား မချင့်မရဲ မှုတို့ဖြင့် အသည်းယားနေရသော ထူးထက်ခေါင်မှာ အပြုံးများ ဖြင့် စိုက်ကြည့်ရင်းက လင်းဆံနွယ်လေးတွေကို ခပ်ဖွဖွနမ်းရှိုက် နေလိုက်သည်။

သူ့အနမ်းများကြောင့် လင်းသည် ကြက်သီးလေးများ ဖြန်းဖြန်းထသွားရလေသည်။

[illegible]ည်လူကတော့ အမြဲဒီလိုပါပဲ။

ဖွတ်တရွတ်ဆန်ဆန် လုပ်ရပ်များနှင့် သူနှင့်စတွေ့ကတည်း က သူ့ကြောင့် ရင်ခုန်သံတွေ မမှန်နိုင်အောင် ဖြစ်ခဲ့ရသော လင်း မှာ သူမကိုယ်သူမလည်း ဒီထက်ပိုပြီး မညာချင်တော့။

ရင်ထဲက အချစ်ဆိုသော ပန်းပွင့်လေးသည် သူ့ကြောင့် သာ ပထမဦးဆုံး ဖူးပွင့်လာခဲ့ရသည်ကိုတော့ လင်း ဝန်ခံရတော့ မလို ဖြစ်နေပါပြီ။

ထိုသို့ ရင်မှာ ပထမဦးဆုံး ပွင့်လန်းလာသော မေတ္တာ ပန်းကို ထူးထက်ခေါင်ဆိုသည့် သူ့ကိုသာ ပေးအပ်ရန် သူမ ဆုံးဖြတ်မိသည့်ခဏဝယ် သူမ၏လှပလွန်းသော မျက်နှာလေးသည်





ရှက်ပြုံးလေးများဖြင့် လက်ဖြာသွားရသည်။

"လင်းကို သိပ်ချစ်တယ်၊ ချစ်တယ်"

"အို"

တမြတ်တနိုးနှင့် ချစ်ခဲ့ရသော လင်းကို ယုယုယယနှင့် ပွေ့ဖက်ကာ သူ့အနမ်းများက လင်း၏ပါးပြင်နုနှင့် နှုတ်ခမ်းလှလှ လေးထက်သို့ ရောက်ရှိသွားရသည်။

"ကိုယ်လေ လင်းရဲ့အမုန်းဒဏ်ကို မခံနိုင်ဘူး၊ လင်းကို လက်လွှတ်ဆုံးရှုံးရမှာကို သိပ်ကြောက်တာပဲ၊ ကိုယ့်အချစ်ကို လင်း ယုံစေချင်တယ်"

ထူးထက်ခေါင် ပြောသာပြောရသည်။ လင်းနှုတ်ဖျား မှ မုန်းစကားများကိုတော့ သူ နားမထောင်ရဲအောင် ရှိနေရသည်မို့ သူ့အသံက စိတ်ပျက်အားလျော့သံဖြင့် တိုးလျနေရသည်။

ထိုစဉ်…

"ကို"

"ဟင်…လင်း…လင်း ဘယ်လိုခေါ်လိုက်တယ်၊ ကိုယ့်ကို ကို လို့ခေါ်လိုက်တယ်၊ ဟုတ်လား လင်း"

"ဟာကွာ…မကြားဘူးလား၊ ရှက်ပါတယ်ဆိုမှ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဝမ်းသာလိုက်တာ လင်းရယ်၊ မရှက်ပါနဲ့ လင်းရယ်၊ ကိုယ် နားကြားများ လွဲသလားလို့မို့၊ တစ်ခေါက် လောက် ခေါ်ပါဦးနော်"

ကဲကဲလှုပ်သည်းပြနေသော ထူးထက်ခေါင်ကို လင်းသည် ရှက်မျက်စောင်းလေးဖြင့် ကြည့်လိုက်တော့ သူမကို ပြုံးစစဖြင့် ငေးကြည့်နေသော သူ့အကြည့်များနှင့် ဆုံလိုက်ရသဖြင့် ရင်မှာ ဒိန်းခနဲ တုန်လှုပ်သွားရကာ ရင်တွေ တအားဆောင့်ခုန်သွားပါသည်။

တကယ်တော့ လင်းမှာ သူ့ကိုချစ်စိတ်တို့ဖြင့် ရှက်စိတ်များကို ဘေးဖယ်ကာ မနည်းအားယူခေါ်လိုက်ရခြင်းသာ ဖြစ်ပါသည်။

သို့သော်လည်း…

သူမနှုတ်မှ ခေါ်သံလေးကို စောင့်မျှော်နေသည့် သူ့ကို ကြည့်ပြီး အသနားပိုလာရသည်မို့ မျက်လွှာလေးချကာ ရှက်မျက်နှာ ရဲရဲလေးဖြင့်…

"ကို"

"ဗျာ"

[redacted]



"ဟာ…လင်း ကိုယ့်ကို တကယ်ပြန်ချစ်တာပါနော်၊ ဟုတ်လား လင်း"

"အစကတော့ ရှင့်ကို မုန်းတယ်၊ ခုတော့…"

ရှက်လန့်တကြားလေးဖြင့် စကားရပ်သွားရသော လင်း၏ ရှက်မျက်နှာလေးကို ငုံ့မိုးစူးစိုက်ကြည့်လိုက်ပြီး…

"ခုတော့…ခုတော့ ဘာဖြစ်လဲဟင်"

"ချစ်တယ်"

တိုးလျလျလေး ပြောလိုက်သော သူမအသံလေး ကြောင့်…

"ကိုယ့်ကို ဒီတစ်ခါတော့ မညာပါနဲ့ လင်းရယ်နော်"

"ဟွန်းနော်…လူကို သံသယဝင်နေရင်လည်း မချစ်နဲ့တော့"

"အိုဗျာ…မဟုတ်ရပါဘူးကွာ၊ ကိုယ့်ကိုယ်ကို မယုံသလို ဖြစ်နေရလို့ပါ"

"ဒါဆိုလည်း ယုံသွားအောင်လို့"

"အား"

လင်းသည် စိတ်ပေါက်ပေါက်နှင့် နှာခေါင်းလေးရှုံ့ကာ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သူမ လက်သည်းချွန်ချွန်လေးဖြင့် ထူးထက်ခေါင်၏ လက်မောင်းတစ်ဖက်ကို တအားကြီး ဆွဲဆိတ်ပစ်လိုက်တော့သည်။

"ယုံသွားပြီလား"

"အား…ယုံသွားပါပြီ လင်းရယ်၊ ပျော်လိုက်တာ လင်းရယ်၊ ကိုယ့်ဘဝတစ်သက်တာမှာ ဒီနေ့လောက် ပျော်ရွှင်မှုတွေနဲ့ ပြည့်စုံတဲ့နေ့မရှိဘူး၊ သိပ်ပျော်တာပဲကွာ"

လင်း နှုတ်က ပွင့်ပွင့်လင်းလင်း ဖွင့်ဟလာသည့် ချစ်အဖြေကို ရပြီမို့ ထူးထက်ခေါင်သည် အရမ်းကို ပျော်ရွှင်သွားရကာ လင်းကိုယ်လေးကို ဆွဲပွေ့လိုက်ကာ ကြမ်းရမ်းပစ်လိုက်သည်။

သည်နောက်…

ချစ်ရိပ်များ ဖိတ်လျှံနေရသော မျက်ဝန်းညိုအစုံဖြင့် လင်း၏ မျက်နှာလေးကို မလွှတ်တမ်း စိုက်ကြည့်နေသောကြောင့် လင်းမှာ သူ့ရှေ့တွင် မနေတတ်အောင် ဖြစ်လာရသည်။

"ကိုနော်…လူကို ဘာဖြစ်လို့ အဲဒီလောက်စိုက်ကြည့်နေရတာလဲ"

"လင်းကိုချစ်လို့၊ ကိုယ့်ကို ချစ်တယ်နော်"

"အင်း"



"ချစ်တယ်ဆိုပြီး ထွက်ပြေးသွားဦးမှာလား"

"သွား…မယုံလည်းနေ"

မျက်စောင်းလေးထိုးကာ သူ့အပါးမှ တစ်ဖက်သို့ တိုးကပ်သွားသော လင်း၏အမူအရာလေးကို ထူးထက်ခေါင်သည် ချစ်အသည်းယားမှုဖြင့် သဘောကျလို့ မဆုံးနိုင်တော့။ ထို့အတူ သူနှင့်ဝေးရာသို့ ရွှေ့ထိုင်လိုက်သော ချစ်သူလေးကိုလည်း ကြားလေ သွေးလျှင် ဝေးမှာစိုးသည့်အလား ပခုံးချင်း ကိုယ်လုံးချင်းထိအောင် တိုးကပ်ထိုင်ကာ လင်းကိုယ်လေးကို သူ့ဘက်သို့ ဆွဲယူသိုင်းဖက်လိုက်ပြီး…

"မယုံလို့မဟုတ်ပါဘူး အချစ်ရယ်၊ လင်းကို သိပ်ချစ်လွန်းလို့ပါ"

"ဘာချစ်တာလဲ၊ ချစ်တယ်ဆို့တဲ့သူကလည်း စောစောကတော့ လူကို ရန်လုပ်တော့မယ့်အတိုင်းပဲ"

"အဟွန်း…ဟွန်း…ဒါကတော့ မင်းလေး ကိုယ့်ကို ချစ်တယ်ပြောပြီး ထွက်ပြေးသွားတာကိုး"

"အမှန်တော့ ကို့ကို မုန်းလည်းမုန်းတယ်၊ အခုမှ ကိုယ့်ကိုယ်ကို မညာချင်တော့တာနဲ့…"

www.burmeseclassic.com

www.burmeseclassic.com



"မညာချင်တော့တာနဲ့ ဘာဖြစ်လဲ၊ ပြောလေကွာ"

"သိပ်ကြားချင်တာပဲလား"

"အင်းပေါ့၊ အဲဒီလို ကြားချင်တာတောင် ဒီကောင်မလေးက လူကို ညှဉ်းထားသေးတယ်မဟုတ်လား"

"အဲဒီလို ညှဉ်းထားလို့ရော ဒီလူကြီးက ရလို့လား"

ပြုံးပြုံးကြီး စိုက်ကြည့်နေသော ထူးထက်ခေါင်ကို လင်းသည် မျက်လုံးလေး စွေကြည့်ရင်းက ဆိုလိုက်သည်။

"အဲဒီအတွက် လင်း ကိုယ့်ကို စိတ်ဆိုးနေလား"

"ဆိုးတယ်၊ နောက်ကို ဘာကိစ္စပဲဖြစ်ဖြစ် ဖွတ်တရွတ်မလုပ်တော့ပါဘူးလို့ လင်းကို ကတိပေး"

"ကတိပေးပါတယ် လင်းရယ်၊ လင်း ပြောသလို နောက်ဆို ဖွတ်တရွတ်မလုပ်တော့ဘူးနော်၊ ကဲ…ကျေနပ်ပြီလား"

"အင်း"

"ကိုယ့်ကိုရော တကယ်ချစ်ပြီလား"

"ချစ်ပြီ…ချစ်ပြီ"

"အဟား…လင်းရယ်"

သည်ကမ္ဘာပေါ်တွင် သူသာ အပျော်ဆုံးလူ ဖြစ်သွားရ

[redacted]



သော ထူးထက်ခေါင်သည် ချစ်ရသူလေး၏ ကိုယ်လုံးလေးကို တိုးဖက်ကာ ရှက်သွေးဖြင့် ပန်းသွေးရောင် ပါးပြင်မို့မို့လေးကို သူ့နှာခေါင်းချွန်ချွန် နစ်ဝင်သွားသည်အထိ ငုံ့နမ်းရင်းက လှိုက်ဖြာနေသော အသံလေးဖြင့် လင်းအမည်လေးကို ခပ်တိုးတိုးလေး ခေါ်ညည်းမိလိုက်သည်။

ထိုခဏမှာတော့…

အင်းလျားရေပြင်ကြီးကို မျက်နှာမူကာ တိုက်ခတ်လာသော လေပြည်လေညင်းတို့သည် ချစ်သူနှစ်ဦးအား အနှောင့်အယှက် မပေးလိုသည့်အလား သူတို့နှစ်ဦးအပါးက ရှက်ပြုံးတို့ဖြင့် ရှောင်ခွာထွက်သွားကြလေတော့သည်။

❀ ❀ ❀

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ချစ်သူတွေ ဖြစ်သွားကြပြီဆိုတော့လည်း အတူနေချင်တာ သဘာဝမို့ နှစ်ဦးသား လက်ထပ်ရန်ကိစ္စကို အမြဲဂျီကျနေတတ်သော ချစ်သူ ကို့ကြောင့် လင်းမှာ အခက်တွေ့နေရသည်။

"ကိုယ့်ကိုချစ်လား"

"ချစ်ပါတယ် ကိုရယ်"

"ဒါဆို ကိုယ့်ကို အမြန်ဆုံးလက်ထပ်ပေါ့"

"ဒီစကားပဲ ပြောပြန်ပြီ"

"ဒီစကားပဲ ပြောရမှာပေါ့၊ ကိုယ်က ခင်ဗျားလေးကို သိပ်ချစ်နေတာကိုး၊ ကိုယ့်ကို လက်ထပ်ခွင့်ပြုပါနော်"

"ဟင်းနော်"





အလှပဆုံးသော ရှက်မျက်စောင်းလေးတစ်ခု ထူးထက်ခေါင်ထံ ပျံ့ဝဲလာရသည်။

"ဟော့...လက်ထပ်ဖို့ကိစ္စကို အဖြေမပေးဘဲ လူကို ဘယ့်နှယ် မျက်စောင်းထိုးနေရတာလဲကွ"

"မမြန်လွန်းဘူးလား ကိုရယ်၊ လင်းတို့ချစ်ကြတာလည်း မကြာသေးဘဲနဲ့"

"မြန်တယ် မမြန်ဘူးဆိုတာက အချိန်နဲ့ ကန့်သတ်ချက်တွေပါ လင်းရယ်၊ တစ်ဦးနဲ့တစ်ဦး တကယ်တမ်း မြတ်မြတ်နိုးနိုးနဲ့ သစ္စာရှိကြဖို့သာ အဓိကပါ"

"နေပါဦး ကိုရယ်၊ အဲဒီလို အရမ်းကြီး စီစဉ်လို့မဖြစ်သေးပါဘူး"

"ဘာလို့မဖြစ်ရမှာလဲကွယ်၊ ခုလည်း လင်းနဲ့ကိုယ့်ကို အားလုံးက ဇနီးမောင်နှံလို့ပဲ ထင်နေကြတာကိုး"

"အဲဒီလိုထင်အောင် ကိုပဲ လုပ်ခဲ့တာမဟုတ်လား၊ လင်းကိုကို တကယ်ရော ချစ်တာလားဟင်၊ လင်းတော့ အဲဒါကြီးကို တွေးတွေးပြီး စိတ်ထဲမှာ တစ်မျိုးကြီးပဲ ခံစားရတယ်"

"လင်း ကိုယ့်ကို မယုံနိုင်သေးဘူးလား၊ လင်းကို ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှမချစ်ဘူးသေးတဲ့ အချစ်တွေနဲ့ မြတ်မြတ်နိုးနိုး ချစ်တာပါ လင်းရယ်၊ ဖြစ်ခဲ့တဲ့ ကိစ္စတွေမှာလည်း ကိုယ့်ရဲ့ စိတ်မြန်လက်မြန်နဲ့ တဇွတ်ထိုး လုပ်ခဲ့မိတဲ့ အမှားတွေပါခဲ့တယ်ဆိုတာ လင်းကို ကိုယ် ဝန်ခံခဲ့ပြီးသားပဲ၊ ဒါပေမဲ့ အဲဒီအတွက် လင်းနဲ့ကိုယ် ဆုံစည်းခွင့်ရခဲ့ကြတာ မဟုတ်လား၊ အခု အခြေအနေတွေကြောင့် လင်းနဲ့ကိုယ် အမြန်ဆုံး လက်ထပ်ချင်နေပြီ၊ ကြာလာရင် လင်းအတွက်လည်း မကောင်းဘူးမဟုတ်လား''

''ဖွဲ့နဲ့ပတ်သက်ပြီး လင်းကို လက်စားချေချင်တဲ့သဘောမျိုးနဲ့ လင်းကို ချစ်တာတော့ မဟုတ်ပါဘူးနော်''

လင်း၏ သူ့အချစ်အပေါ် မယုံသလိုဟန်လေးဖြင့် ပြောလာသော စကားများကြောင့် ထူးထက်ခေါင်မှာ ရင်ဝယ်နာကျင်ရသော အတွေးများဖြင့် နှလုံးသားမှာ လှိုက်ခနဲ ခံစားလိုက်ရကာ လင်း၏ လှပလွန်းသော မျက်နှာလေးကို ရီဝေစွာ စူးစူးစိုက်စိုက်ကြီး ကြည့်နေမိရသည်။

''ကိုယ့်အမှားတွေအတွက် လင်းကို တောင်းပန်ပါတယ် လင်းရယ်၊ လင်းကိုချစ်တဲ့ ကိုယ့်ရဲ့အချစ်တွေထဲမှာ ဘာရည်ရွယ်ချက် ဘာအရောင်အသွေးတွေမှ မပါဘူးဆိုတာကို လင်း စိတ်ချ

[redacted]



လက်ချ ယုံပါ အချစ်ရယ်နော်''

''ကို့အချစ်ကို မယုံလို့တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ လင်း စိတ်ထဲမှာ ကိုနဲ့ပတ်သက်ပြီး မယုံရဲရဲဖြစ်နေရတာက ခက်နေတာပါ''

နှုတ်ခမ်းလှလှလေးကို ပြုံးယောင်ယောင်လေးထားပြီး ထူးထက်ခေါင်၏ မျက်နှာချောချောကို စူးစိုက်ကြည့်ကာ ဆိုလာသူလေးကြောင့် ထူးထက်ခေါင်မှာ လင်းအဖြစ်ကို သဘောကျသလိုမျိုး ဖြစ်သွားရပြီး ရင်ထဲမှာလည်း ချစ်သူလေးအတွက် အသနားပိုသွားရလေသည်။

တစ်သက်မှာ တစ်ခါသာ ဖြစ်ပေါ်လာရသည့် အချစ်များဖြင့် လင်းအား နှလုံးသားမှ နင့်နင့်သီးသီး ချစ်မိသွားရပြီမို့ ဒီအချိန်မှာ လင်းနှင့်ပတ်သက်ပြီး ဘာတစ်ခုမှ ထိခိုက်မခံစားစေလိုတာက ထူးထက်ခေါင်ရင်ထဲက အချစ်စစ် အချစ်မှန်ပင်ဖြစ်သည်။

ကိုကိုမင်းဝေစိုး ဒီလိုဖြစ်သွားရသည့်ကိစ္စနှင့် လင်း၏ အစ်မ ဖွဲ့ အပေါ်တွင် ထူးထက်ခေါင် တစ်ချိန်က ထားရှိမိသော အာဃာတအငြိုးများသည်လည်း လင်းအပေါ်တွင် ထားရှိမိရသော

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အချစ်စိတ်များဖြင့် ကံတရားအတိုင်း ဖြစ်ကြရသည်လို့ပဲ သဘော ပိုက်ကာ ဥပေက္ခာပြုလိုက်နိုင်ဖို့ သူ ကြိုးစားထားခဲ့ပြီးပြီ။

ထူးထက်ခေါင်မှာ သူကိုယ်သူ အံ့သြယူရလောက်အောင် နက်ရှိုင်းစွာ ချစ်မိသွားရသည့် လင်းဆိုသော ချစ်သူလေးကို မျက်စိ အောက်က အပျောက်မခံနိုင်သည့်အလား အပြုံးများဖြင့် ငေးစိုက် ကြည့်နေမိရပါသည်။

သူ့အကြည့်များကြောင့် လင်း၏ရင်ထဲက နှလုံးသားလေး မှာ တုန်တုန်ယင်ယင်နှင့် လှိုက်ဖိုသွားရကာ အကြည့်ရဲလွန်းသော သူ၏မျက်လုံးဒဏ်ကို လင်းသည် မခံနိုင်တော့သလို ရှက်ရှက်ဖြင့် ထူးထက်ခေါင်၏ ရင်ခွင်ကျယ်ကြီးတွင် မျက်နှာတွယ်ကပ်ရင်း…

"ကိုနော်…ကို ဘာဖြစ်လို့ လင်းကို အဲဒီလောက် စိုက် ကြည့်နေရတာလဲ၊ လင်း ရှက်တယ်"

"အဟွန်း…ဟွန်း…ဟွန်း"

လင်း၏ အရှက်သည်းနေမှုကိုကြည့်ပြီး ထူးထက်ခေါင် မှာ သွားစွယ်လေးများပေါ်အောင် နှစ်နှစ်ခြိုက်ခြိုက်လေး ရယ်နေ လိုက်သည်။

"သွားပါ…လူကိုကြည့်ပြီး ဘာရယ်တာလဲ"



နှုတ်ခမ်းလေးစူလျက် လင်းသည် သူ့ကိုယ်ကြီးကို အတင်း တွန်းထုတ်လိုက်တော့ ထူးထက်ခေါင်သည် လင်းကို ပြုံးစိစိဖြင့် ကြည့်လာပြီး…

"ကောင်မလေးတစ်ယောက် သူ့ဘာသာသူ အရှက်လွန် တာနဲ့ လူကို ဘာလို့ အတင်းတွန်းထုတ်နေရတာလဲကွ"

ထူးထက်ခေါင်၏ စကားကြောင့် လင်း မျက်နှာလေး ရဲခနဲဖြစ်သွားရပြီး ရှက်ရှက်နှင့် သူ့အား လှမ်းအော်လိုက်သည်။

"ကိုနော်"

"ဗျာ"

"ဟာကွာ…သွား"

"အဟွန်း…ဟွန်း"

သူမကို စဖြစ်အောင် စလိုက်သော ထူးထက်ခေါင်၏ ရင်ဘတ်ကျယ်ကြီးကို လင်းသည် စိတ်တိုတိုရှိလာရသည်ကြောင့် လက်သီးဆုပ်လေးများဖြင့် မနားတမ်း ထုရိုက်ပစ်လိုက်သည်။

"ဟာ…ဟေ့ကောင်မလေး ယူတောင်မယူရသေးဘူး၊ အခုကတည်းက နှိပ်စက်လှချည်လား"

"ကိုနော်…ဘာတွေပြောနေတာလဲ၊ လင်း ရှက်တယ်ဆို၊

www.burmeseclassic.com

www.burmeseclassic.com



ငိုလိုက်မယ် သိလား''

''ဟောဗျာ…ခင်ဗျားလေးက ရိုက်လည်း ရိုက်သေးတယ်၊ ငိုလည်း ငိုဦးမယ်ဆိုတော့ မလွန်ဘူးလား''

''လွန်ဘူး''

ကလေးတစ်ယောက်လို ပြောလာသော ချစ်သူလေးကို ချစ်မဝနိုင်စွာဖြင့် ထူးထက်ခေါင်မှာ ရင်ခွင်ထဲသို့ ဆွဲယူကာ နမ်းချင်းတော့လိုက်ရင်း…

''ချစ်တယ်နော်''

''မချစ်ဘူး''

''လင်းနော်''

''ချစ်တယ်''

''ဘယ်လိုပြောလိုက်တယ်၊ ထပ်ပြော''

''ဟာကွာ''

ထူးထက်ခေါင်မှာ နားထောင်လို့မဝသလို ခေါင်းလေးငုံ့ကာအမေး လင်းမှာ မျက်နှာရဲရဲလေးဖြင့် သူ့ရင်ခွင်ထဲ ရှက်ပြုံးလေးဖြင့် ခေါင်းလေးငုံ့နေလိုက်သည်။

ရှက်သွေးတို့ဖြင့် လှပလွန်းစွာ ရှိနေရသည့် လင်း၏





မျက်နှာလေးကို ကြည့်ကာ ရင်မှာ ကြည်နူးပီတိများဖြင့် လှိုက်ဖြာနေရသော ထူးထက်ခေါင်မှာ လင်း၏မျက်နှာလှလှလေးကို ကြည့်၍ မဝနိုင်အောင် ရှိနေရသည်မို့…

''ဟေး…ခေါင်းကြီးက ဘာလို့ငုံ့နေရတာလဲ၊ မျက်နှာလေး ကြည့်ချင်လို့ မော့စမ်းပါဦးကွာ''

''ဟင့်အင်း''

''ဘာ ဟင့်အင်းလဲ၊ ကိုယ့်ကို အသည်းယားအောင် မလုပ်နဲ့''

''ကိုနော်''

လင်း၏အသံလေးမှာ တုန်တုန်ယင်ယင်လေး ထွက်လာရသည်။

ထို့အတူ…

ထူးထက်ခေါင်မှာ လင်းကိုယ်လေးကို မြတ်နိုးစိတ်တို့ဖြင့် တိုးဖက်ကာ လင်းမျက်နှာလေးအနှံ့ ဖွဖွလေး နမ်းရှိုက်လိုက်ရင်းက…

''သိပ်ချစ်တာပဲ လင်းရယ်''

''တော်ပါနော်၊ အဲဒီလိုပြောတဲ့ လူမျိုးပဲ ကြောက်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာ"

"ကြည့်စမ်း…လင်းက ကိုယ့်အချစ်ကို မယုံရင် ခုသွား လက်ထပ်မလား ပြော"

"ဒါပဲပြောနေတယ်"

"ဒါပဲပြောရမှာပေါ့၊ ခင်ဗျားလေးက ကိုယ့်အချစ်ကို မယုံသလိုလို လုပ်နေတာကို"

မျက်နှာကြီးတည်ကာ ပြောလာသော ထူးထက်ခေါင်ကို လင်းသည် ချော့သလို အပြုံးလေးနှင့်ကြည့်လိုက်ကာ သူ့ရင်ခွင် ထဲတွင် မျက်နှာလေး အပ်ထားလိုက်ပြီး…

"မယုံလို့ရယ်တော့ မဟုတ်ဘူးပေါ့ ကိုရယ်၊ မိန်းမသား ဆိုတော့ စိုးရိမ်စိတ်နဲ့ ပြောမိတာပေါ့၊ ကဲပါ…မျက်နှာကြီးက ဘယ်လိုဖြစ်သွားရတာလဲ"

တတ်လည်း တတ်နိုင်သည့် လင်းပဲဖြစ်သည်။ ရှုတည် တည် ဖြစ်သွားရသော ထူးထက်ခေါင်၏ မျက်နှာချောချောကို သူမဘက် ဆွဲလှည့်ရင်းက မချိုမချဉ် ပြောင်စပ်စပ်မျက်နှာလေး နှင့် ပြုံးပြနေသောကြောင့်ဖြစ်သည်။

"ဘာပြုံးပြတာလဲ"



"အဟင်း…ဟင်း"

"လင်းကွာ"

လင်းတစ်ယောက် ချစ်ရသော ကို၏ ရင်ခွင်ထဲတွင် ခဏ လှိုက်မောသွားရသည်။

"ကို…လွှတ်ကွယ်"

"ကိုယ့်အချစ်ကို ယုံပြီလား"

"ယုံပါပြီတဲ့ရှင်"

"အဟွန်း…ဟွန်း၊ မယုံလို့လည်း မရဘူး၊ ပြောရင် ခင်ဗျားလေးကို ဒီကောင်က တစ်ခါတည်း အပိုင်သိမ်းထားလိုက် တော့မှာ"

"သွား…အရှက်မရှိတာတွေ ပြောနေတာပဲ"

"ဘာလဲကွ၊ ကိုယ်ပြောတာက…"

"တော်ပြီ၊ မပြောနဲ့ဆို"

"မပြောနဲ့ဆိုလည်း မပြောပါဘူးဗျာ၊ ဒါပေမဲ့ နောက်ဆုံး တစ်ခွန်းတော့ ပြောပါရစေ"

"ဘာကိုလဲ"

လှပသော မျက်ဝန်းလေးများဖြင့် ကြည့်ရင်းက မေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

"လင်းကို ကိုယ် အမြန်ဆုံး လက်ထပ်ချင်တယ်"

"လက်ထပ်မှာပေါ့ ကိုရယ်၊ လင်း စဉ်းစားနေပါတယ်"

"ကို"

"ဗျာ"

"လင်းကို သိပ်ချစ်တာပဲလား"

"ဖြေဖို့မလိုအောင် သိပ်ချစ်ရပါတယ် လင်းရယ်"

"ကိုရယ်"

ဒီတစ်ခါတော့ လင်းသည် ချစ်သူကို၏ အနမ်းများကို မရှောင်လွှဲမိတော့။

နွေးထွေးလွန်းသော ကို၏ရင်ခွင်ကျယ်ကြီးထဲသို့ လင်းသည် ခေါင်းလေးတိုးဝှေ့ဝင်လိုက်သည်နှင့် အရာအားလုံးသည် ပြည့်စုံသွားရသလိုမျိုး ပြည့်စုံသွားရတော့သည် မဟုတ်ပါလား။

ဖ ဖ ဖ

[redacted]

## အခန်း (၁၃)

"ဒါဆို ကို ဒက်ဒီ့ကို သွားတွေ့ပြီးပြီပေါ့ ဟုတ်လား"

"ဒါပေါ့၊ ဟောဒီက အချစ်လေး ထွက်ပြေးသွားတော့ ကိုယ့်နှလုံးသားက ဘယ်လိုမှ မခံနိုင်တော့တာနဲ့ လင်းဒက်ဒီဆီ များ သွားလားဆိုပြီး တွေ့ခဲ့တာ"

"ကို တော်တော်လည်နော်"

ချစ်စဖွယ် မျက်စောင်းလေးဖြင့် ပြောလာသူ လင်းကို ချစ်မြတ်နိုးစွာ ကြည့်ရင်း…

"ကိုက ဘာလည်လို့လဲ"

"လည်တာပေါ့၊ လင်းနဲ့ ကိုရဲ့ အဖြစ်မှန်တွေကို မပြောဘဲ ဒက်ဒီ ထင်ထားသလိုပုံစံနဲ့ ချော့လဲရောထိုင်ပြီး ပြောခဲ့ပြီး

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တော့"

"ဒါကတော့ကွာ ယောဒီက ချစ်သူလေးနဲ့ ကွဲသွားမှာ ကြောက်လို့ပေါ့"

"တော်တော်အပြောကောင်း"

ချစ်စရာကောင်းလွန်းသော လင်းအမူအရာလေးကြောင့် ထူးထက်ခေါင်မှာ လင်း၏ လှပလွန်းသော မျက်နှာလေးကို ရီဝေစူးရှတောက်ပစွာ ကြည့်နေမိသည့်ခဏ လင်းက ဖျတ်ခနဲ သူ့ကို ကြည့်လိုက်တော့ သူ၏ မျက်ဝန်းညိုများနှင့် ဆုံစည်းသွားရကာ လင်းမျက်နှာလေးမှာ ရှက်သွေးတို့ဖြင့် ရဲရဲတွတ် နီမြန်းသွားရပါသည်။

"ချစ်တယ် လင်းရယ်၊ သိပ်ချစ်တယ်၊ လင်းကို ကိုယ် စတွေ့မြင်ကတည်းက ကိုယ့်နှလုံးသားမှာ တစ်ခါမှ မဖြစ်ပေါ်ဖူးတဲ့ ရင်ခုန်သံတွေနဲ့ စပြီး ချစ်ခဲ့တာပါ အချစ်ရယ်"

"အို…ကိုရယ်"

လင်းမျက်နှာလေးထက်သို့ အုပ်မိုးကျရောက်လာသော သူ၏ မျက်နှာချောချောကို လင်း ရှောင်ဖို့ကြိုးစားမိပေမယ့် မအောင်မြင်ဘဲ နွေးထွေးလှိုက်ဖြာသော သူ၏ ချစ်အနမ်းတွေ



အောက်မှာ လင်းတစ်ယောက် စီးမျောသွားရပါသည်။

"ဟင့်အင်း…ကို"

လင်း၏ ငြင်းပယ်သံလေးတွေကို ထူးထက်ခေါင် မကြား နိုင်ပါလေတော့။

"ချစ်တယ် လင်းရယ်၊ သိပ်ချစ်တယ်"

ထူးထက်ခေါင်၏ တုန်ရီနေသော ချစ်စကားသံလေးများနှင့် အတူ လှပလွန်းသော လင်း၏ မျက်နှာလေးထက် ချစ်အနမ်းတွေ အကြိမ်ကြိမ် ဖူးပွင့်သွားရပါသည်။

တင်းကျပ်လွန်းသည့် သူ့ရင်ခွင်၊ သူ့အပွေ့အဖက်များကြား မှာ လင်းသည် အသက်ရှူလေးတွေ မှားရလောက်အောင် သူ့ထံမှ လှိုက်လှဲထက်သန်သော ချစ်အနမ်းများက မဆုံးနိုင်တော့သည်ဟု ထင်ရသည်။

"လွှတ်ပါတော့ ကိုရယ်၊ လင်း အသက်ရှူမဝတော့ဘူး"

"အဟွန်း…ဟွန်း…ဟွန်း"

နီမြန်းနေသည့် ချစ်သူမျက်နှာလှလှလေးကို ထူးထက်ခေါင် သည် ချစ်မဝစွာကြည့်ရင်းက ရယ်လိုက်သည်။

ရှက်မျက်နှာလေးဖြင့် ရှည်လျားကော့ပျံနေသော

www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်များကို စင်းချကာ ဆိုနေသူလေးကို ထူးထက်ခေါင်သည် ချစ်မြတ်နိုးလွန်းသော စိတ်များစွာနှင့် သူ့စိတ်တွေက လွတ်ပြီးရင်း လွတ်နေရတော့သည်။

"သိပ်ချစ်တယ် လင်းရယ်"

လင်းတစ်ကိုယ်လုံးမှာ သူ့ရင်ခွင်ထဲက မလွတ်နိုင်တော့ဘဲ သူ့အချစ်များအောက်မှာ စုန်းစုန်းနစ်မြုပ်နေရသည့်အဖြစ်။

"ကိုတို့ လက်ထပ်ကြရအောင်နော်"

"ဒက်ဒီနဲ့တွေ့ပြီး လင်းတို့ကိစ္စတွေ ပြောပြီးသွားပြီဆိုတော့ လင်းနဲ့ကို လက်ထပ်ဖို့ကိစ္စကို ကို ကောင်းသလိုသာ စီစဉ်ပါတော့"

"တစ်ကယ်ပြောတာလား အချစ်ရယ်၊ ကို ဝမ်းသာ လိုက်တာကွာ"

ထူးထက်ခေါင်မှာ ချစ်သူလေးထံမှ အကြားချင်ဆုံးသော စကားကို ကြားလိုက်ရသည့်အတွက် ရင်မှာ အပျော်တွေ၊ အချစ်တွေ နှင့် ချစ်သူလေးအား ထွေးပွေ့ရင်းက ချစ်၍မဝ နမ်း၍မဆုံးနိုင် ဖြစ်ရပါတော့သည်။

"ဒါပဲနော် ကို၊ ခုချိန်ကစပြီး လင်းကို သစ္စာရှိရှိနဲ့ ချစ်သွားမှာပါ"





စကားသံလေးတွေက နှစ်ဦးကြား တိတ်ဆိတ်သွားရ၏။ ဒီတစ်ခါတော့ဖြင့် လင်းသည် သူ့မဘဝတစ်ခုလုံးကို တစ်သက်တာ ပေးအပ်တော့မည့် ချစ်သူ ကို၏ ရင်ခွင်မှာ မှေးစက်ခိုဝင်းရင်းက ကို၏ ချစ်အနမ်းများကို ကျေနပ်စွာ ခံယူမိပါတော့သည်။

တကယ်တော့ လင်းသည်လည်း ထူးထက်ခေါင်ဆိုသည့် ကိုလူချောကြီးကို ဟိုအရင်ကတည်းက သူ့မနှလုံးသား၏ ထောင့်တစ်နေရာတွင် စိုက်ဝင်ခဲ့ပြီးသား ဖြစ်ခဲ့ရသည်မို့ ယခုလို ကိုနှင့် အနေကြာခဲ့သည့်အခါမှာ လင်း၏နှလုံးသားလေးသည်လည်း ကို့အပေါ် ခိုင်မြဲစွာ စိုက်ဝင်ခဲ့ရပြီဖြစ်သည်။

တစ်မိုးအောက်ထဲမှာ နှစ်ယောက်အတူ ရှိခဲ့ကြပေမယ့် ချစ်သူတွေဖြစ်လာသည်အထိ သူ့မအပေါ် သန့်ရှင်းဖြူစင်စွာ မြတ်မြတ်နိုးနိုး ချစ်တတ်ပါသော ချစ်ရသူ ထူးထက်ခေါင်ကို သူ့မရင်ထဲက တိတ်တခိုးလေး လေးစားကြည်ညိုမိရပြန်ပါသည်။

"ချစ်"

"ရှင်"

သူ့အသံက အချစ်ရည်များပြည့်ကာ တိုးတိုးလေး ချစ်သူနားနားကပ်ကာ ခေါ်လိုက်တော့ ကို့မျက်နှာချောချောကို



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ မော့ကြည့်ကာ လင်းမှ တိုးလျှစွာ ထူးလိုက်ပါသည်။

"ကိုတို့ လက်ထပ်ဖို့ကိစ္စ လင်းဒက်ဒီနဲ့တွေ့ပြီး စီစဉ်ကြရအောင်နော်"

"ကိုသဘောပါ ကိုရယ်"

"လင်းရယ်"

နှလုံးသားထဲမှာ မြတ်နိုးစွာချစ်ခဲ့မိရပါသော ချစ်သူလေးကို ပိုင်ဆိုင်ခွင့်ရတော့မည်မို့ ထူးထက်ခေါင်သည် ထွေးထွေးအိအိ ရှိလှသော ရင်ခွင်တွင်းမှ ချစ်ရသူလေးကို မြတ်နိုးစိတ်များဖြင့် တင်းတင်းလေး ထွေးဖက်ထားလိုက်မိပါသည်။

အများအမြင်တွင်တော့ ထူးထက်ခေါင်နှင့် လင်းတို့ နှစ်ယောက်အား ဇနီးမောင်နှံအဖြစ် သိမြင်ထားခဲ့ကြပေမယ့် တကယ်တမ်း လက်တွေ့ဘဝတွင်တော့ နှစ်ဦးသားဖြူဖြူစင်စင် ရှိနေရသည့်အဖြစ်ကို သူတို့နှစ်ဦးသာ သိပါသည်။

မကြာခင်အချိန်ကာလမှာ ပီပီပြင်ပြင် ရောက်ရှိလာတော့မည့် သူတို့နှစ်ဦး၏ ပျော်ရွှင်စရာအတိဖြင့် မင်္ဂလာလက်ထပ်ပွဲလေးကို မြင်ယောင်ရင်း ချစ်ရည်ရွှန်းလဲ့သော မျက်ဝန်းအကြည့်လေးများဖြင့် ချစ်သူနှစ်ဦး တစ်ဦးကိုတစ်ဦး ကြည့်နေမိကြလေသည်။

❀ ❀ ❀

[redacted]

နှစ်ဦးသား သဘောတူညီစွာဖြင့် လင်းဒက်ဒီ ဦးဝဏ္ဏထံသို့ သွားတွေ့ဖို့ ဆုံးဖြတ်လိုက်ပြီးနောက် ထူးထက်ခေါင်နှင့် လင်းတို့ နှစ်ယောက်သား လင်းဒက်ဒီထံသို့ ထွက်လာခဲ့ကြသည်။

"လင်း…လင်းဒက်ဒီကို စိတ်ကောက်နေတုန်းပဲလား"

"အစကတော့ ဟုတ်တယ်၊ အခုတော့ မဟုတ်တော့ဘူး"

"ဟောဗျာ…လင်းစကားက အဆန်းပါလား"

"ဟုတ်တယ်လေ၊ အစက ဘုမသိဘမသိနဲ့ လင်းအပေါ်ကို ဒက်ဒီက စိတ်ဆိုးတာကို လင်း စိတ်ကောက်မိတာပေါ့"

"အခု မဟုတ်တော့ဘူးဆိုတာက တကယ်တမ်း ပြန်စဉ်းစားမိတော့ အကျိုးအကြောင်း ဘာမှမသိရဘဲ လင်းချစ်သူနဲ့ ခိုးရာလိုက်သွားတယ်လို့ ထင်သွားတဲ့ ဒက်ဒီဘက်က ဒေါသထွက်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးတာကို အခုချိန်မှာ ဒက်ဒီ့ဘက်က ပြန်စဉ်းစားကြည့်တော့လည်း မှန်နေတာပဲ၊ ဒါကြောင့် ဒက်ဒီကို စိတ်မကောက်တော့ဘူးလို့ ပြောတာ"

"ပြီးတော့ တစ်ခုကျန်ပါသေးတယ်"

"ဘာကျန်သေးလို့လဲ"

ပြုံးစစနှင့် ပြောလိုက်သော ထူးထက်ခေါင်မျက်နှာ ချောချောကို ကြည့်ကာ နားမလည်ဟန်လေးဖြင့် လင်းက မေးလိုက်တော့....

"ကိုကို သိပ်ချစ်သွားပြီး ချစ်သူတွေဖြစ်သွားတာကြောင့်လည်း လင်းဒက်ဒီကို စိတ်မကောက်တော့တာ မဟုတ်လား"

"သွား...ကိုနော်၊ တော်တော်အသားယူ"

ရှက်မျက်စောင်းဝဲဝဲလေးဖြင့် ပြောလာသော လင်း၏ လှပလွန်းသော မျက်နှာလေးကိုကြည့်ကာ ထူးထက်ခေါင်မှာ ပြုံးပြုံးကြီး လုပ်နေလိုက်ပါသည်။

"ဒါနဲ့ ကို သွားတုန်းက မဖွဲ့နဲ့ တွေ့ခဲ့သေးလား"

"ဟင့်အင်း မတွေ့ဘူး"

"မဖွဲ့နဲ့ပတ်သက်ပြီး ကို့သဘောထားတွေကော ဘယ်လို

[redacted]



ရှိသေးလဲဟင်"

"ကံတရားအတိုင်း ကံစီမံရာလို့ပဲ သဘောထားလိုက်ပါတော့တယ် လင်း"

"တကယ်ကော အဲဒီအတိုင်း သဘောထားလိုက်တာ အမှန်ပဲလားဟင်"

လင်း၏ ထူးထက်ခေါင်မျက်နှာ ချောချောကို သေချာစူးစိုက်ကြည့်ပြီး မေးလာသောစကားကြောင့်...

"ဘာဖြစ်လို့ အဲဒီလိုမေးရတာလဲ လင်းရယ်"

"ကို့အချစ်ကို လင်း အကြွင်းမဲ့ယုံကြည်လိုက်ချင်လို့ပါ ကိုရယ်"

"လင်းလေးရယ်၊ လင်းစိတ်ထဲမှာ အဲဒီလို အတွေးမျိုး ဘယ်တော့မှ နောက်ကို မတွေးနဲ့တော့နော်၊ လင်းကို ကို မေတ္တာစစ်နဲ့ တကယ်ချစ်တာပါ လင်းရယ်"

သူတို့နှစ်ဦး၏ ကားလေးသည် လူကုံထံများနေထိုင်ရာ ခြံဝန်းကျယ်ကြီးတစ်ခုရှေ့တွင် ရပ်တန့်လိုက်သောအခါ ခြံစောင့်က တံခါးဖွင့်ပေးသဖြင့် ထူးထက်ခေါင်ကားသည် မီးခိုးရောင်ဖျော့ဖျော့ သုတ်ထားသော တိုက်ကြီး၏ ဆင်ဝင်အောက်တွင် ထိုးရပ်လိုက်ပြီး

[redacted]

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား ကားပေါ်မှဆင်းကာ တိုက်ကြီးထဲသို့ ဝင်လာခဲ့ကြသည်။

ဧည့်ခန်းထဲသို့ ဝင်မိတော့ အသင့်စောင့်နေသော လင်းဒက်ဒီ ဦးဝဏ္ဏကို တွေ့ရသည်။

"ဒက်ဒီ"

"လင်း…သမီးလေး"

လင်းမှာ ဒက်ဒီဦးဝဏ္ဏထံ အပြေးလေးသွားပြီး ဒက်ဒီ၏ ခါးကို ပြေးဖက်လိုက်တော့ ဒက်ဒီက ကြင်နာနွေးထွေးသော အပြုံးများဖြင့်ကြည့်ရင်း လင်း၏ ပခုံးလေးကို ခပ်ဖွဖွလေး ဖက်ထားလိုက်သည်။

"ထိုင် မောင်ထူးထက်ခေါင်…ထိုင်၊ သမီးလေးက အခုချိန်ထိ ကလေးတစ်ယောက်လိုပါပဲ၊ ခေါင်းမာပြီး တဇွတ်ထိုး လုပ်တတ်တာလေးကလွဲရင် ငါ့သမီးလေးက အရမ်းချစ်ဖို့ကောင်းနေတုန်းပဲ"

"ဒက်ဒီနော်"

"ဘာဒက်ဒီနော်လဲ၊ အခုတော့ ဘာမီးလေး မဆိုးနဲ့တော့နော်၊ ကိုယ့်ကိုယ်ကို လူကြီးဖြစ်သွားပြီဆိုတာလည်း သတိထားဦး"

"အို…ဒက်ဒီကလဲ"



"အဟောင်း…ဟောင်း"

"အဟွန်း…ဟွန်း…ဟွန်း"

လင်း၏ အပြောလေးကြောင့် ဦးဝဏ္ဏနှင့် ထူးထက်ခေါင်တို့မှာ သဘောကျစွာဖြင့် ရယ်လိုက်ကြသည်။

"မဖွဲ့ကော ဒက်ဒီ"

"ရှိတယ် သမီးလေး၊ အပေါ်ထပ်မှာ"

"ဒါဆို လင်း မဖွဲ့ဆီ သွားတွေ့လိုက်ဦးမယ်နော်၊ ကို လင်း ခဏသွားမယ်နော်"

သူ့ဘက်လှည့်ကာ ခွင့်တောင်းသလိုလေး ပြောလာသော ချစ်သူလေးကို ထူးထက်ခေါင် ခေါင်းညိတ်ပြလိုက်သည်။

အပေါ်ထပ်သို့တက်သွားသော ချစ်သူလေး၏ အရိပ်လေး ပျောက်ကွယ်သွားတော့မှ…

"လင်းနဲ့ကျွန်တော်တို့ ပြေလည်မှုရသွားပြီးပြီ ဦး၊ ဒါကြောင့်မို့ မင်္ဂလာပွဲကိစ္စအတွက် ဦးဆီကို ကျွန်တော်တို့ လာခဲ့တာပါခင်ဗျာ"

"မောင်ထူးထက်ခေါင်နဲ့ သမီးလေးလင်းတို့ စိတ်တိုင်းကျ နေရာကိုသာ ရွေးချယ်ကြပါ၊ ဦးအနေနဲ့ကတော့ အကောင်းဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် စီမံလုပ်ပေးဖို့ အသင့်ပါပဲ"

"လက်ထပ်ပွဲအတွက် နေရာကိုတော့ လင်း စိတ်တိုင်းကျ စီစဉ်ပေးဖို့ ကျွန်တော့်ဘက်ကလည်း အသင့်ပါပဲခင်ဗျာ"

"ဒါဆိုလည်း သမီးလေးလင်းနဲ့ အသေးစိတ်တိုင်ပင်ကြ တာပေါ့"

မင်္ဂလာကိစ္စအတွက် ဦးဝဏ္ဏနှင့် ထူးထက်ခေါင်တို့ တိုင်ပင်စကားဆိုကြပြီးနောက် အခြားလုပ်ငန်းကိုင်ငန်းများအကြောင်း နှင့် စီးပွားရေးကိစ္စအတော်များများကို စကားဆိုဖြစ်ကြသည်။

အချိန်အတော်ကြီး ကြာသွားသည်အထိ လင်းတစ်ယောက် ဆင်းမလာသေးသဖြင့် ထူးထက်ခေါင်မှာ အပေါ်ထပ်သို့ မကြာ ခဏကြည့်မိနေသည်ကို ဦးဝဏ္ဏက သတိထားမိသွားဟန်ဖြင့်…

"သူ့အစ်မနဲ့တွေ့တုန်း စကားကောင်းနေကြတာ ဖြစ်ပါ လိမ့်မယ် မောင်ထူးထက်ခေါင်"

"မောင်ထူးထက်ခေါင် မိဘများလည်း မရှိကြတော့ဘူး ဆိုတော့ ဦးတို့ဘက်ကပဲ မိဘအရာထားပြီး မင်္ဂလာပွဲကိစ္စကို စီမံ လုပ်ကိုင်ပေးပါ့မယ်"

"ရပါတယ် ဦး၊ ဦး စီမံတာကို ကျွန်တော့်စိတ်တိုင်းကျ





ဖြစ်အောင် စီစဉ်လုပ်ကိုင်ပေးမှာပါခင်ဗျာ"

"ရပါတယ် မောင်ထူးထက်ခေါင်ရယ်၊ ဦးတို့က သူစိမ်း တွေမှ မဟုတ်တော့တာ၊ တကယ့် ဆွေမျိုးအရင်းကြီးတွေ ဖြစ်နေကြ ပြီပဲ"

ဦးဝဏ္ဏနှင့် ထူးထက်ခေါင်တို့မှာ ထွေရာလေးပါးစကား များ ဆိုဖြစ်ကြရင်း အချိန်တိုတိုအတွင်းမှာပင် ဦးဝဏ္ဏနှင့် သူမှာ နွေးထွေးစွာ ရင်းနှီးမှုများ ရရှိသွားခဲ့ကြပြီးဖြစ်သည်။

"ဦး စဉ်းစားထားတာကတော့ ယုဇနဂါးဒင်းမှာပဲ မင်္ဂလာ ဧည့်ခံခွဲလုပ်ရင် ကောင်းမယ်ထင်တယ်"

"ဟုတ်ကဲ့၊ ဦး စဉ်းစားထားသလိုပဲ ကျွန်တော်တို့ လုပ်ပါ့မယ်ခင်ဗျ"

ထိုစဉ် ဧည့်ခန်းထဲသို့ဝင်လာသော ခြေသံတချို့နှင့်အတူ

"ဒီမင်္ဂလာပွဲကိစ္စကို ဖွဲ့ ကန့်ကွက်ပါတယ် အက်ဒီ"

"ဟင်"

"ဟာ"

ရုတ်တရက်ထွက်ပေါ်လာသော စကားသံကြောင့် ထူးထက်ခေါင်မှာ ဖျတ်ခနဲ လှမ်းကြည့်မိတော့ လင်းနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



လက်တွဲဆင်းလာသော လင်းနှင့် ခပ်ဆင်ဆင်တူသော လင်းအစ်မ ဖြစ်သူ ဖွဲ့ဆိုသည့် မိန်းကလေးကို တွေ့လိုက်ရသည်။

လင်းလောက် လှပလွန်းခြင်းမရှိပေမယ့် ယောကျ်ား တစ်ယောက် စွဲမက်စေနိုင်သော အပြင်အဆင်မျိုးနှင့် ဖွဲ့ဆိုသည့် မိန်းကလေးမှာလည်း မိန်းမချော မိန်းမလှစာရင်းဝင်တစ်ယောက် ဖြစ်သည်ဆိုတာတော့ သူ မြင်လိုက်ရပါသည်။

ဒါကြောင့်လည်း ကိုကိုမင်းဝေစိုးတစ်ယောက် ဒီ မိန်းကလေးအတွက် ဘဝတစ်ခုလုံး စတေးပေးရခြင်း ဖြစ်ပုံရလေ သည်။

ဖွဲ့စကားကြောင့် ထူးထက်ခေါင် မျက်နှာချောချောမှာ ရဲခနဲ ဖြစ်သွားရသလို ဦးဝဏ္ဏမျက်နှာသည်လည်း သူ့ကို အားနာလွန်း သည့် အရိပ်အယောင်များ ဖြတ်သန်းသွားရသည်။

"သမီးဖွဲ့…ဘာတွေ ပေါက်ကရ ပြောနေတာလဲကွယ်"

"ပေါက်ကရပြောတာ မဟုတ်ဘူး ဒက်ဒီ၊ သမီး အမှန် အတိုင်း ပြောနေတာပါ"

"ကိုထူးထက်ခေါင် လင်းကို လက်ထပ်ချင်တဲ့ ရည်ရွယ် ချက်ကို ဒက်ဒီသိသွားရင် သမီးဖွဲ့ကို ဒက်ဒီ ဒီလိုပြောတော့မှာ





မဟုတ်ဘူးဆိုတာ ဖွဲ့ လောင်းကြေးထပ်ရဲပါတယ် ဒက်ဒီ"

ဖွဲ့၏ စကားသံနှင့် လေသံဟန်ပန်တို့ကြောင့် ဦးဝဏ္ဏမှာ မျက်နှာပျက်ပျက်နှင့် ထူးထက်ခေါင်မျက်နှာအား အားနာသလို တစ်ချက်ကြည့်လိုက်ပြီးနောက်…

"ထိုင်ပါ သမီးဖွဲ့၊ ပြဿနာတစ်ခုကို သွေးပူပူဆုံးဖြတ်ရင် အားလုံးအမှားတွေ ဖြစ်ကုန်ကြရင် အားလုံးအတွက် မကောင်းဘူး ဖြစ်မယ်"

"ဒီတော့ ဒီမင်္ဂလာကိစ္စကို ဘာကြောင့်ကန့်ကွက်ချင် ရတာလဲဆိုတာကို ဒက်ဒီတို့သိအောင် ပြောပြပါဦး"

"ဒီလိုပါ ဒက်ဒီ၊ ဒီအဖြစ်အပျက်တွေရဲ့အစဟာ ဖွဲ့ကြောင့် လို့ဆိုရင်လည်း ဆိုလို့ရနိုင်ပါတယ်၊ တကယ်တော့ ကိုထူးထက်ခေါင် ရဲ့အစ်ကို ကိုမင်းဝေစိုးနဲ့ ဖွဲ့တို့ လူငယ်သဘာဝ တွဲခဲ့မိကြပါတယ် ဒက်ဒီ၊ ဒက်ဒီရှေ့မှာပဲ ဒီစကားတွေ ပြောရမှာဖြစ်တဲ့အတွက် ဖွဲ့ စကားတွေကို နားနဲ့မနာ ဖဝါးနဲ့နာပါလို့လည်း ဖွဲ့တောင်းပန်ပြီး ဖွဲ့စကားကို ဆက်ပါရစေ"

"ပြောပါ သမီး၊ ဒက်ဒီ နားလည်ပေးနိုင်ပါတယ်"

"ကိုမင်းဝေစိုးဟာ လူကုံထံအသိုင်းအဝိုင်းထဲက ဥစ္စာပေါ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ချောလူတစ်ယောက်ဖြစ်တဲ့အပြင် စီးပွားရေးဘက်မှာလည်း နာမည်တစ်လုံးနဲ့ အောင်မြင်ခဲ့တဲ့လူပါ”

“အတိုချုပ်ပြောရရင်တော့ သူ့မှာလည်း ဖွဲ့အပြင် တခြားမိန်းကလေးတွေ ရှိခဲ့သလို ဖွဲ့မှာလည်း ယောကျ်ားလေးမိတ်ဆွေတချို့ ရှိခဲ့ကြပေမယ့် နှစ်ဦးလုံး တစ်ယောက်နဲ့တစ်ယောက် လှေ့လာအကဲခတ်ရင်း တော်တော်ကြာတဲ့အထိအောင် တွဲဖြစ်ခဲ့ကြပါတယ်”

“နောက်ဆုံး ကိုမင်းဝေစိုးနဲ့ ဖွဲ့တို့နှစ်ယောက်ကို လူတွေက မကြာခင်လက်ထပ်တော့မှာလား ထင်ရလောက်အောင် သိခဲ့ကြပေမယ့် တကယ်တမ်းမှာတော့ ကိုမင်းဝေစိုးဟာ တခြားမိန်းကလေးနဲ့ ရှုပ်တတ်တဲ့ သူ့အကျင့်ကို ပြင်လို့မရနိုင်မှန်းသိတော့ ဖွဲ့နဲ့သူ နောင်ကြဉ်သွားအောင် နောက်ဆုတ်လိုက်မိပါတယ်၊ အဲဒီမှာ ဖွဲ့ ဒေါက်တာမျိုးနောင်နဲ့ ကုမ္ပဏီကိစ္စအတွက် နိုင်ငံခြားကို ခဏထွက်သွားတဲ့ကိစ္စမှာ ကိုမင်းဝေစိုးဘက်က အထင်တစ်မျိုးနဲ့ အရက်တွေအရမ်းသောက်ပြီး ကားအက်ဆီးဒင့်ဖြစ်ပြီး ရုတ်တရက် ဆုံးပါးခဲ့ရပါတယ်”

“ဒီအတွက် ဖွဲ့ပယောဂ မကင်းဘူးဆိုတာလည်း ကိုထူးထက်ခေါင်ကို ဖွဲ့ ဝန်ခံပါတယ်၊ ဒါပေမဲ့ ဖွဲ့အပေါ် လက်တုံ့ပြန်

[redacted]



ချင်တဲ့စိတ်နဲ့ ညီမလေး လင်းကို တမင်ရည်ရွယ်ချက်ရှိရှိနဲ့ ခေါ်သွားပြီး ဟန်ဆောင်လက်ထပ်ပြီး လင်းကို တစ်သက်လုံး နာကျင်စေဖို့ ရည်ရွယ်ထားတဲ့ ရည်ရွယ်ချက်ကိုတော့ ဖျက်သိမ်းလိုက်ပါလို့ ကိုထူးထက်ခေါင်ကို ဖွဲ့ တောင်းပန်ချင်တာပါပဲ”

“ဒါကြောင့် ဒီကိစ္စမှာ ဘာမှ မသိနားမလည်သေးတဲ့ ညီမလေး လင်းကို တစ်သက်လုံး မနာကျင်စေဖို့ ဒီမင်္ဂလာပွဲကိစ္စကို ဖွဲ့ ဖျက်ရတာပါ ဒက်ဒီ”

ဖွဲ့မှာ စကားအရှည်ကြီးကို ပြောသွားပြီးသည့်နောက်တွင် ဦးဝဏ္ဏမှာ ရုတ်တရက်မထင်မှတ်သော စကားများကြောင့် အတန်ကြာအောင် ငိုင်တွေသွားရပါသည်။

ထူးထက်ခေါင်မှာ ဖွဲ့၏စကားများကြောင့် ဖွဲ့၏နံဘေးတွင် ရှိနေရသော လင်းမျက်နှာလေးကို ကြည့်လိုက်တော့ သူ့အား ဖျတ်ခနဲ အကြည့်လွှဲသွားသည့် ချစ်သူလေး၏ အမူအရာကြောင့် ရင်ဝယ် ဆစ်ခနဲ နာကျင်သွားရပါသည်။

“ကို အစတုန်းကတော့ ကိုကိုမင်းဝေစိုးအတွက် နာကျင်ကြေကွဲရတဲ့စိတ်နဲ့ လင်းကို ခေါ်သွားခဲ့မိတာကို ကို မညာတမ်း ဝန်ခံပါတယ်၊ ဒီအတွက် ဦးကိုလည်း ကျွန်တော် အနူးအညွတ်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ်”

“ဒါပေမဲ့ လင်း ကျွန်တော်နဲ့ ရှိနေစဉ်အခိုက်မှာ လင်း အပေါ်မှာ ကျွန်တော် မရိုးမသားစိတ်နဲ့ ဘာတစ်ခုမှ မလုပ်ခဲ့တာကို လည်း လင်းကိုယ်တိုင် အသိဆုံးပါ၊ နောက်တစ်ခု ကျွန်တော် မရှက်တမ်း ဝန်ခံရရင် လင်းကို စတွေ့စကတည်းက ဒီနေ့အထိ မြတ်မြတ်နိုးနိုးနဲ့ တစ်ကယ်ချစ်တာပါဆိုတာကိုတော့ ကျွန်တော့် အပေါ် ယုံကြည်ပေးစေချင်ပါတယ်”

ဦးဝဏ္ဏကို တိုင်တည်ကာ ပြောလိုက်သော ထူးထက်ခေါင် စကားကြောင့် ဦးဝဏ္ဏမှာ ဟင်းခနဲသက်ပြင်းတစ်ခုကို ချလိုက်ပြီး

“ဘာပဲဖြစ်ဖြစ်လေ ဖြစ်ပြီးခဲ့တဲ့ကိစ္စတွေထက် အခု လောလောဆယ်ကိစ္စက ပိုပြီး အရေးကြီးပါတယ်”

“မောင်ထူးထက်ခေါင် အနေနဲ့ ပြောခဲ့တဲ့စကားတွေကို လည်း ဦးအနေနဲ့ နားလည်လက်ခံပေးနိုင်ပါတယ်၊ ဒီအချိန်မှာ ဦးဆန္ဒထက် သမီးလင်းရဲ့ဆန္ဒက ပိုပြီး အရေးကြီးပါတယ်၊ ဒီတော့ မောင်ထူးထက်ခေါင်အနေနဲ့ လူငယ်စိတ်နဲ့ ဖြစ်ခဲ့ကြတဲ့ကိစ္စကို ဦးအနေနဲ့ ခွင့်လွှတ်နားလည်ပေးပါတယ်၊ ကျန်တဲ့ကိစ္စတွေကိုတော့ သမီးလင်း ဆန္ဒသဘောအတိုင်းပဲ ဆိုတာကိုပဲ ဦး ပြောပါရစေ”

[redacted]



ဧည့်ခန်းထဲမှ ဦးဝဏ္ဏ ထွက်သွားသည်နှင့် ထူးထက်ခေါင် သည် လင်းထံသို့ အကြည့်လေးများ ရောက်ရှိသွားရသည်။

သူ့ကိုမကြည့်ဘဲ တစ်နေရာကိုသာ ခပ်ငေးငေးလေး စူးစိုက်ကြည့်နေသော လင်း၏ တင်းမာအေးစက်နေသော မျက်နှာ လေးကြောင့် ထူးထက်ခေါင်မှာ ရုတ်တရက် ဘာစကားမှ ပြော မထွက်နိုင်ဘဲ ရှိနေရသည်။

“ကဲ…ကိုထူးထက်ခေါင်၊ ဖြစ်ခဲ့တာတွေအားလုံးအတွက် ဖွဲ့ တောင်းပန်သလို လင်းကိုလည်း ထပ်ပြီး မနှောကျင်ပါစေနဲ့ တော့ရှင်”

“မဟုတ်ဘူး…မင်း ထင်သလို မဟုတ်ဘူး ဖွဲ့”

“ရှင် ယောကျ်ားပီပီ ရှင် ဖွဲ့ကိုပြောခဲ့တဲ့ စကားတွေကို လည်း လင်းရှေ့မှာ ဝန်ခံလိုက်စမ်းပါ၊ ရှင်ပဲ ပြောခဲ့တာလေ၊ မကြာခင် ရင်ကွဲပက်လက်နဲ့ ညီမလေးလင်း ဖွဲ့ရှေ့ကို ရောက်စေရ မယ်ဆိုပြီး ရှင် ပြောခဲ့တာ မဟုတ်လား”

ဖွဲ့စကားကြောင့် ထူးထက်ခေါင်မှာ လင်း၏ လှပလွန်း သော မျက်နှာကို ဖျတ်ခနဲကြည့်မိတော့ စိမ်းလဲ့နာကျည်းနေရသော မျက်ဝန်းတစ်စုံက သူ့နှလုံးသားထဲကို ထိုးဖောက်ဝင်ရောက်သွား

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ရသည်။

"ဟုတ်တယ် ဖွဲ့၊ ကို ပြောခဲ့တယ်၊ ကို..."

ထူးထက်ခေါင်၏ စကားသံ ရှေ့ဆက်ပြောခွင့်မရခင် မှာပင် ဧည့်ခန်းအတွင်းရှိ ဆိုဖာဆက်တီပေါ်မှ လှစ်ခနဲနေအောင် ပြေးထွက်သွားသူ ချစ်သူလေးကြောင့် သူ့စကားများ တစ်ဝက် တစ်ပျက်နှင့် ရပ်တန့်သွားရပါတော့သည်။

"လင်း"

"လင်း"

သူ ဘယ်လိုပင်ခေါ်ခေါ် တစ်ချက်ကလေးမှ လှည့်မကြည့် ဘဲ အပေါ်ထပ်သို့ အပြေးတက်သွားသော လင်း၏ အရိပ်ကလေး ပျောက်ကွယ်သွားသည့်အခိုက် ထူးထက်ခေါင်ရင်မှာ ပူလောင် ပြင်းပြသော ချစ်ခြင်း၏ဝေဒနာခံစားချက်များဖြင့် လောင်မြိုက်သွားရ ပါသည်။

"အဲဒီတုန်းက ကိုကို့အတွက် နာကျင်ဝမ်းနည်းလွန်းတဲ့ စိတ်နဲ့ ပြောခဲ့တာမှန်ပေမယ့် အခုအချိန်မှာတော့ အရာအားလုံး အတွက် ဂုံစီမံရာလို့ပဲ ဖြေသိမ့်ထားနိုင်ခဲ့ပြီ၊ ပြီးတော့ လင်းကိုလည်း အခုချိန်ထိ ကို စိတ်ရင်းအမှန်နဲ့ ဖြူဖြူစင်စင် မြတ်မြတ်နိုးနိုး

[redacted]



ချစ်ခဲ့တယ်ဆိုတာကို မင်း ယုံယုံမယုံယုံ ကို ပြောခဲ့မယ်"

ရင်ထဲမှ ခံစားချက်များကြောင့် တည်တင်းနေရသော မျက်နှာထားဖြင့် ဖွဲ့အားပြောပြီးနောက် ချစ်သူလေးရှိရာ အပေါ်ထပ် ဆီသို့ ဖျတ်ခနဲ တစ်ချက်ဝေ့ဝဲကြည့်ကာ သူ့အပေါ် အထင်အမြင် လွဲမှားသွားရပြီဖြစ်သော ချစ်သူလေးထံမှ ခံစားချက်ဝေဒနာပေါင်းစုံ ဖြင့် ထူးထက်ခေါင်မှာ ပြန်ခဲ့ရပါသည်။

၏ ၏ ၏

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

လင်း ထင်ထားသည့်အတိုင်း ရည်ရွယ်ချက်ရှိရှိဖြင့် သူမ အချစ်ကို လိမ်လည်လှည့်ဖြားကာ မဖွဲ့ ပြောသည့်အတိုင်း ကြံစည်ဖို့ စိတ်ကူးရက်သော ထူးထက်ခေါင်ဆိုသောလူကို သူ နာကြည်း ခါးသီးစွာ မုန်းတီးသွားရပါပြီ။

မဖွဲ့အား သူကိုယ်တိုင် လင်းနှင့်ပတ်သက်ပြီး ကြံစည် ရည်ရွယ်ထားသည့်စကားကို လင်းရှေ့မှာပင် ဝန်ခံလိုက်ပြီဖြစ်သဖြင့် လင်းအနေနဲ့ ရှက်ရွံ့နာကြည်းလှစွာဖြင့် ကိုယ့်နားကိုပင် မယုံကြည် နိုင်လောက်အောင် ဖြစ်သွားခဲ့ရပါသည်။

ရက်စက်လိုက်တာ။

လင်းရဲ့အချစ်နဲ့မေတ္တာကို လိမ်ညာလှည့်ဖြားခံလိုက်ရခြင်း

[redacted]



မို့ လင်းတစ်ယောက် အိပ်ရာထက်မှာ လူးလိမ့်ငိုကြွေးမိပါသည်။

လင်းကတော့ သူ့ရဲ့အချစ်ကို ယုံကြည်ခဲ့ရတာ။

"လင်းကို သိပ်ချစ်လွန်းလို့ပါ"

လင်း နားနှစ်ဖက်ကို လက်ဖဝါးလေးများဖြင့် တင်းကျပ်စွာ ပိတ်ထားလိုက်သည်။

လူလိမ်လူညာတစ်ယောက်ရဲ့ စကားတွေကို လင်း ယုံကြည်ခဲ့မိတာ ဘယ်လောက်များ ရှက်စရာကောင်းလိုက်ပါသလဲ။

ဒါကြောင့်လည်း တမင်ရည်ရွယ်ချက်ရှိရှိဖြင့် လင်းကို ခေါ်ထားခဲ့သည်ပင်။

ရှက်စရာကောင်းလိုက်တာ၊ ရင်နာခြင်းနှင့်အတူ ရှက်ရွံ့ ကြေကွဲရခြင်းများက လင်း၏ အသည်းနှလုံးနုနုလေးကို ရစရာ မရှိအောင် ထိုးဖွမွှေနှောက်ပစ်ကြသည်။

အချစ်ဖြင့် သာယာခဲ့ရသော ကမ္ဘာလောကကြီးက ထိုအချစ်ကြောင့်ပင် အကျည်းတန် အရုပ်ဆိုးသွားခဲ့ရသည်။

"ရှင့်ကို လင်း မုန်းတယ်၊ သိပ်မုန်းတယ်"

အရူးမလေးတစ်ယောက်လို လင်း အော်ဟစ်ပေါက်ကွဲမိ သည်။ ထိုစဉ် သူမ၏ ဟမ်းဖုန်းလေးမှ ဖုန်းခေါ်သံမြည်လာသဖြင့်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ ထူးထက်ခေါင်၏ ဖုန်းနံပါတ်ဖြစ်နေသဖြင့် ဖုန်းလေးကို လုံးဝပိတ်ပစ်လိုက်သည်။ 'ဟင်' ဆိုလျှင် လှည့်မကြည့်တတ်သော လင်းမှာ သူ၏ ဖြေရှင်းချက်များကို လုံးဝ လက်ခံနားထောင်လိုခြင်း မရှိတော့ပါ။

"လင်း ညီမလေး၊ ဘာမှ ခံစားမနေနဲ့၊ သူ့လို လူတစ်ယောက်ကို ခေါင်းထဲက အပြီးအပိုင် ထုတ်ပစ်လိုက်တော့"

"ဟင်း"

သက်ပြင်းတစ်ချက်ကို လင်းမှာ ရှိုက်ထုတ်ပစ်လိုက်၏။

မဖွဲ့စကားအတိုင်း အားလုံးကို မေ့လိုက်ဖို့ သူမ ကြိုးစားနေပေမယ့် သူ့အကြောင်းက လင်းအတွေးထဲသို့ ဝင်လာရသည်ကို မကြိုက်သလိုမျိုး လင်းသည် အတွေးထဲမှ ခပ်မြန်မြန် ဖယ်ထုတ်လိုက်ပြီးနောက် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဒက်ဒီနှင့် မဖွဲ့ကတော့ ကုမ္ပဏီသို့ သွားနေကြပြီဖြစ်သဖြင့် လင်းနှင့် အိမ်အလုပ်သမားများသာ ကျန်နေရပါသည်။

ထူးထက်ခေါင်ကိစ္စနှင့် ပတ်သက်ပြီး လင်းဆန္ဒအတိုင်းသာဟု ဒက်ဒီက ပြောထားခဲ့ပြီး မဖွဲ့ကတော့ ထူးထက်ခေါင်ကို မေ့လိုက်ပြီး အရင်လို ပျော်ပျော်ရွှင်ရွှင်ပြန်နေဖို့ ညီမဖြစ်သူကို



တိုက်တွန်းနေပါသည်။

လင်း အောက်ထပ်သို့ရောက်စဉ် ဖုန်းမြည်သံပေါ်လာပြန်သည်။

"တူ...တူ...တူ"

လင်း ဖုန်းကို ကောက်ကိုင်လိုက်သည်နှင့်

"လင်းလား"

"ဟုတ်ပါတယ်၊ ဘယ်သူလဲ မသိဘူး"

"ကို...ပါ"

"ဟင်...ရှင်...ရှင် ဘာကိစ္စနဲ့ လင်းဆီ ဖုန်းဆက်နေတာလဲ"

"လင်းကို ကို ရှင်းပြပါရစေ"

"လင်း နားမထောင်နိုင်ဘူး"

"ဂျောက်"

လင်းသည် ဖုန်းလေးကို ချပစ်လိုက်သည်။

သို့ပေမယ့် စိတ်လှုပ်ရှားမှု ဒေါသလေးများကြောင့် လှုက မတည်ငြိမ်အောင် ဖြစ်နေရတာ ဘာရယ်မဟုတ် ဖုန်းလေးကို စူးစူးစိုက်စိုက်လေး ကြည့်နေမိရသည်။

www.burmeseclassic.com

www.burmeseclassic.com



“တူ…တူ…တူ”

“တောက်…ဒီလူ သိပ်လွန်နေပြီ”

နှုတ်ခမ်းလေးကို ဖိကိုက်ထားရင်း မကျေမနပ်အတွေး များဖြင့် မျက်ခုံးလေးကိုတွန့်ကာ လင်းမှာ တစ်ယောက်တည်း ရေရွတ်လိုက်မိသည်။

“တူ…တူ…တူ”

ဖုန်းကလည်း အဆက်မပြတ် မြည်နေဆဲဖြစ်သည်။ သူ့ဖုန်းမှန်းသိပေမယ့် မကိုင်ဘဲ သည်အတိုင်းပစ်ထားလျှင်လည်း သည့်လို တဖွတ်ထိုးသမားက ဆက်ခေါ်နေဦးမည်ဖြစ်သဖြင့် စိတ်တိုတိုနှင့်ပင် ဖုန်းလေးကို ကိုင်လိုက်ရသည်။

“ဖုန်းကို ချမပစ်နဲ့နော်…လင်း၊ လင်း ဖုန်းချလည်း ကိုက ထပ်ခေါ်နေမှာပဲ”

“ရှင်ဘာသဘောနဲ့ လင်းကို နှောင့်ယှက်နေရတာလဲ”

“လင်းရယ်…ဘာဖြစ်လို့ ကိုယ့်ကို ရန်သူကြီးလို ဆက်ဆံ နေရတာလဲ၊ ကို ရှင်းပြပါရစေဦး လင်းရယ်”

“ဘာမှ ရှင်းပြမနေနဲ့တော့၊ ရှင့်လိုလူကို မိတ်ဆွေအဖြစ် တောင် မထားနိုင်ဘူး”



“ဘယ်လိုပြောလိုက်တာလဲ လင်းရယ်၊ ရက်စက် လှချည် လား”

“အဟင်း…ဟုတ်လား၊ ရက်စက်ရင်လည်း မပတ်သက် နဲ့ပေါ့၊ ဖုန်းလည်း ထပ်မဆက်နဲ့၊ ဆက်လည်း မကိုင်တော့ဘူး မှတ်ပါ”

သည်တစ်ခါတော့ လင်းသည် သူ ဖုန်းထပ်မဆက်ခင် ဖုန်းကြိုးကို ဆွဲဖြုတ်ပစ်လိုက်သည်။

သို့ပေမယ့် လင်းမှာ ဒေါသလေးများဖြင့် နှုတ်ခမ်းလေးကို တင်းတင်းစေ့ကာ အံကြိတ်ထားမိသည်။

မပတ်သက်ချင်တော့ဘူးဟု ဆုံးဖြတ်ကာမှ အရှက်မရှိ ကြံဖန်လိုက်၍ ပတ်သက်နေသော ထူးထက်ခေါင်ကြောင့် လင်းမှာ အိမ်တွင်းပုန်းလေး လုပ်နေမိလိုက်သည်။

လင်းသည် သူနှင့်ပတ်သက်ခဲ့သည့် အတိတ်ကဖြစ်ရပ် များကို မေ့ထားခဲ့သည်မှာ တဲဖြည်းဖြည်းနှင့် ရက်ကလေးများ အလီလီ ကျော်ဖြတ်ခဲ့ပြီဖြစ်သလို သူမနှလုံးသားလေးထဲသို့လည်း မည်သည့်ခံစားချက်မှ မဝင်မိအောင် ထိန်းထားတတ်ခဲ့ပြီဖြစ်သည်။

အရာအားလုံးကို မေ့ထားလိုက်ကာ လင်းမှာ သူမ

www.burmeseclassic.com

www.burmeseclassic.com



တက်နေကျ သင်တန်းများတွင်သာ စိတ်နှစ်ပြီးတက်နေမိပါသည်။

"ဟင်"

သင်တန်းခန်းမသို့အလာ လင်းသည် မထင်မှတ်ဘဲ ထူးထက်ခေါင်ကို တွေ့လိုက်ရသောကြောင့် လင်း အံ့ဩသွားရသည်။

"လင်း"

"ရှင်…ရှင် ဘာဖြစ်လို့ ဒီလောက်ထိအောင် နှောင့်ယှက်နေရတာလဲ"

တင်းမာနေသော မျက်နှာလှလှလေးဖြင့် ဒေါသသံစွက်နေသော လင်း၏အမေးကို ထူးထက်ခေါင်သည် ဘာမှ ပြန်မဖြေဘဲ သူမကိုသာ တည်တည်ရူးရူး စိုက်ကြည့်လျက်က…

"နှောင့်ယှက်တာ မဟုတ်ပါဘူး လင်းရယ်၊ လင်းကို တွေ့ချင်လွန်းလို့ပါ"

"ဘာရှင့်…"

လင်း မျက်လုံးတွေက ဒေါသလေးများကြောင့် တောက်ပြောင်သွားရကာ ချက်ချင်းဆိုသလို လှပလွန်းသော မျက်နှာလေးမှ သွေးရောင်လွှမ်းသွားရသည်။



"ရှင်…ဘာဖြစ်ချင်တာလဲ"

"လင်းနဲ့ စကားပြောချင်တယ်"

"မအားဘူး၊ သင်တန်း တက်ရဦးမယ်"

"ရတယ်….လင်း သင်တန်းပြီးတဲ့အချိန်ထိ ကို စောင့်နေမယ်"

"ကိုယ့်ကို ရှောင်သွားဖို့တော့ စိတ်မကူးနဲ့နော်၊ လင်း အိမ်အထိ ကို လိုက်လာမှာ"

လင်းကို စူးရှသော မျက်ဝန်းဖြင့် စိုက်ကြည့်ကာ ခြေလှမ်းကျဲကြီးများဖြင့် ထွက်သွားသော ထူးထက်ခေါင်ကြောင့် လင်းသည် မခံမရပ်နိုင်သော မျက်နှာလေးနှင့် အံကလေးကြိတ်ထားလိုက်သည်။

သင်တန်းသာ တက်နေရသည်။ သင်တန်းထဲ စိတ်မရောက်နိုင်သော လင်းမှာ သူမကို စောင့်နေမည့် ထူးထက်ခေါင်ကြောင့် စိတ်တွေ ရှုပ်ထွေးနေရပါသည်။ သင်တန်းမှ သူမသိအောင် ထွက်သွားပြီး အိမ်ကိုပြန်ဖို့ စိတ်ကူးလိုက်ပေမယ့် ထိုအတွေးများက ခဏအတွင်း လွင့်ပြယ်သွားရသည်။

အကြောင်းမှာ…

သူမ ထိုကဲ့သို့ ထွက်သွားပါက ထူးထက်ခေါင်ဆိုသော

www.burmeseclassic.com

www.burmeseclassic.com



သူသည် လင်းအိမ်ကို လိုက်လာပါက ပြဿနာတွေ ပို၍ ရှုပ်ထွေးသွားနိုင်ပါသည်။

မလုပ်လောက်ပါဘူးလို့တော့ ထူးထက်ခေါင်ဆိုသောသူ့ကို လျှော့တွက်၍ မရ။

သူ့စိတ်ခတ်ကို လင်းသည် အသိဆုံးဖြစ်သောကြောင့် ဖြစ်သည်။

ထို့ကြောင့် ဘာပဲပြောပြော သူ့ကိုတွေ့ဆုံကာ ပြဿနာကို ရှင်းရှင်းလင်းလင်း ရင်ဆိုင်လိုက်သည်သာ အကောင်းဆုံးပဲဖြစ်သည်။

လင်း သင်တန်းပြီးဆုံး၍ ဆင်းလာတော့ ဖွဲကောင်းကောင်းနှင့် စောင့်နေသော ထူးထက်ခေါင်ကို မြင်လိုက်ရသည်။

လင်းကိုမြင်တော့ သူမအနားသို့ ခြေလှမ်းခပ်သွက်သွက်ဖြင့် လျှောက်လာခဲ့ပြီး

"လင်း"

"ရှင်နဲ့လင်း ပြောစရာ ဘာအကြောင်းမှ မရှိဘူး"

"ကို တောင်းပန်ပါတယ် လင်း၊ ခဏဖြစ်ဖြစ် လင်းနဲ့ စကားပြောပါရစေ"

သူ့စကားကို လင်းသည် ဘာမှပြန်မပြောဘဲ မျက်စောင်း



ချိတ်ပြီး ခြေဆောင့်လှည့်ထွက်သွားသည်။

"လင်း"

လှည့်မကြည့်။

"ကို ကောင်းကောင်းပြောနေတယ်နော် လင်း၊ လူတွေကြားထဲမှာ ဆွဲမခေါ်ဘူးလို့တော့ လင်း မထင်နဲ့"

မှုန်အစ်အစ်မျက်နှာလေးနှင့် လင်း ခြေလှမ်းတွေ ရပ်ပစ်လိုက်သည်။

"ရှင်နဲ့ စကားမပြောချင်ဘူး"

"ကိုကတော့ ပြောမှကိုဖြစ်မယ်"

နှုတ်ခမ်းအစုံကိုသာ လင်းသည် တင်းတင်းစေ့ပိတ်ထားလိုက်သည်။ သူနှင့် ဘက်ပြိုင်မပြောချင်တာမို့ သူမ ကားလေးရှိရာသို့ လှည့်ထွက်လိုက်တော့ သူသည်လည်း ခပ်တည်တည် စကားမပြောဘဲ သူမနှင့်အတူ လျှောက်လာရသည်။

သူမ ကားနားရောက်တော့ လင်းသည် ကားတံခါးကို ဆွဲဖွင့်ပြီး ဝင်ထိုင်လိုက်တော့ ထူးထက်ခေါင်သည်လည်း ဘာမပြောညာမပြောနှင့် တစ်ဖက်ကားတံခါးကို ဆွဲဖွင့်ကာ ဝင်ထိုင်လိုက်သဖြင့် လင်းမှာ မျက်ဝန်းလေးအပြူးသားဖြစ်သွားရပြီး

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာလို့ လင်းကားပေါ် တက်တာလဲ…ဆင်း"

"မဆင်းဘူး…လင်း၊ လင်းကို ကို ပြောစရာရှိတယ်လို့ ပြောပြီးပြီမဟုတ်လား၊ လင်းနဲ့ စကားပြောခွင့်မရမချင်း လင်း သွားလေရာ ကို လိုက်မှာပဲ"

ထူးထက်ခေါင်၏ မထီတရီဟန်လေးကြောင့် လင်းမှာ ဒေါသလေးများ ပို၍ဖြစ်သွားရပြီး

"ကောင်းပြီလေ၊ ဒါဆို ရှင့်ကို ရဲစခန်း ပို့ရုံပေါ့"

လင်းမှာ စိတ်တိုတိုနှင့် ကားလေးကို အရှိန်ခပ်ပြင်းပြင်း လေး မောင်းထွက်လိုက်သည်။

"ပို့ပေါ့၊ ရဲစခန်းရောက်ရင် ချစ်သူချင်း စိတ်ကောက်နေတယ်ထင်ပြီး သူတို့ကတောင် လင်းကို ဝိုင်းဖျောင်းဖျပေးကြဦးမှာ"

"ရှင်နော်…ရှင်"

"ဟုတ်တယ်လေ၊ ကိုယ့်လို ဆရာဝန်တစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ထောက်ထားပြီးတော့ သူတို့က ညှာတာကြမှာပါ"

သည်လိုကျူပြန်သော့လည်း သူပြောနေသည့်စကားက ဟုတ်သလိုလိုမို့ ထပ်ငြီးအရှက်ကွဲရမည့် အရေးကိုတွေးပြီး လင်းမှာ ဘယ်ဆက်သွားရမည်မှန်းမသိတော့ဘဲ ကားကို လူရှင်းသော



ကားလမ်းတစ်နေရာတွင် ထိုးရပ်ပစ်လိုက်ရသည်။

"ကဲ…ဒီလောက်တောင် ပြောချင်နေတာ၊ ဘာပြောမှာလဲ မြန်မြန်ပြော"

"ကို့အတွက် လင်း အချိန်နည်းနည်းမှ မပေးနိုင်တော့ ဘူးလား အချစ်ရယ်"

"မခေါ်နဲ့၊ ရှင်နဲ့လင်းကြားမှာ ဒီအသုံးအနှုန်းတွေက ခေါ်စရာမလိုအောင် ပြီးခဲ့ပြီပဲ၊ စကားပြောရင် ဆင်ခြင်ပြောပါ"

"လင်းဘက်က တစ်ဖက်သတ်ဆုံးဖြတ်နေတာကို ကို လက်မခံသရွေ့ ကို့ဘက်က ဘာမှ ဆင်ခြင်စရာမလိုဘူး"

"ကောင်းပြီလေ၊ ရှင် ဒီလို လိုက်နှောင့်ယှက်နေဦးမယ် ဆိုရင် လင်း တခြားတစ်ယောက်နဲ့ မြန်မြန်အိမ်ထောင်ပြုရလိမ့်မယ်"

"ဘာ…ဘာပြောတယ် လင်း၊ ပြန်ပြောစမ်း"

"ရှင် ကြားတဲ့အတိုင်းပဲ"

လင်းစကားကြောင့် ထူးထက်ခေါင်မှာ ဒေါ်ပွသွားရပြီး လင်းပုခုံးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လှုပ်ကာ

"လင်း…ကို့အပေါ်ကို သက်သက်မဲ့ ညှင်းဆဲနေတာ လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဖယ်..လွှတ်ပါ၊ လင်းအသားကို မထိပါနဲ့"

ထူးထက်ခေါင်လက်ကို လင်းဇာစ်ယောက် ပုတ်ချလိုက်သည်။

"ရှင် ဘာမှ ရှင်းပြမနေပါနဲ့၊ ရှင့်အသံကို မုန်းလွန်းလို့ပါ"

သူ့ကိုမကြည့်ဘဲ လင်းမှာ မျက်နှာလေးမော့ နှုတ်ခမ်းလေး စေ့လျက်က မျက်နှာထားလေးဖြင့် ခပ်မာမာပြောလိုက်သည်။

"လင်း ချစ်ချင်တိုင်းချစ်၊ မုန်းချင်တိုင်း မုန်းရအောင် ကိုက ခံစားမှုမရှိတဲ့ စက်ရုပ်မဟုတ်ဘူးကွ"

"ရှင့်ဘာသာ စက်ရုပ်ပဲ ဟုတ်ဟုတ် မဟုတ်ဟုတ် ကားပေါ်က ရှင် ဆင်းပါတော့၊ ပြန်တော့မယ်"

"မပြန်ရဘူး"

"ဘာပြောတယ်"

"ဒီမှာ ဦးထူးထက်ခေါင်၊ ရှင် လူကိုလာပြီး ဘာမှ လိုက်ပြီး ပိတ်ပင်တားမြစ်စရာ အကြောင်းမရှိဘူး၊ ကိုယ့်ဘာသာ သွားချင်သွားမယ်၊ ပြန်ချင်ပြန်မယ်၊ ရှင့်အလုပ်မဟုတ်ဘူး..ဆင်း"

"မဆင်းဘူး"

"ရှင်နော်...ဒေါသဖြစ်အောင် တစ်ခုပြီးတစ်ခု လုပ်နေ



ပါလား၊ ပါးရိုက်မိလိမ့်မယ်"

"အပွန်း..ပွန်း၊ လင်း ကို့ပါးကိုရိုက်တာ ခုမှ မဟုတ်ပါဘူးလေ"

စိတ်ထိခိုက်စွာ ပြောလိုက်သော ထူးထက်ခေါင်စကားကြောင့် လင်း၏ နှလုံးသားလေးမှာ တဖျတ်ဖျတ်နှင့် လှုပ်ဖိုတုန်ခါသွားပြီး ရင်မှာ တစ်မျိုးကြီးဖြစ်သွားရကာ လင်းမျက်နှာလေး တွေခနဲ ဖြစ်သွားရသည်။

"စိတ်မဆိုးပါနဲ့ အချစ်ရယ်၊ လင်းကို ကို ရှင်းပြပါရစေ၊ တောင်းလည်း တောင်းပန်ပါရစေကွယ်"

ညင်သာတိုးတိတ်သောအသံနှင့် တောင်းပန်စကားများ ဆိုရင်းက လင်းကိုယ်လေးကို သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်ပြီး နှုတ်မှ တတွတ်တွတ်နှင့် ချော့လိုက်သည်။

"ရှင်းမပြနဲ့၊ ဘာမှ ရှင်းပြစရာမလိုဘူး...လွှတ်"

"မလွှတ်ဘူး၊ လင်း ကို့ကို အထင်လွဲနေတာတွေကို ရှင်းမပြရဘဲနဲ့တော့ မလွှတ်နိုင်ဘူး၊ လင်း ကို့အပေါ်ဘာလို့ ဒီလောက် ရက်စက်ရတာလဲကွာ"

"အို...မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဘူရင်ခွင်ကျယ်ကြီးထဲမှ လင်းသည် ဒေါနှင့်မောနှင့် တွန်းထိုးရုန်းထွက်ပစ်လိုက်သည်။

"မသိလို့မရဘူး၊ လင်းကြောင့် ကို အရှမ်းခံစားနေရပြီကွ"

ထူးထက်ခေါင်သည် ရင်ထဲက မခံမရပ်နိုင်အောင် နာကျင်နေရပြီမို့ လင်းကိုယ်လေးကို ဆွဲခါလိုက်မိသည်။

"လင်း ကို့အချစ်ကို မယုံဘူးလား၊ လင်းကို ချစ်တဲ့ ကို့အချစ်က ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ အစားထိုးပြီး ချစ်လို့မရတဲ့ အချစ်ဆိုကာ တစ်သက်မှာတစ်ခါသာ ချစ်ရဲတဲ့ အချစ်ပါလင်းရယ်"

မချင့်မရဲဖြစ်စွာ လင်းတစ်ကိုယ်လုံးကို သိမ်းကျုံးပွေ့ဖက်ပြီး ဝေးနေရသည့် ချစ်သူလေးအား အတိုးချကာ နမ်းပစ်လိုက်သည်။

"လင်းရယ်...အရှမ်း လွမ်းတာပဲကွာ၊ ကို ရှင်းပြတာနားထောင်နော်"

"ဟင့်အင်း...ဟင့်အင်း၊ လွှတ်...လွှတ်...လွှတ်ပါ"

"သိပ်ချစ်တယ်"





"အို"

သန်မာသော ထူးထက်ခေါင်လက်များထဲမှ လင်းကိုယ်လေးက ဘယ်လိုမှ ရုန်းထွက်လို့မရအောင် ဖြစ်နေရသလို မွှတ်သိပ်ပြင်းပြသော သူ၏ အနမ်းကြမ်းကြမ်းများကြောင့်လည်း အသက်ရှူများပင် မဝချင်တော့။

လင်းမှာ ရှက်ဒေါသများဖြင့် ပါးပြင်ပေါ်သို့ မျက်ရည်အသွယ်သွယ် စီးကျလာရပြီး မချိတင်ကဲစွာ တသိမ့်သိမ့် ရှိုက်ငိုနေမိသည်။

"လင်း"

"လင်း"

သူ ဘယ်လိုခေါ်ခေါ် လင်းက လုံးဝလှည့်မလာသဖြင့် ပုခုံးနုစ်ဖက်ကို ဆုပ်ကိုင်ကာ သူမကိုယ်လေးကို သူ့ဘက်သို့ အသာဆွဲလှည့်လိုက်သည်။

ရုတ်တရက်မို့ သူ့ဘက်သို့ ယိုင်ဆင်းကျလာသော လင်းကိုယ်လေးကို အသာထိန်းပွေ့ထားလိုက်ပြီး သူ့အနမ်းများက လင်း၏ လည်တိုင်နုနုလေးဆီသို့ တရှိုက်မတ်မတ်လေး ကျရောက်သွားရပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တမဲ့မို့ ကြောင်သွားရသော လင်းမှာ သတိရလာသူ ပမာ ထူးထက်ခေါင်ရင်ခွင်ထဲမှ အတင်းရုန်းထွက်ကာ သူ၏ ရင်ဘတ်ကျယ်ကြီးကို သူမ လက်သီးဆုပ်လေးများဖြင့် အဆက် မပြတ် ထုရိုက်ပစ်ရင်း

"ရှင်ဟာ အခွင့်အရေးသမား၊ လူလိမ်လူညာ၊ ရှင့်ကို မုန်းတယ်၊ သိပ်မုန်းတယ်၊ အဟင့်..ဟင့်"

"ကို့အပေါ် ဒီလောက်တောင် မုန်းနေပြီလား လင်း"

"ဒီထက် ပိုတယ်"

မျက်ရည်ရွဲလျက် ရန်ထောင်နေသော လင်းကိုကြည့်ပြီး နလုံးသားမှာ မခံနိုင်အောင် နာကျင်သွားရသော ထူးထက်ခေါင်မှာ သူမအား ဖက်တွယ်ထားသည့် သူ့လက်များ ခဏချင်း ပြေလျော့ သွားရသည်။

"ကောင်းပြီ...ကို ကတိပေးတယ် လင်း၊ လင်းကို ကို ဘယ်တော့မှ တွေ့ဖို့ မကြိုးစားတော့သလို လင်း သိပ်မုန်းနေတဲ့ ကိုယ့်ကိုလည်း အခုချိန်ကစပြီး လင်း မျက်စိရှေ့မှာ မမြင်စေရတော့ ပါဘူး"

သူမအား ကတိပေးနေသော သူ့အသံက အက်ကွဲတုန်ရင်

[redacted]



နေသည်မို့ လင်းမှာ အံ့ဩမှုများဖြင့် ရင်ထဲက တစ်မျိုးကြီးဖြစ်သွား ရသည်။

လှုပ်ရှားနေသော စိတ်ကို မျိုသိပ်ထိန်းချုပ်ရင်းက လင်းမှာ သူမကားပေါ်မှ ရုတ်တရက်ဆင်းသွားသော ထူးထက်ခေါင် ကျောပြင်ကိုသာ ကြည့်နေလိုက်ပြီး ဘာစကားတစ်ခွန်းမှ မပြောဖြစ်ဘဲ ရှိနေမိတော့ပါသည်။

အကြောင်းမှာ

သူမကိုယ်တိုင်လည်း သူနှင့်ပတ်သက်၍ လှုပ်ရှားနေရ သော စိတ်တို့ဖြင့် ရင်ခုန်သံတွေက ယခုထက်တိုင် မတည်ငြိမ် သေးသောကြောင့် ဖြစ်သည်။

ဖ ဖ ဖ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ရွှန်းရွှန်းစက်စက် သာနေသော လမင်းကြီးကို ငေးမော့ ငေးစိုက်ကြည့်ရင်း လမင်းထဲမှ လင်း၏ ချစ်မြတ်နိုးရာ ရုပ်သွင် လှလှလေးက ထင်ဟပ်လာပါသည်။

သို့ပါသော်လည်း ထိုလှပလွန်းသော မျက်နှာလေးနှင့် မလိုက်ဖက်အောင် သူ့ကိုတွေ့သည်နှင့် ပြောင်းလဲသွားရသည့် မျက်နှာလေးမှာ အမုန်းနှင့် နာကျည်းခြင်းများဖြင့် တင်းမာခက်ထန်စွာ စိမ်းလှဲ့ခါးသီးနေသည့်အဖြစ်ကို ထူးထက်ခေါင် ပြန်တွေးမိတိုင်း ရင်မော့ပင့်သက်ဖြာရသည်ကလည်း အကြိမ်ပေါင်းများစွာပင် ရှိနေရပြီ။

မြတ်နိုးစွာ ချစ်ခဲ့မိပါသော ချစ်သူလေးထံမှ ခါးသီးမှုနှင့်



တင်းမာရက်စက်လွန်းသော စကားသံနှင့် အပြုအမူများက ထူးထက်ခေါင်အသည်းပြင်ကို ဓားနှင့်မွှန်းသလို ရှိနေရပါသည်။ ရှင်းပြခွင့်မရနိုင်အောင် နားလည်မှုလွဲမှားနေရခြင်းက သူနှင့်လင်းအား ဝေးကွာသထက် ဝေးကွာစေဖို့ ဖန်တီးနေလေရော့သလား။

ဟူး…

လင်းရယ်….။

မင်းလေးကတော့ ကိုယ့်အပေါ်မှာ နာကျည်းစိတ်နဲ့ ခါးခါးသီးသီး ဖြစ်နေပြီလား။

ကိုယ်တို့နှစ်ယောက် တွေ့ဆုံခဲ့ရတဲ့ အခြေအနေ အဖြစ်အပျက်တွေမှာလည်း ထူးထက်ခေါင် ကိုယ့်အပြစ်နှင့်ကိုယ်မို့ ချစ်သူလေး လင်းမှာ အထင်အမြင် လွဲခဲ့ပြီး ဒီလိုအခြေအနေမျိုး ရောက်အောင် ဖွတ်အတင်း တွန်းပို့ဖန်တီးပေးခဲ့သလိုမျိုး ဖြစ်ခဲ့ရတာ မဟုတ်လားကွယ်။

တကယ်တော့ အားလုံးဟာ ကိုယ့်အပြစ်တွေချည်းပါပဲလေ။ လက်ထဲမှ စီးကရက်ကို မသောက်မိသဖြင့် ပြာတောင့်ရှည်ကြီးဖြစ်နေရသည်ကိုပင် သူ သတိမထားမိတော့ပါ။

သူ့အပေါ်တွင် အထင်အမြင်လွဲကာ နာကြည်းမုန်းတီးနေရ

www.burmeseclassic.com

www.burmeseclassic.com



ပါသော ချစ်သူလေးက သူနှင့်မပတ်သက်ချင်တော့ပေမယ့် သူကတော့ ပတ်သက်ချင်နေရသည်မို့ သူမ ဘယ်လိုပင် နာကျင်အောင်ပြောပြော ဂရုမစိုက်နိုင်ခဲ့ပါ။

လင်း မကြည်ဖြူမှုန်း သိသိနှင့်ပင် ဖွတ်တိုးခဲ့သည်။ လင်းနှင့် ဝေးနေမှ လင်းကို သူ ဘယ်လောက်အထိ ချစ်မြတ်နိုးကြောင်း ပိုသိခဲ့ရသည်။

သိပ်ချစ်မိတော့ သိပ်ပြီးနာကြည်းကြေကွဲစရာတွေ ဖြစ်ခဲ့ရပြီထင့်။

"အား"

သူ့လက်မှာညှပ်ထားသည့် စီးကရက်မီးက သူ့လက်ကို ပြန်ပြီး လောင်မြိုက်လိုက်မှ အတွေးသံသရာကြီးထဲက ထူးထက်ခေါင် လန့်နိုးလာသည်။

ဟူး...

လင်းလေးရယ်....။

အချိန်တိုင်း စက္ကန့်တိုင်း ကိုယ့်ရဲ့ရင်ထဲမှာ နေရာယူထားတဲ့ သူက လင်းတစ်ယောက်တည်းပါကွယ်။

သိပ်ချစ်သော လင်းမှာ သူ့အပေါ် မုန်းတီးနာကျည်းစိတ်



နှင့် အခြားတစ်ယောက်ယောက်ကိုများ လက်ထပ်လိုက်လေမလား။

ဒီလိုဆိုရင်ကော သူ့ဘက်က လက်လျှော့အရှုံးပေးလိုက်ရမည်လား။

လင်းကို လက်လွှတ်ဆုံးရှုံးလိုက်ရတော့မည်ဟု တွေးမိလျှင်ပင် သူ့ရင်တွေ မီးလိုပူလောင်ရပါသည်။

လင်းရယ်..။

မင်းလေးကို ကို ဘယ်လိုမှ စွန့်လွှတ်အဆုံးရှုံးမခံနိုင်ဘူး အချစ်ရယ်။ ဒါပေမဲ့ ထူးထက်ခေါင်မှာ သူ့ဘက်က ဖွင့်အတင်း ရှင်းပြဖို့ ကြိုးစားပေမယ့်လည်း သူမသည် သူ ရှင်းပြသမျှစကားများကို လုံးဝနားမထောင် လက်မခံဘဲ ဖြစ်နေရသဖြင့် ထူးထက်ခေါင်မှာ ချစ်သူလေးစိတ်ဆန္ဒအလိုအကျအတိုင်း နာကျင်နေရသော ဝေဒနာအတွေးများဖြင့် လက်ပန်းကျနေသူတစ်ယောက်လို တွေဝေငေးမောရင်း ချစ်သူလေးနှင့် မတွေ့ဖြစ်အောင် ကြိုးစားနေရပါသည်။

အချစ်ဆိုသည်က ဆန်းကြယ်လွန်းလှပါသည်။

နှလုံးသားထဲက သူ့အလိုလို ပေါက်ဖွားရှင်သန်လာတတ်သည့် အရာဆိုတာကို ထူးထက်ခေါင်မှာ လင်းနှင့်တွေ့မှ သိခဲ့ရခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သူ၏ အေးစက်နေရသော နှလုံးသားသည် လင်းနှင့် မတွေ့ခင်ကအထိ ဘယ်မိန်းကလေးကိုမှ ရင်ခုန်လှုပ်ရှားခြင်းမျိုး မရှိခဲ့ဘူးပါ။

လင်းနှင့်တွေ့ပါမှ သူ့နှလုံးသားများ တုန်လှုပ်မြန်ဆန်ခဲ့ရသည့်အဖြစ်က သူ့ဘဝတစ်သက်တွင် တစ်ကြိမ်တစ်ခါမှ မဖြစ်ပေါ်မခံစားခဲ့ရဘူးသည့် ခံစားချက်ပင်ဖြစ်သည်။

သည့်ခံစားချက်များနှင့်ပင် လင်းကို မြတ်နိုးလွန်းစွာဖြင့် သိပ်ချစ်သွားခဲ့မိရခြင်း ဖြစ်သည်ဆိုတာကို သူ့ကိုယ်သူလည်း နားလည်လိုက်ရ၏။

အခုအချိန်မှာ ထူးထက်ခေါင် အရာအားလုံးကို မေ့ထားလိုက်ချင်သည်။ ရင်ထဲမှာ ကြိတ်မနိုင်ခဲမရ ဝေဒနာခံစားချက်များကို သူ မခံစားနိုင်တော့။ သိပ်ချစ်မိသော ချစ်သူလေးအကြောင်းကို တွေးမိလိုက်တိုင်း နာကျင်ကြေကွဲရသော ဝေဒနာခံစားချက်များဒဏ်ကို မခံနိုင်တော့သည့်အဆုံး သူ့ဘဝတစ်သက်တာတွင် တစ်ခါမှ မသောက်ခဲ့ဖူးသော အရက်ဆိုသည့်အရာကို သောက်မိသည်။ မူးရူးပြီး အရာအားလုံးကို သူ မေ့သွားချင်ပြီ။

တစ်ပတ်အတွင်းမှာပင် အစားအသောက် မမှန်ဘဲ

[redacted]



အရက်ကိုသာ မနားတမ်းသောက်နေသော ထူးထက်ခေါင်မှာ ညှင်းသိုးသိုးနှင့် မျက်နှာများပင် ချောင်ကျလာရသည်။

"ထူး…အခုတလော မင်း ဘာဖြစ်နေတာလဲ၊ ငူငူငိုင်ငိုင်နဲ့ ပြီးတော့ တစ်ခါမှ မသောက်ဘူးတဲ့ အရက်ကိုလည်း သောက်တတ်နေပြီ"

"ဘာလဲ ထူး၊ မင်းလည်း မင်းဝေစိုးလမ်းစဉ် နောက်ထပ်လိုက်ချင်လို့လား၊ မင်းဟာ ပညာတတ်တစ်ယောက်ပါကွာ၊ အရာရာမှာ သတိဆိုတာရှိစေါလို့ပဲ ဦးလေးအနေနဲ့ ပြောချင်တော့တယ်၊ ဖြစ်ခဲ့တဲ့ကိစ္စတွေမှာလည်း ဘယ်သူမှားတယ် မှန်တယ်ဆိုတာကိုလည်း ဦးလေးမပြောချင်ဘူး"

တူဖြစ်သူ ခံစားနေရသော ဝေဒနာများသည် လင်းဆိုသော မိန်းကလေးနှင့်ပတ်သက်ပြီး ခံစားနေရသည်ကို ရိပ်မိပေမယ့် ဘယ်လို ဘယ်အကြောင်းဖြစ်ရသည်ဆိုတာကိုတော့ ဦးမင်းဝေမှာလည်း အတိအကျ မသိပါ။ သေချာတာကတော့ လူငယ်တွေ၏ နှလုံးသားကိစ္စသာ ဖြစ်နိုင်ဖွယ်ရှိသည်။ အစမကောင်း အနှောင်းမသေချာဆိုသည့် တူဖြစ်သူ၏ဇာတ်လမ်း အစမကောင်းသောအဖြစ်ကို စခဲ့ပြီးနောက် အနှောင်းပိုင်းတွင်လည်း သေချာလိမ့်မည်

[redacted]

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဆိုတာကို ကြိုတင်ပြီး သိနေခဲ့သဖြင့် ဦးမင်းဝေကိုယ်တိုင် ထူးထက်ခေါင်ကို တားမြစ်ခဲ့ဖူးပါသည်။

အခုမှတော့ တူဖြစ်သူကို သတိပေးရုံကလွဲလို့ လူငယ်တွေ၏ နှလုံးသားကိစ္စကို ဦးမင်းဝေလည်း မတတ်နိုင်ရတော့သည့် အဖြစ်။

ထို့အတူ အချစ်ဆုံးသူငယ်ချင်းဖြစ်သူ သက်ဦးမှာလည်း ထူးထက်ခေါင်၏အဖြစ်ကို မြင်လိုက်ရသည့်အတွက်ကြောင့်

"ဘယ်လိုတွေဖြစ်ကုန်ပြီလဲ ထူးထက်ရာ၊ ငါ အစကတည်းက ပြောခဲ့တယ်မဟုတ်လား၊ မင်း လုပ်ခဲ့တဲ့ကိစ္စတွေက မဟုတ်ဘူးဆိုတာကိုလေ၊ အခုတော့ အဲဒီအတွက် မင်း ကောင်းကောင်းကြီး ခံစားနေရပြီမဟုတ်လား"

"မှန်တယ် သူငယ်ချင်း၊ မင်းပြောတာ မှန်တယ်၊ ဒါကြောင့်လည်း ငါ့ကိုယ်ငါ ဒဏ်ခတ်တဲ့အနေနဲ့ အခုလို ဖြစ်နေတာပေါ့"

"ဟင်း"

သက်ဦးမှာ ထူးထက်ခေါင်အား ကရုဏာဒေါသများဖြင့် ပြောလိုက်မိပေမယ့် တကယ်တမ်း အချစ်ဆုံးသူငယ်ချင်း





ထူးထက်ခေါင်၏ အဖြစ်များကို မြင်ရပြန်တော့ ရင်မှာစိတ်မကောင်း ဖြစ်ရပြန်ပါသည်။

အမြဲတမ်း သပ်ရပ်ချောမောစွာဖြင့် ယောကျ်ားပီသလွန်းသော ထူးထက်ခေါင်မှာ ညှင်းသိုးသိုးဖြင့် ရှိနေရကာ စုတ်ဖွာဖွာ ဆံပင်များနှင့် မသပ်မရပ်ဖြစ်နေရကာ ချောင်ကျသွားသော မျက်နှာကိုကြည့်ရင်း သက်ပြင်းတစ်ချက်ကို ချလိုက်မိပါတော့သည်။

"ဘဝမှာ ပြောလွယ်ဆိုလွယ် လုပ်တတ်သူတွေအတွက် သုခမရှိဘူးဆိုတဲ့ မင်းကြိုက်ခဲ့တဲ့ စကားပုံတစ်ခုကို မင်း မမေ့လောက်သေးဘူးဆိုရင် မင်းကိုယ်မင်း ပြုပြင်သင့်တယ် ထူးထက်"

"အေးပါ သက်ဦး၊ ငါ မမေ့ပါဘူး၊ ဒါပေမဲ့ အချစ်ဆိုတာကို တစ်ခါမှ မတွေ့ကြုံခဲ့ဘူးတဲ့ ငါ့အတွက် အချိန်နည်းနည်းတော့ ခံစားခွင့်ပြုပါလို့ မင်းကိုပြောချင်တယ် သက်ဦးရာ"

"ငါက မင်း အတိုင်းအတာတစ်ခုထက် လွန်သွားမှာစိုးလို့ သတိပေးတာပါ၊ ကဲ မင်းလည်း ထပ်မသောက်နဲ့တော့၊ ဒရိုင်ဘာလည်း ပါတာမဟုတ်ဘူး၊ ငါ လိုက်ပို့ပေးရမလား"

"မလိုပါဘူးကွာ၊ ရန်ကုန်နဲ့မှော်ဘီ ဘာဝေးတာမှတ်လို့၊ ငါ ဒီကိုလာရတဲ့ အဓိကရည်ရွယ်ချက် နှစ်ခုရှိတယ်၊ တစ်ခုက



www.burmeseclassic.com

www.burmeseclassic.com



လင်းကို ငါ ခေါ်လာခဲ့တယ်၊ အိမ်ကို လင်းကိုလွမ်းလွန်းလို့ ငါ လာကြည့်မိတယ်၊ ဒုတိယကတော့ အချစ်ဆုံးသူငယ်ချင်းမင်းနဲ့ တွေ့ချင်တယ်”

“ခုတော့ ငါ့ဆန္ဒနှစ်ခုလုံး ပြည့်ဝသွားပြီဆိုတော့ ငါ ပြန်မယ် သက်ဦး”

“လမ်းမှာလည်း သောက်မသွားနဲ့ဦးနော်”

“စိတ်ချ သူငယ်ချင်း၊ ကဲ သွားပြီ”

သက်ဦးမှာ သူ့ခြံထဲက မောင်းထွက်သွားသော ထူးထက်ခေါင်၏ ကားနောက်သို့ မျက်စိတစ်ဆုံး လိုက်ငေးကြည့်ရင်းက သက်မတစ်ချက်ကို ဖြည်းညင်းစွာ ချလိုက်မိပါတော့သည်။

ဖ ဖ ဖ

[redacted]

မိုးသက်ရန့်ကဲ့သို့ လေနှင့်အတူ ကောင်းကင်တစ်ခုလုံး ရုတ်တရက် အုံ့ဆိုင်းညို့မှိုင်းလာသဖြင့် လင်းသည် လမ်း၏ ဝဲယာ နှစ်ဖက်ကို ဟိုဒီမျှော်ငေးကြည့်ရင်း လှပလွန်းသောမျက်နှာလေး သိသာစွာ ပျက်လျက် စိတ်အညစ်ကြီး ညစ်လျက်ရှိပါသည်။

ဒုက္ခပါပဲ...။

စိတ်ညစ်ညစ်နှင့် အသံလေးထွက်ပြီး ညည်းညူလိုက်သည်။ ဒီပုံအတိုင်းဆို မကြာခင် မိုးက သည်းထန်စွာရွာချပေတော့မည်။ အခုအချိန်ထိ လင်းမှာ ကူညီမည့်သူ ပေါ်မလာသေး။

ဒရိုင်ဘာမခေါ်ဘဲ ဒက်ဒီ ဦးဝဏ္ဏအား သူမကိုယ်တိုင် တရားရိပ်သာသို့ ပို့ပြီးအပြန် လင်း မောင်းလာသော ကားလေးမှာ ဘာဖြစ်သွားသည်မသိ။ ရုတ်တရက်စက်ရပ်သွားသဖြင့် နိုးမရတော့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။ ဆီကုန်၍ ရပ်သွားခြင်းမဟုတ်ဆိုတာကလွဲပြီး ကျန်စက်ပစ္စည်းများအကြောင်းကိုလည်း လင်းမှာ နားလည်ခြင်း မရှိသဖြင့် ကူညီမည့်ကားတစ်စီးစီးကို မျှော်နေမိခြင်းဖြစ်သည်။

ဒက်ဒီဝင်နေကျ တရားရိပ်သာက မြို့အထွက်နားလောက်မှာရှိသဖြင့် ကားအသွားအလာ ရှင်းနေခြင်းဖြစ်သည်။

ကားလေးကို လင်း တစ်ချက်ပြန်ငဲ့ကြည့်လိုက်မိသည်။ ကားလေးကတော့ ပကတိ တည်တည်ငြိမ်ငြိမ်။ ကားစက်နိုးပြီး မောင်းလို့မရသူမှာ သူမဟုတ်သလိုလို။

မဖြစ်တော့ပါ။ ဒီပုံအတိုင်းဆို လင်းမှာ တစ်ယောက်တည်း။ ပျက်နေသည့်ကားနှင့်အတူ မိုးရေထဲမှာ ကူညီမည့်သူ ဝေးပေတော့မည်။

"ဟင်း"

သက်ပြင်းမောလေး ကျိတ်ချပြီး ကားလေးကို တစ်ဖန် စက်နိုးလိုနိုးငြား စမ်းသပ်ကြည့်ပြန်သည်။

မရပါ။

လင်း နာရီလေးကို တစ်ချက်ငုံ့ကြည့်လိုက်သည်။

မကြာခင် မိုးချုပ်တော့မည်။ နောက်ဆုံး မရလျှင်တော့



အိမ်ကိုဖုန်းဆက်ပြီး ကားကို တစ်ယောက်ယောက်အား လာယူခိုင်းရတော့မည်။ မဖွဲလည်း လင်းအတွက် စိတ်ပူနေလောက်ရော့မည်။ လင်း ကားပေါ်ကဆင်းပြီး ကားစက်ဖုံးကို ဖွင့်မိပြန်သည်။

နားလည်၍တော့ဖြင့် မဟုတ်ပါ။ ကားစက်ပစ္စည်းတွေကို ဟိုဟိုဒီဒီ ကိုင်ကြည့်ရင်း ကားစက်ပြန်ကောင်းလာနိုး ရသေ့စိတ်ဖြေ လျှောက်လုပ်နေမိခြင်းမျှသာ ဖြစ်သည်။

လင်းဆိုတာကလည်း တခြားတခြားသော မိန်းကလေးတွေလို ကားကို မောင်းရုံသာမောင်းတတ်ပြီး ကားစက်အကြောင်းကို ဘာတစ်ခုမှ သိနားလည်သူ မဟုတ်သဖြင့် အချိန်ကြာလေ ငိုချင်လေဖြစ်နေသည်။

ဖြစ်ချင်တော့ ဒရိုင်ဘာဦးမြက ဖျားနေသဖြင့် သူမကိုယ်တိုင် မောင်းလာခြင်းဖြစ်သည်။ အခုတော့ ကားက ဘာဖြစ်မှန်း မသိ။ အခုလို ထိုးရပ်ကာ ဒုက္ခလှလှပေးနေပါတော့သည်။

"ဟော"

မိုးစက်တဖြောက်ဖြောက် ကျလာသဖြင့် ညို့မှိုင်းသော မိုးကောင်းကင်ကို လင်း မျက်ဝန်းပြာကြီးတွေနှင့် အလန့်တကြားလေး မော့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်သည့်အတိုင်းပင် မိုးက ရွာချင်လာပြီ။

လင်း ဘာမှ မလုပ်တတ်ပါ။ ကားစက်ဖုံးကို ပြန်ပိတ်ပြီး ကားထဲဝင်ပြီး ဖုန်းဆက်ရန် ကြံလိုက်စဉ်မှာပင် အဝေးမှကားတစ်စီး မောင်းလာတာကို မြင်လိုက်ရသဖြင့် လင်း ဝမ်းသာအားတက်သွားရပါသည်။

လင်း ကားကို တားလိုက်ပါသည်။ ကားက လင်း အနားမှာ ညင်သာစွာ ထိုးရပ်လာသည့်အတွက် ကားပေါ်ပါလာ သူကို အပြေးလေး အကူအညီတောင်းလိုက်မိသည်။

"တဆိတ်ရှင် .. ကား ဘာဖြစ်မှန်းမသိလို့ ကြည့်တတ်ရင်"

"ဟင် ...ရှင် ..ရှင်.."

"ဟုတ်ပါတယ် ... ကိုယ်ပါ ... လင်း"

"အို"

လင်းမျက်နှာလှလှလေးမှာ ပြင်းထန်သော ခံစားချက်အမျိုးမျိုးကြောင့် ရုတ်ခြည်း တင်းမာအေးစက်သွားကာ မိမိရှေ့မှ လူကို ဇော့ပရွှန်းလက်သော မျက်ဝန်းရွဲကြီးများဖြင့် နာကြည်းစွာ စူးစိုက်ကြည့်လိုက်မိသည်။





သူ့ကို လင်း မုန်းလိုက်တာ။

လင်းမုန်းသော လူတစ်ယောက်နဲ့မှ ဘာဖြစ်လို့ ခုလိုကြုံဖန်ပြီး လာဆုံတွေ့ရတာလဲ။ နာကြည်းသောရင်ဖြင့် လင်းနေရာမှ ချာခနဲ လှည့်ထွက်လိုက်သည်။

"လင်း"

သူ့ထံမှ တမ်းတလှိုက်လှဲစွာ ခေါ်လိုက်သည့်အသံကို လင်း နားထဲမှာ ပူလောင်ခါးသက်သွားသည်ပါသည်။

"လင်း ... ကားဘာဖြစ်သွားလဲဆိုတာ ကိုယ်ကြည့်ပေးပါရစေ"

သူ ကားပေါ်က ဆင်းလာပြီး လင်းအနားသို့ လာရပ်လိုက်တာကို သိသော်လည်း လင်း သူ့ကို လှည့်မကြည့်ပါ။

"လင်းရယ်"

ထူးထက်ခေါင် ရင်မှ လင်း၏အမည်လေးကို မြတ်နိုး တမ်းတစွာ ခေါ်လိုက်ပါသည်။ သို့ပါသော်လည်း သူမကတော့ ထူးထက်ခေါင်ကို ယောင်၍မျှပင် လှည့်မကြည့်တော့ဘဲ ကျောခိုင်း အနေအထားဖြင့် တင်းမာခက်ထန်စွာ ရှိနေပါသည်။

မိုးကပို၍ ခပ်သည်းသည်း ကျလာပြီဖြစ်သဖြင့် သူ သက်



www.burmeseclassic.com

www.burmeseclassic.com



ပြင်းရှိုက်လိုက်သည်။ အခုချိန်မှာ သူ လင်းကို စကားများစွာ ပြောချင်ပါသော်လည်း သည်းထန်လာသည့် မိုးနှင့်လေကြောင့် သူ့ရင်ထဲက ဆန္ဒကို မျိုချချုပ်တည်းလိုက်ပါသည်။

"လင်း ... ကားပေါ်မှာ ထိုင်နေ... ကိုယ် ကားကို ကြည့်လိုက်ပါ့မယ်"

ပြောပြောဆိုဆို သူ ကားစက်ဖုံးကို ဖွင့်ရန်ပြင်လိုက်သည်နှင့် ..

"မထိနဲ့"

"ဟင်"

"ရှင့်လမ်း ရှင်သွားပါ၊ ရှင့်ဆီက ဘာအကူအညီမှ မလိုဘူး"

"လင်းက မလိုလည်း ကိုယ်က ကူညီပေးချင်လို့ပါ"

"မလိုဘူးလို့ ပြောနေပြီပဲ၊ ရှင် သွားပါ"

ထူးထက်ခေါင် လင်း၏ လှပလွန်းသော မျက်နှာလေးကို မြတ်နိုးတမ်းတစွာ ရူးစိုက်ကြည့်လိုက်ပြီး ကားစက်ဖုံးကို ဖွင့်လိုက်သည်။

"ရှင် ... ပြောနေတာ မရဘူးလား"





သူက လင်း၏ စကားသံကို မကြားသလို ကားစက်ကို သာ စစ်ဆေးနေသဖြင့် လင်းရင်ထဲမှာ ဒေါသဖြင့် ပေါက်ကွဲချင်လာရပါသည်။

မိုးက သည်းသည်းထန်ထန် ရွာလာသည်။

"လင်း ကားထဲဝင်တော့လေ"

လျှပ်တစ်ပြက် သူမနားအသို့ရောက်ရှိလာပြီး ကားထဲသို့ ဖွတ်ဝင်ခိုင်းနေသည့် ထူးထက်ခေါင်ထံမှ သူမ မရင်းနှီးသော အနံ့တစ်မျိုးကို ရလိုက်သဖြင့် ဖျတ်ခနဲ သူ့မျက်နှာကို ကြည့်မိတော့ ဖြူသော အသားအရေပေါ်တွင် နီစွေးစွေးဖြစ်နေသဖြင့်-

"ရှင် ... ရှင် အရက်တွေ သောက်ထားတာလား"

"ကျေးဇူးပြုပြီး လင်းအနားက အမြန်ဆုံးထွက်သွားပေးပါ ဦးထူးထက်ခေါင်၊ ရှင့်ရုပ်ကိုလည်း မကြည့်ချင်ဘူး၊ ရှင့်အသံကိုလည်း မကြားချင်ဘူး"

"လင်း ... ကိုယ့်ကို မကြည့်ချင် မကြားချင်မှန်း ကိုယ် သိပါတယ်၊ ဒါပေမယ့် လင်းလို မိန်းကလေးတစ်ယောက်တည်း ဘယ်ဖြစ်မလဲ"

"တော်တော် နားထောင်ကောင်းတဲ့ စကားပဲ၊ ကိုယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



စာတရားတို့ မေတ္တာတရားတို့ဆိုတာတွေက ရှင့်ပါးစပ်နဲ့ မထိုက်တန်ဘူးလို့ မှတ်တာပဲ”

လင်းစကားကြောင့် သိသာစွာ ပျက်ယွင်းသွားရသည့် ထူးထက်ခေါင်၏ မျက်နှာချောချောကို ကြည့်ပြီး လင်း ရင်ထဲမှာ နည်းနည်းမှ နောင်တမရမိပါ။ ဖြစ်နိုင်လျှင် သူ့ကို ထိုထက်မက သော ရိုင်းပျပက်စက်သည့် စကားလုံးများဖြင့် နာနာကြည်းကြည်း ပစ်ပေါက်ချင်ပါသည်။

“လင်း ..ရယ်၊ လင်းအတွက်နဲ့ ကိုယ်ခံစားရလွန်းလို့ တစ်ခါမှ မသောက်ဖူးတဲ့ အရက်တွေကို သောက်တယ်၊ လင်းကို သိပ်ချစ်လွန်းတဲ့ ကိုယ့်ရဲ့နှလုံးသားကိုလည်း ကိုယ် ဒဏ်ခတ်တာပဲ”

သူသည် ဒေါသခိုးတွေ ဝေနေသည့် လင်း၏စူးရှ တောက်ပသော မျက်ဝန်းပြာလှလှကြီးအား ကြေကွဲစိတ်ထိခိုက်ရခြင်းများစွာဖြင့် နာကျင်စွာ ငေးကြည့်ရင်း ပြောနေမိသည်။

မိုးက သည်းထန်စွာ ရွာနေဆဲ။ နှစ်ယောက်စလုံး မိုးရေတို့ဖြင့် စိုစွတ်လျက် လှပသော လင်း၏ခန္ဓာကိုယ်လေးမှာ မိုးစိုအင်္ကျီ လုံချည်တို့ကြောင့် သူမ၏အလှကို ဖုံးဖိ၍မရနိုင်ဘဲ တိကျစွာ

[redacted]



ဖော်ပြသကဲ့သို့ ရှိနေပါတော့သည်။

လင်းကတော့ သူမအဖြစ်ကို သတိမထားမိပါ။ သူမ ရှေ့မှ ထူးထက်ခေါင်ဆိုသော လူကိုသာ နာကြည်းစွာ တုန့်ပြန်စူးစိုက် ကြည့်ရင်း အသည်းထဲမှာ ခါးသီးလျက် ရှိနေပါတော့သည်။

လင်း၏ စိမ်းကားအေးစက်သော ခါးခါးသီးသီး အပြုအမူလေးများအတွက်တော့ သူ့သည်းနှလုံးမှာ ပူလောင်နာကျင်မှုကတော့ အတိုင်းအဆမရှိ ဖြစ်နေရပါသည်။

လင်းသည် ထူးထက်ခေါင်အား မုန်းတီးစွာ ကြည့်နေရာမှ ချာခနဲ လှည့်ထွက်တော့မည် အပြု-

“လင်းရယ်”

“ဟင် ... ရှင်”

ရုတ်တရက် လင်းလက်ကလေးတစ်ဖက်ကို သူ့ လက်ဖဝါးကြားမှာ တင်းကျပ်စွာ ဆွဲယူဆုပ်ကိုင်ထားလိုက်မိပါတော့သည်။

လင်းမှာကား ဘယ်အချိန်ဖြစ်ဖြစ် ရဲတင်းဝံ့စားလွန်းသော သူ့ထံမှ အပြုအမူကြောင့် ရှက်ခြင်း၊ ဒေါသခံပြင်းခြင်းတို့ဖြင့် ဆတ်ဆတ်တုန်နေလျက် သူမလက်ကလေးကို သူ့လက်ထဲက ဆောင့်ရုန်း

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။

"လွှတ်"

"လင်းရယ် ... ကိုယ် ရှင်းပြတာကို နားထောင်ပါဦး၊ ဖွဲ့ကို ပြောခဲ့မိတဲ့ စကားတွေဟာ ကိုယ့်ရဲ့ ကိုကို ဆုံးသွားတဲ့ အတွက် နာကျင်ကြေကွဲစိတ်နဲ့ ပြောမိပြောရာ ပြောခဲ့မိတဲ့ စကား တွေပါ"

"ရင်ထဲက တမင်ကြံစည်ပြီး ပြောခဲ့တဲ့ စကားမျိုး မဟုတ် ဘူးဆိုတာ ကိုယ် ကျိန်တွယ်ပြီး ပြောရဲပါတယ်၊ လင်းကို ကိုယ့် ရင်ထဲက အချစ်စစ် အချစ်မှန်နဲ့ မြတ်မြတ်နိုးနိုး ချစ်တာပါလင်း ရယ်၊ လင်းနဲ့ကိုယ်နှစ်ယောက်တည်း ရှိခဲ့ဖူးပေမယ့် လင်း ထင်ထား သလို ကိုယ်သာ ရည်ရွယ်ချက်ရှိရှိနဲ့ တမင် ကြံစည်ထားမယ်ဆို ရင် ကိုယ် လင်းအပေါ်မှာ တစ်ခုခု လွန်ကျူးမိမှာပေါ့"

"ဒီနေ့ ဒီအချိန်ထိ လင်းအပေါ်မှာ ကိုယ် ဖွတ်တရွတ် အနိုင်ကျင့်သလိုမျိုးတွေ ဖြစ်ခဲ့ရတာတွေကလည်း လင်းကို သိပ်ချစ် မိလို့ပါ"

ထူးထက်ခေါင်မှာ သိပ်ချစ်ရသူလေး လင်းကို သူပြော ချင်တာများကို ပြောခွင့်ရလိုက်ပြီးနောက် မိုးထဲရေထဲမှာပင် လင်း





ကားကို ပြုပြင်ဖို့ ကြိုးစားကြည့်သည်။

လင်းကတော့ ကားထဲမှာ ဝင်ထိုင်ရင်း သူ့ကိုလည်း မကြည့်၊ သဲသဲမဲမဲရွာနေသော မိုးရေစက်များကို ငူးစိုက်ကြည့်ငေး ရင်း အတွေးခံစားချက်ပေါင်းစုံဖြင့် ရှိနေရပါသည်။

မိုးရေထဲတွင် ထူးထက်ခေါင်မှာ အချိန်အတော်ကြာအောင် ကားကို ပြုပြင်ပြီးနောက် စက်နှိုးကြည့်လိုက်တော့ ကားလေးမှာ စောစောက ဘာမှဖြစ်မထားသည့် အလား ကားစက်လေးမှာ နိုး သွားရလေသည်။

ကားစက်နှိုးသွားသဖြင့် ကားစက်ဖုံးကို ပိတ်ကာ လင်း အနားသို့ သူ ရောက်လာသည်။

"လင်း"

သူ့သံကိုကြားသည်နှင့် အကြည့်ကို ဆတ်ခနဲလွှဲကာ လင်း မျက်နှာလှလှလေး တစ်ဖက်ကို လှည့်သွားပုံကြောင့် ထူးထက်ခေါင် ရင်နှင့်စွာနှင့်ပင် သူမအမည်လေးကို ထပ်ခေါ်လိုက်ပါသည်။

"လင်း"

"ပြော ... ရှင် ဘာပြောချင်သေးလဲ"

လင်းမှာ သူမနာမည်ကို ခေါ်နေသော သူ့ကို တင်းတင်း



www.burmeseclassic.com

www.burmeseclassic.com



မာမာစကားသံဖြင့် ပြောရင်း ဖျတ်ခနဲ မော့အကြည့် သူမ၏ မျက်နှာလှလှလေးကို စူးရှတောက်ပသော မျက်ဝန်းအစုံဖြင့် စူးစူးစိုက်စိုက်ကြီး ကြည့်ငေးနေသော ရွှန်းလဲ့ဝေရီသော မျက်ဝန်းအစုံဖြင့် အားပြင်းစွာ ဆုံစည်းမိကြသည်။

မမျှော်လင့်ဘဲ ချစ်မြတ်နိုးရသူကို ဆုံတွေ့ခွင့်ရသည့်အတွက် ထူးထက်ခေါင်မှာ လင်း၏ လှပလွန်းသော မျက်နှာလေးကို အတိုးချ၍ တစိမ့်စိမ့်စိုက်ကြည့်နေမိသည်။ ဝင်းနစ်နေသည့် အသားလေးများမှာ ရွှေရောင်သန်းလျက် အကြောစိမ်းလေးများပင် မြင်တွေ့နေရသည်။

ရေစိုနေသဖြင့် နက်မှောင်သည့် ဆံပင်ရှည်ကြီးမှာ ရေစက်များ တွဲခိုနေသလို စင်ရော်တောင် မျက်ခုံး၊ လှပသော မျက်ဝန်းပြာတစ်စုံနှင့် ရှည်လျားမည်းနက်သော မျက်တောင်ကော့ကော့များ၊ နှာတံစင်းစင်းလေးအောက်က နီမြန်းထူးအမ်းသည့် နှုတ်ခမ်းလေးတစ်စုံဖြင့် လှပလွန်းသော လင်း။

ထိုနှင်းဆီဖူး နှုတ်ခမ်းလေးထက်က ချိုမြိန်နွေးထွေးမှုက သူ့အတွက် အချိန်တိုင်း တမ်းတစရာ ဖြစ်ခဲ့ရတာကို သူ ဘယ်တော့မှ မမေ့ပါ။

[redacted]



"လင်းကို ကိုယ် သိပ်ချစ်တယ် ဆိုတာ ယုံပါ လင်းရယ်"

လင်း၏ စိမ်းကားအေးစက်သည့် မျက်ဝန်းအကြည့်များနှင့် ဆန့်ကျင်ဘက် နွေးထွေးလှိုက်မောသော ရင်ခုန်စရာ အကြည့်တွေက လင်းကို ညို့ငင်ဖြားယောင်းနေပြန်သည်။

"လင်း .. သွားတော့နော်၊ မိုးရေတွေ စိုထားတော့ ကြာရင် လင်း ဖျားလိမ့်မယ်"

လင်း သူ့အား ဘာစကားမှ မဆိုဘဲ ကားလေးကို မောင်းထွက်လိုက်ပြီးနောက် နောက်ကြည့်မှန်မှတစ်ဆင့် ဖျတ်ခနဲ ကြည့်လိုက်တော့ သည်းသည်းထန်ထန် ရွာနေဆဲ မိုးထဲတွင် ရပ်နေသော သူ့အရိပ်ကလေးကို မပီပြင် ဝိုးတဝါး လှမ်းမြင်လိုက်ရပါသည်။

၏ ၏ ၏

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ထူးထက်ခေါင်မှာ တဖြည်းဖြည်း ဝေးကွာသွားသော လင်း၏ ကားနောက်မီးလေးကို ကြည့်ပြီး ရင်ထဲတွင် နာကျင်ကြေကွဲ ဝမ်းနည်းမှုတို့ဖြင့် ရှိနေရပါသည်။

နှုတ်ဆက်စကားလေးပင် ဆိုမသွားရက်သူ သိပ်ချစ်မိသူလေး၏ အပြုအမူကြောင့် ထူးထက်ခေါင် ရင်ဝယ် နာကျင်ထိခိုက်စွာ ခံစားလိုက်ရပါသည်။

သူမအား မချစ်ဘူးသည့် အချစ်ဦးမို့ ရှူးမတတ် ချစ်ခဲ့မိပေမယ့် လင်းကတော့ သူ့အပေါ် ယခုအချိန်ထိ နားလည်မှု မပေးနိုင်ခဲ့။ လင်းအား သူသည် နှိုင်းယှဉ်မရသည့် အချစ်များဖြင့်



သိပ်ချစ်ခဲ့မိတာကိုတော့ လင်းတစ်ယောက် သိစေချင်ပါသည်။

အချစ်ရယ် ... မင်းလေး အခုအချိန်ထိ ကိုယ့်အချစ်ကို မယုံသေးဘူးလားကွယ်”

ရင်ဝယ် နာကျင်ကြေကွဲရသော အတွေးများနှင့်အတူ ကားနောက်ခန်းမှာ အသင့်ပါလာသော အရက်ပုလင်းကို သူ မော့ချလိုက်သည်။

“လင်းရယ် ... လင်း .. အချစ်ဆုံးရယ်”

အရက်မူး အချစ်မူးသံဖြင့် နာကျင်ကြေကွဲစွာဖြင့် ချစ်လွန်းသူလေးကို တမ်းတအော်ဟစ်မိသည်။

မိုးများ သည်းထန်စွာ ရွာသွန်းနေသော လမ်းပေါ်တွင် ရီဝေစွာ မောင်းနှင်လာသော ထူးထက်ခေါင်၏ ကားသည် မကြာမီ အချိန်အတွင်းမှာပင် လမ်းဘေးရှိ သစ်ပင်တစ်ပင်နှင့် ဝင်တိုက်ကာ ထူးထက်ခေါင်အတွက် အရာအားလုံးနှင့် အဆက်ပြတ်သွားသွားစေရပါတော့သည်။

သည်းထန်စွာ ရွာသွန်းနေသော မိုးနှင့်တစ်ခါမှ သောက်ဖူးဟန်မတူဘဲ သောက်ထားသည့် အရက်တို့ကြောင့် အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်ရနိုင်သည်မို့ လင်းမှာ သူမကားလေးကို လျှပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြက် ပြန်တွေ့လာစဉ်မှာပင် ထူးထက်ခေါင် မောင်းသောကား မှာ သစ်ပင်တစ်ပင်နှင့် ဝင်တိုက်မိသည်ကို မြင်လိုက်ရခြင်း ဖြစ်သည်။

"ကို"

လင်းမှာ စိုးရိမ်စိတ်များစွာဖြင့် ထူးထက်ခေါင်ကို ခေါ်လိုက်ပေမယ့် သည်းထန်စွာ ရွာနေသော မိုးသံတို့ဖြင့် ရောထွေးပျောက်ကွယ်သွားရသည်။

တကယ်တော့ ..

လင်း၏ နှလုံးသားနုနုလေးထက်တွင်လည်း ထူးထက်ခေါင်ဆိုသော ကို့ကို အချစ်ကြီး၍ အမျက်ကြီးခဲ့ရခြင်းသာ ဖြစ်ပါသည်။

ဆေးရုံခုတင်ထက်တွင် ဆေးထိုးပိုက်များနှင့် သတိမရသေးသော လူနာကိုကြည့်ပြီး လင်းရင်ထဲမှာ ဘယ်လိုမှ ဟန်ဆောင်ချုပ်တည်း၍ မရတော့ဘဲ နှုတ်ခမ်းလေးကို လက်ဖဝါးလေးနှင့် ဖိပိတ်ကာ အင့်ခနဲ တစ်ချက်ရှိုက်ကာ ပါးပြင်နှစ်ဖက်စလုံး မျက်ရည်ပေါက်ကြီးများ ရွှဲရွှဲနစ်သွားသည်အထိ ကိုယ်လေး သိမ့်သိမ့်တုန်အောင် ရှိုက်ငိုလိုက်မိသည်။

[redacted]



ကိုရယ် ...။

လင်းကို ခွင့်လွှတ်ပါရှင်။

လင်း ကိုယ့်အပေါ်မှာ သိပ်ချစ်လွန်းလို့ နာကြည်းခံစားစိတ်နဲ့ တမင် အနိုင်ယူ ဆိုးနွဲ့ခဲ့မိတာပါ။

တကယ်တော့ ကို့ကို လင်း မမုန်းပါဘူး။

ကို့ကို လင်း သိပ်ချစ်ပါတယ်။ ချစ်လွန်းလို့ မုန်းရတာပါ ဆိုရင် ကို နားလည်နိုင်ပါ့မလား ရှင်။

ရက်တွေ လတွေ အချိန်တွေ ဘယ်လိုပဲကြာကြာ ချစ်တဲ့ ကို့ကို နာကျင်ကြေကွဲနေတဲ့ ခံစားချက်ဝေဒနာတွေ ကြားထဲက တစ်နေ့မှ မေ့ပျောက်လို့ မရအောင် အချိန်တိုင်း စက္ကန့်တိုင်း လင်းရဲ့အသည်းနှလုံးကို ပိုင်ဆိုင်အနိုင်ယူ လွှမ်းမိုးထားခဲ့တာပါ။ ဟန်ဆောင်ပြီး မေ့ပျောက်ချင်ယောင်ဆောင်ပြီး အများရှေ့မှာ ဘာမှမဖြစ်သလို နေပြခဲ့ပေမယ့် ညအိပ်ရာဝင်တိုင်း ကို့ကြောင့် ခံစားခဲ့ရတဲ့ ဝေဒနာတွေနဲ့ မျက်ရည်တွေကိုပဲ အဖော်ပြုနေခဲ့ရတဲ့ ဘဝ။

ဒါကို ကို သိရင် လင်းရဲ့အမုန်းအတွက် လင်းကို ရက်စက်တတ်သူရယ်လို့ ကို ဆိုနိုင်ဦးမလား။

ကိုကတော့ လင်းရင်ထဲက အချိန်တိုင်း စက္ကန့်တိုင်း ခံစား

[redacted]

www.burmeseclassic.com

www.burmeseclassic.com



နေရတဲ့ ဝေဒနာတွေကို သိမှာမဟုတ်ပါဘူး။

တကယ်တော့ လင်းရဲ့ အသည်းနှလုံးလေးကို ရက်ရက်စက်စက် အနိုင်ယူသိမ်းပိုက်နိုင်ခဲ့တာက ကိုပါကွယ်။

"တော်သင့်ပါပြီ ညီမလေး လင်းရယ်၊ ညီမလေး ငိုခဲ့ရတဲ့ အချိန်တွေ များခဲ့ပါပြီကွယ်၊ ညီမလေး ခံစားရသလို ကိုထူးထက်ခေါင်လည်း ခံစားခဲ့ရပြီးပါပြီ"

"သိပ်ချစ်ရတဲ့ ချစ်သူတွေအတွက် လှပသာယာတဲ့ အနာဂတ်ဘဝကို ပိုင်ဆိုင်ကြရမှာပါ"

"မမဖွဲ့ရယ်"

ဖွဲ့၏ ရင်ခွင်မှာ တိုးဝင်ပြီး ရှိုက်ငိုလိုက်သည့်အခါ ဖွဲ့က ညီမဖြစ်သူ၏ ကိုယ်လေးကို ခပ်ဖွဖွပွေ့ဖက်ထားလိုက်ပါသည်။

"ဒီတစ်ခါ မဖွဲ့ လင်းတို့ရဲ့ မင်္ဂလာပွဲကို မကန့်ကွက်တော့ပါဘူး လင်းရယ်"

ဖွဲ့က လင်းကိုကြည့်ပြီး ပြောလိုက်တော့ လင်းက ဦးခေါင်းလေးကို ညိတ်ပြလိုက်တာကို တွေ့မြင်လိုက်ရပါပြီ။

"ဒီတစ်ခါ မဖွဲ့ပြောတဲ့စကားကို ကိုတစ်ယောက်ကြားလိုက်ရင် ဘယ်လောက်များ ဝမ်းသာမလဲ မသိဘူးနော်"





"ကိုထူးထက်ခေါင်အတွက်လည်း သိပ်ပြီး စိုးရိမ်မနေပါနဲ့၊ ဒဏ်ရာက သိပ်မများဘူးလို့ ဆရာဝန်ကြီးတွေက ပြောတယ်၊ မဖွဲ့ ကုမ္ပဏီမှာ စီစဉ်စရာ ရှိတာတွေ စီစဉ်လိုက်ဦးမယ်နော်"

ဖွဲ့က လင်းကို ထူးထက်ခေါင်အနားမှာ ထားလိုက်ပြီး ပေါ့ပါးသွက်လက်သော အပြုံးလှလှလေးကို ပြုံးကာ ဆေးရုံခန်းလေးထဲမှ ထွက်သွားလိုက်ပေပြီ။

လင်းသာ ကို့အပေါ်မှာထိုင်ရင်း ယူပစ်သလို ပြောင်းလဲသွားသည့် ချစ်သူ၏ မျက်နှာချောချောကို မျက်ရည်များပြည့်ဝေနေသော မျက်ဝန်းအစုံဖြင့် ခပ်ငိုင်ငိုင် ငေးစိုက်ကြည့်နေမိပါသည်။

သူနှင့်ဝေးရာကို ပြေးခွာဖို့ ကြိုးစားသော်လည်း တကယ်တမ်းတော့ မအောင်မြင်ခဲ့ပါ။ ဝေးအောင် ကြိုးစားရင်း ပိုနီးကပ်လာသလို မုန်းဖို့ ကြိုးစားရင်းက မေ့မရနိုင်အောင် မြတ်နိုးစွဲလန်းစွာ ချစ်ခဲ့ရသူအတွက် အမှန်တော့ ရင်ထဲမှာ မီးလို ပူလောင်နေခဲ့ရသည့်အဖြစ်။

ထူးထက်ခေါင်ကို ကြည့်ကာ လင်း၏ လှပလွန်းသော မျက်ဝန်းများထဲက မျက်ရည်စလေးတွေက တစ်လိမ့်ချင်း စီးကျ



www.burmeseclassic.com

www.burmeseclassic.com



နေရပါသည်။

"ကို"

"ကို"

"ကိုရယ် ..."

ခေါ်သံခပ်တိုးတိုးနှင့်အတူ လေထဲတွင် လွင့်ပါလာသော ရင်းနှီးလွန်းခဲ့သည့် ရေမွှေးနံ့သင်းသင်းလေးကြောင့် ထူးထက်ခေါင်၏ ရင်တွင်းမှ နှလုံးသားက အပြင်ကို ခုန်ထွက်မတတ် ဆောင့်ခုန်လျက် ရင်မှာ လှုပ်ခတ်သွားရသည်။

အကြောင်းမှာ

သည်ကမ္ဘာပေါ်တွင် သူ့အား ကိုလို့ ခေါ်သူသည် လင်းတစ်ယောက်သာ ရှိသည်ပဲ။

သို့ပေမယ့် ယခုအချိန်တွင် လင်းသည် သူ့ကို ကိုလို့ခေါ်ဖို့ ဝေးစွ၊ သူနှင့် မျက်နှာချင်းဆိုင်ပင် မတွေ့လိုဘဲ တစ်ဖက်သတ်အထင်လွဲမှားမှုတို့ဖြင့် သူ့အား မုန်းနေသူမို့ သူမခေါ်လိုက်သည့် အသံကတော့ဖြင့် မဖြစ်နိုင်။

ဖြစ်နိုင်သည်ကတော့ သူသာလျှင် ချစ်သူလေးကို စွဲလန်းလွန်းရသည့်စိတ်ဖြင့် ထင်ယောင်ထင်မှား ကြားယောင်မိတာပင်

[redacted]



ဖြစ်နိုင်ပါ၏။

ထူးထက်ခေါင်မှာ နာကျင်ရသော အတွေးစိတ်ဖြင့် မျက်ဝန်းအစုံကို· မှိတ်ကာ ဝင့်သက်ကို အချ···

"ကို"

သည်တစ်ခါတော့ သူ နားကြားလွဲတာ ဘယ်လိုမှမဖြစ်နိုင်တော့။ အနားမှာ နီးကပ်စွာ ကြားလိုက်ရသည့် အသံသည် လင်းအသံမှ လင်းအသံပင် ဖြစ်သည်။

သူ ရင်တွေ တလှပ်လှပ်ဖြစ်လာရကာ လွှကလည်း ချက်ချင်းဆိုသလို အသံကြားရာဆီသို့ ဖျတ်ခနဲ မျက်ဝန်းအစုံကို ဖွင့်ကာအကြည့် သူ့အား စိုးရိမ်လွန်းသော မျက်ဝန်းများဖြင့် ငေးစိုက်ကြည့်ကာ· ခေါ်နေသော ချစ်ရလွန်းသူကို တွေ့လိုက်ရသည်။

"လင်း"

"ကို .. သတိရလာပြီနော်"

"ကိုရယ် ... အဟင့် ..ဟင့်"

ငိုရှိုက်သံလေးဖြင့် ပြောရင်း သူ့ရင်ခွင်ထက် နိုမှီဝင်လာသော လင်း၏ ကိုယ်နံ့လေးကို ထူးထက်ခေါင်သည် ဆီးကြိုပွေ့ယူသိမ်းဖက်ထားလိုက်သည်မှာ အသက်ရှူများပင် မှားမတော်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တင်းကြပ်လွန်းနေရပါသည်။

"လင်း ..လင်း .. ကို့ဆီ ရောက်လာတယ်နော်"

မမျှော်လင့်ဘဲ လင်းကို မြင်တွေ့လိုက်ရသဖြင့် ထူးထက်ခေါင်၏ မျက်နှာဝယ် ပျော်ရွှင်ဝမ်းမြောက် ကျေနပ်မှုတို့က ဖုံးဖိမရအောင် ပေါ်လွင်နေရသည်။

"လင်း ... ကို့ကို ခွင့်လွှတ်လိုက်ပြီပေါ့နော်"

"ဒါတွေ ပြောမနေပါနဲ့တော့ ကိုရယ်၊ ခွင့်လွှတ်လို့ ကို့အနားမှာ ရောက်နေရပြီပဲ၊ ကြည့်စမ်းပါဦး ကိုယ့်ကိုယ်ကို ဘာလို့ ဒီလောက် နှိပ်စက်ရတာလဲဟင်"

"မတွေ့ရတဲ့အချိန်တွေမှာ မျက်နှာတွေ ချောင်ကျပြီး ပိန်သွားလိုက်တာကွယ်၊ ဒါတွေအားလုံးဟာ လင်းကြောင့်ပါ၊ လင်းအပြစ်ပါ ကို၊ လင်းအပြစ်ပါ ..အဟင့် .... ဟင့် ..ဟင့်"

လင်းသည် ထူးထက်ခေါင် ရင်ခွင်တွင်းသို့ တိုးဝင်ကာ ငိုချလိုက်၏။

"မငိုပါနဲ့ လင်းရယ်၊ တိတ်နော် ...တိတ်"

"ဒါတွေအားလုံးဟာ လင်းအပြစ် မဟုတ်ပါဘူး အချစ်ရယ်၊ တကယ်တော့ ကိုယ့်အပြစ်တွေချည်းပါပဲ"



"လင်း ကို့အချစ်တွေကို နားလည်လိုက်နိုင်ပါပြီ ကိုရယ်၊ တစ်ဖက်သတ် ထင်မြင်ချက်တွေနဲ့ ကို့ကို ရှင်းပြခွင့်မပေးဘဲ ဖွတ်အတင်း လုပ်ခဲ့မိတာတွေအတွက် လင်းကိုရော ခွင့်လွှတ်နိုင်သေးရဲ့လားဟင်"

"ဘယ်လိုမေးလိုက်တာလဲ လင်းရယ်၊ လင်းကို ကိုယ်ဘယ်တုန်းကမှ အပြစ်ရယ်လို့ မမြင်ခဲ့တဲ့အတွက် ခွင့်မလွှတ်နိုင်စရာ မရှိပါဘူး၊ ဒါပေမယ့် .."

"ဒါပေမယ့် ဘာဖြစ်လဲ ကို"

စကားကို တစ်ဝက်တစ်ပျက်နှင့် ရပ်သွားကာ လင်မျက်နှာလှလှလေးကို တွေတွေကြီး စိုက်ကြည့်လာသော ထူးထက်ခေါင်ကို လင်းသည် မရဲတရဲလေး မော့ကြည့်ရင်းက သိလိုသည့်အဖြေကို ခပ်လောလော မေးလိုက်သည်။

"ပြောလေ ကို"

"အဟွန်း ... ပြောပါ့မယ်ကွာ၊ လင်းကို ခွင့်လွှတ်ပေမယ့် ကိုယ့်ကို စိတ်ဆင်းရဲအောင်လုပ်တဲ့ ယောဒီက ကောင်မလေးကိုတော့ အပြစ်တစ်ခု ပေးရလိမ့်မယ်ဗျာ"

"ရပါတယ် ..ကို၊ လင်းက ကို့ကို စိတ်ဆင်းရဲအောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်မိတဲ့သူပဲ၊ ကို ပေးတဲ့အပြစ်ကို လင်း နာခံရမှာပေါ့"

မျက်လွှာလေးချကာ မျက်နှာငှမ်းငှမ်းလေးဖြင့် ခေါင်းလေး ငုံ့ဆင်းသွားရသော ချစ်သူလေးကို ထူးထက်ခေါင်သည် သဘောကျ သွားရသည့်အလား ပြုံးဟဟအသွင်ဖြင့် လင်းနှာသီးဖျားလေးကို ချစ်စနိုး ဆွဲလိမ်လိုက်ရင်း ....

"ဘယ်လိုလဲ၊ ဘာမှတောင် မပြောရသေးဘူး မျက်နှာက ပျက်နေပါလားကွ"

"မပျက်ပါဘူးနော်"

"အဟွန်း .. ဟွန်း ... မပျက်ဘူးသာဆိုတယ် ခေါင်းကြီးလည်း ငုံ့လို့ပါလား"

စိုလက်နေရသော မျက်ဝန်းများဖြင့် ပြုံးရွှင်စွာ ပြောနေသည့် ထူးထက်ခေါင်ကို လင်းသည် မချိုမချဉ်ပြုံးတုံ့တုံ့ဖြင့် မျက်လုံးလေးစွေကာ ကြည့်လိုက်ရင်းက-

"ကိုပေးတဲ့ အပြစ်ဒဏ်ကို လင်းက မနာခံဘူးဆိုရင် ရော"

"ဘာပြောတယ်၊ လင်းနော် ... လင်း ကိုယ့်ကို ရီးတီး ယားတားတော့ မလုပ်နဲ့၊ ဒီတစ်ခါတော့ ဘာပဲဖြစ်ဖြစ် ကိုယ်က

[redacted]



ခင်ဗျားလေးကို အလျှော့ပေးမှာ မဟုတ်တော့ဘူး၊ နှစ်ယောက်စလုံး သေသေကြေကြေ တွေ့တဲ့နေရာမှာ တစ်ခါတည်း ခေါ်သွားပြီသာ မှတ်"

"ခစ် ..ခစ် .. ဒေါသကလည်း ကြီးလိုက်တာ၊ တကတည်း ကို့ကို လင်းဖြင့် ကြောက်တောင် ကြောက်လာပြီ"

"အဟွန်း ...ဟွန်း .. ကို့ ကြောက်ဖို့ မလိုပါဘူးဗျာ၊ ချစ်ဖို့ပဲလိုတာ၊ ချစ်မယ် မဟုတ်လားဟင်"

"ဟင့်အင်း"

"ဘာဟင့်အင်းလဲ၊ လင်းနော် ဒေါသထွက်အောင် မစနဲ့၊ အဲလို စကားနဲ့ စတာတောင် ကိုယ့်ရင်မှာ ခံနိုင်ရည် မရှိတော့ဘူး ဆိုတာ မသိဘူးလားဟင်"

သူမနှင့် ပတ်သက်လာရင် စကားအရာလေးနှင့် စတာကို ပင် နှလုံးသားက ခံနိုင်ရည် မရှိသော ကို့အချစ်ကို လင်း အထင် မသေးရဲတော့ပြီမို့ ကို့၏ လက်ကလေးတစ်ဖက်ကို သူမလက်က လေးဖြင့် တင်းတင်းလေး ဆုပ်ကိုင်ထားလိုက်ကာ သူ့ရင်ခွင်ထဲတွင် သူမမျက်နှာလေးကို မှေးကပ်ထားလိုက်ပါသည်။

"ကို"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"လင်းကို သိပ်ချစ်တာပဲလားဟင်"

"ဘာလဲ ခင်ဗျားလေးက ကိုယ့်အချစ်ကို ခုထက်ထိ မယုံသေးဘူးလား၊ လင်းယုံအောင် ကိုယ်ဘာလုပ်ပြရမလဲ၊ ကိုယ့်အသက်နဲ့ လောင်းကြေးထပ်ပြီး ကိုယ့်အချစ်ကို သက်သေပြပေးရမလား"

"အို ..ကိုရယ်၊ မပြောကောင်း မဆိုကောင်း"

"ဟုတ်တယ်လေ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မချစ်ဘူးခဲ့တဲ့ အချစ်တွေနဲ့ မြတ်မြတ်နိုးနိုး ချစ်ခဲ့မိတာကို လင်းက မယုံ သေးတော့ ကို့အနေနဲ့ ဒီအတိုင်းပဲ သက်သေပြရတော့မှာပေါ့"

"တစ်သက်မှာ တစ်ယောက် သိပ်ချစ်မိတဲ့ ချစ်သူ တစ်ယောက် ချစ်မိပါတယ် လူမှာ ခံစားလိုက်ရတာ၊ သေမတတ်ပါပဲကွာ"

"ဟင်းနော် .. ဒါ ဘာစကားလဲ၊ လင်းကို ချစ်ရတာ စိတ်ဆင်းရဲတယ်ဆိုတဲ့ သဘောလား"

"ဟို ..ဟို .. ကို့ကို အထင်မလွဲလိုက်ပါနဲ့ဦး အချစ်ရယ်၊ အဲဒီလို သဘောမျိုးနဲ့ လင်းကို ပြောတာမဟုတ်ပါဘူး"

[redacted]



"လင်းကို ကိုယ်ဘယ်လောက်ထိ ချစ်တယ်ဆိုတဲ့ အကြောင်း လင်းသိအောင် ပြောပြချင်တာပါ၊ လင်းအတွက် ဘယ်လောက်ပဲဖြစ်ဖြစ် ဘာတွေပဲဖြစ်ဖြစ် ကိုယ် မမှုပါဘူး လင်းရယ်"

"လင်း"

"ရှင်"

"ကိုယ့်ကို တကယ်ချစ်တယ်နော်"

"အင်း"

"ပါးစပ်က ပြောဦးကွာ"

"သိပ်ချစ်ပါတယ် ကိုရယ်"

အလိုချင်ဆုံး ဆုကိုရ၍ ကျေနပ်သွားရသော ကလေးငယ် တစ်ယောက်လို ထူးထက်ခေါင်သည်လည်း လင်းထံမှ သူ အကြားချင်ဆုံး စကားကိုကြားလိုက်ရသဖြင့် ရင်ထဲမှာ ကြည်နူးပီတိများစွာဖြင့် လိုက်မောသွားရပါသည်။

❀ ❀ ❀

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ချစ်"

"ရှင်"

"ကိုယ့်ကို ချစ်လား"

"ကိုနော် .... သိရက်သားနဲ့"

"သိပေမယ့် ကြားချင်သေးတယ်ဗျာ"

"သိပ်ပိုတာပဲ"

"ဘယ်ကလာ ပိုရမှာလဲ၊ ကိုယ့်အတွက် လိုတောင် လို နေသေးတယ်"

"မလိုတော့ပါဘူး ကိုရယ်"

[redacted]



"ဘာဖြစ်လို့ မလိုရမှာလဲ"

"သြော် ... ခုတောင် ကို့အချစ်တွေနဲ့ လင်း လှုပ်မရ အောင် မွန်းကြပ်နေရပြီ၊ ဒါတောင် ကိုက လိုသေးတယ်ဆိုနေတော့ ကို့အချစ်တွေ ဒီထက်ပိုလာရင် လင်း သေလိမ့်မယ်"

"ကြည့်စမ်းကွာ၊ မင်းလေး သိပ်ဆိုးပါလား၊ ကိုယ် ချစ်တာကို ဒီလိုပဲ ပြောရလား"

"ကို ... လင်းကို သိပ်ချစ်တာပဲလားဟင်"

ထူးထက်ခေါင်၏ ရင်ခွင်ကျယ်ကြီးထဲသို့ သူမကိုယ်လေး တိုးဝင်ရင်းက လင်း မေးလိုက်ခြင်းဖြစ်သည်။

"ဘာလဲဗျာ၊ မင်းလေးကို ကိုယ် ဘယ်လောက် ချစ် တယ်ဆိုတာ ခုထိ လင်း မသိသေးဘူးလား"

"အဟင်း ...ဟင်း ..ဟင်း"

"ကောင်မလေးနော် ...ရယ်မနေနဲ့ဗျ"

သူ့အချစ်များကို မသိရလေခြင်းဆိုသည့် စိတ်ဖြင့် ထူး ထက်ခေါင်၏ မျက်နှာချောချောမှာ ချက်ချင်း မှုန်တည်သွားရ သည်။

ထိုအခါ ကျပြန်တော့လည်း လင်းသည် ထူးထက်ခေါင်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အား အပြုံးလှလှလေးနှင့် ချော့သလို သူ့မေးဖျားကို ခပ်ဖွဖွလေး လှမ်းနမ်းလိုက်ပြီး-

"မျက်နှာကြီးကလည်းကွာ ... ဘာဖြစ်သွားတာလဲ၊ ဒါလေးမေးတာကို စိတ်ဆိုးစရာလား၊ ပြော .. ကို .. လင်းကို စိတ်ဆိုးနေတာလား"

"လင်းကို စိတ်ဆိုးတာ မဟုတ်ပါဘူး၊ ကို စိတ်မကောင်း ဖြစ်တာပါ"

"ဘာဖြစ်လို့"

"ကိုယ့်အမှားတစ်ခုကြောင့် လင်းစိတ်ထဲမှာ ကိုယ့်အချစ်ကို သံသယဝင်နေရလို့ပါ"

"ဘယ်သူက သံသယဝင်တယ်လို့ ပြောလို့လဲ"

"ဒါဆို .."

"ကို လင်းကို ဘယ်လောက်ချစ်လဲဆိုတာ ကြားချင်လို့ ပေါ့ ကိုရဲ့"

"အဟင်း .. ဒါဆို ကိုယ် ဘယ်လောက်ချစ်လဲဆိုတာ လင်းသိသွားအောင် ချစ်သက်သေပြရဦးမှာပေါ့"

"ကိုနော်"





ပြောရင်းက သူမ မျက်နှာလေးနား ဝဲကပ်လာသည့် ထူးထက်ခေါင်မျက်နှာချောချောကို လင်းသည် သူမလက်ကလေးနှင့် တွန်းထုတ်လိုက်ကာ ရှက်လန့်တကြားလေး အော်လိုက်တော့ ထူးထက်ခေါင်ကသည် သိပ်ချစ်မိသူလေးအား မြတ်နိုးစွာ ကြည့်လိုက်ရင်းက-

"ဘာလဲကွာ ကိုယ် ဘာလုပ်သေးလို့ အော်နေရတာလဲ"

"မသိဘူးလေ၊ ကို့မျက်နှာကြီးက လင်းအနား ကပ်လာတာကိုး"

"ကပ်မှာပေါ့၊ ခင်ဗျားလေးမှ ကိုယ့်အချစ်ကို မသိဘဲ"

"အင်း ..အင်း .. သိပြီ"

"ဘာသိတာလဲ"

"ကို ချစ်တာ၊ ဟောဒီက ကို သိပ်ချစ်တတ်တာကို သိပြီလို့ လင်းပြောတာ၊ ကဲ ကျေနပ်ပြီလား"

"ဟင့်အင်း"

"ဘာလို့လဲ"

"လင်းနဲ့ လက်ထပ်ခွင့် မရသေးလို့"



www.burmeseclassic.com

www.burmeseclassic.com



“အို”

လင်းမှာ စကားဆက် မဆိုရဲလောက်အောင် လူတစ်ကိုယ်လုံး ရှက်စိတ်ဖြင့် မျက်နှာလေး နီမြန်းသွားရသည်မှာ ခေါင်းလေး မော့မလာပါလေတော့။

မျက်နှာလှလှလေး နီမြန်းနေရသော ချစ်သူလေးကို ထူးထက်ခေါင်သည် အပြုံးနှင့် ငုံ့မိုးစိုက်ကြည့်ရင်းက သူ့ရင်ထဲက အချစ်စိတ်များ ပြည့်လာရသည့်အတွက် သူမကိုယ်လေးကို တစ်ချက် ဖျစ်ညှစ်လိုက်မိသည်။

“အို .. ကိုနော်”

“အရမ်းချစ်လို့ပါ”

“သွား”

မျက်ဝန်းပြာကြီးနှင့် သူ့မျက်နှာကို မော့ကြည့်ရင်းက ပြောလိုက်တော့ ထူးထက်ခေါင်ရင်ထဲ ယားကျိကျိ ဖြစ်သွားရသည်။

“ကိုကို ဘာကြည့်တာလဲ”

“ကို ဆိုးလို့”

“အပွန်း .. ချစ်တာပဲ ဆိုတာလားဗျာ”



“သိပ်ချစ်တယ် လင်းရယ်၊ ချစ်တယ်ကွာ”

လင်း၏ ပါးလေးတွေ နှုတ်ခမ်းလေးတွေ အချိန်အတော်ကြာ နွေးထွေးသွားရသည်။

“လင်း”

လင်းက မလှုပ်ပါ။ ခေါင်းလေးကိုသာ တွင်တွင် ငုံ့ထားလေသည်။

“ဟိတ် .. ကောင်မလေး၊ ကိုကို စကားပြောဦးလေကွာ”

“ဘာပြောရမှာလဲ”

“ပြောစရာ မရှိရင် ကိုယ်ပြောတာ နားထောင်”

စကားနှင့်အတူ လင်းကိုယ်လေးကို သူ တင်းတင်းလေး ဆွဲပွေ့လိုက်ရင်း…

“ကိုယ့်ဘဝမှာလေ ဟောဒီက ကောင်မလေး တစ်ယောက်သာ ကိုယ့်ဘဝရဲ့ အချစ်ဆုံး၊ အမြတ်နိုးဆုံး၊ အကြင်နာဆုံး၊ အတွယ်တာဆုံး”

“တော်ပြီကွာ နားငြီးတယ် မပြောနဲ့”

“ဟော … ပြောပြန်တော့လည်း မကြိုက်ဘူး၊ လင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ကိုယ် ဘယ်လောက်ချစ်တယ်ဆိုတဲ့အကြောင်းတော့ ပြောပါရစေဦးကွာ"

"မပြောနဲ့"

"ဘာကြောင့်လဲ"

"ပြောစရာမလိုအောင် ကို့အချစ်တွေကို လင်းယုံကြည်လို့ပေါ့ ချစ်ရယ်"

"လင်းရယ်"

တစ်ယောက်နဲ့တစ်ယောက် သံသယမရှိတော့ဘဲ ပွင့်ပွင့်လင်းလင်း ဖြစ်ကြရပြီဆိုတော့လည်း အမုန်းများနှင့် ကုန်ဆုံးခဲ့ရသည့် အချိန်များအတွက နှမြောတသစွာဖြင့် အစားထိုး အချစ်ပိုနေရလေသည်။

"လင်း"

"လင်းနဲ့ အတူနေချင်ပြီ အချစ်ရယ်"

"လင်း .. ကိုယ့်ကို လက်ထပ်ခွင့်ပေးပါတော့နော်"

လင်း ထူးထက်ခေါင်ကို ဘာမှပြန်မပြောဘဲ သူ့ ရင်ခွင်ထဲ မျက်ဝန်းလေးထောင့်ကပ်ကာ ထူးထက်ခေါင်ကို ကြည့်နေပုံလေးက ချစ်မြတ်နိုးစရာ ကောင်းလွန်းလှသည်မို့ သူ့ကိုယ်ထဲရှိ



သွေးလည်ပတ်မှုတွေကပင် မှားမတတ် ဖြစ်သွားရပါသည်။

"ဖြေပါ အချစ်ရယ်နော်"

"ကို့သဘောပါပဲ ကိုရယ်"

"လင်းရယ်"

ထူးထက်ခေါင်မှာ အကြားချင်ဆုံး စကားကို လင်းထံမှ ကြားလိုက်ရပြီမို့ ရင်မှာ ပျော်ရွှင်ကျေနပ်ခြင်းများစွာဖြင့် နှစ်ကိုယ်တူ အနာဂတ်ချစ်ခရီးလမ်းကို စိတ်ကူးဖြင့် မှန်းရွယ်ကာ ကြည်နူးနေမိတော့၏။

သြော် ... အချစ်ကြောင့် လောကကြီးသည် ပို၍ လှပနေဦးမည် မဟုတ်ပါလား။

ဏ ဏ ဏ

www.burmeseclassic.com

www.burmeseclassic.com

ငြိမ့်ညောင်းသာယာလှသော မင်္ဂလာအခါတော်ပေး သီချင်းသံနှင့်အတူ မင်္ဂလာဧည့်ခံပွဲကြီးက တကယ့်ကို စည်ကား သိုက်မြိုက်စွာ ရှိနေရပြီး ခန်းမအတွင်း များပြားလှသည့် ဧည့်ပရိသတ်များဖြင့် ရှိနေရလေသည်။

မှန်ပါသည်။

သည်နေ့ကား ဒေါက်တာထူးထက်ခေါင်နှင့် လင်းတို့၏ လက်ထပ်မင်္ဂလာပွဲလေး ကျင်းပသောနေ့ ဖြစ်သည်။

နေနှင့်လ၊ ရွှေနှင့်မြပမာ လိုက်ဖက်လွန်းသည့် သူတို့နှစ်ဦးကို ကြည့်ပြီး ကြွရောက်ချီးမြှင့်ကြသည့် ဧည့်သည်တော်များက မျက်တောင်ပင်မခတ်အားကျငေးမောသည့် အကြည့်များဖြင့် ကြည့်ရင်း ပီတိပြုံးများဖြင့် ကျေနပ်နေကြပါသည်။

ထို့အတူ …





လှပ၍ လိုက်ဖက်လွန်းသော မင်္ဂလာစုံတွဲဖြစ်သည့် ဒေါက်တာ ထူးထက်ခေါင်နှင့် လင်းတို့နှစ်ဦးမှာလည်း လာသမျှ ဧည့်သည်တော်များကို အပြုံးလေးများဖြင့် နှုတ်ဆက်နေကြသည်မှာ တကယ့်ကို မမောနိုင် မပန်းနိုင်ဖြစ်သည်။

မင်္ဂလာသတို့သားဝတ်စုံနှင့် ဒေါက်တာထူးထက်ခေါင်မှာ ယောကျ်ားပီသကာ ချောမောခန့်ထည်နေရသလို ပန်းနုရောင် ထိုင်မသိမ်း မင်္ဂလာဝတ်စုံလေးနှင့် ကြွေရုပ်လေးလို နုးညံ့အိစက်ကာ လှချင်တိုင်းလှနေပါသော သတို့သမီးလေး လင်းကို ထူးထက်ခေါင်သည် မြတ်နိုးလွန်းစွာဖြင့် မကြာခဏ ကြည့်နေမိရပါသည်။

လင်းမှာလည်း ထူးထက်ခေါင်၏ မျက်နှာချောချောကို ပန်းနုရောင် မျက်နှာလေးဖြင့် ကြည့်လာမိခိုက် နှစ်ဦးသား အကြည့်ချင်းဆုံသွားရသဖြင့် ရင်ခုန်သံလေးများ ကိုယ်စီညံလျက် နှလုံးသားများ လှိုက်ဖြာသွားရပါသည်။

မင်္ဂလာ လက်ထပ်ပွဲလေးက အောင်မြင်စွာဖြင့် ပြီးဆုံးသွားခဲ့ပြီဖြစ်သဖြင့် ဒေါက်တာ ထူးထက်ခေါင်နှင့် လင်းတို့မှာ နှစ်ဖက်လူကြီးမိဘများကို ကန်တော့ကာ သတို့သမီး အသစ်စက်စက်လေးကို နှစ်ဖက်လူကြီးမိဘများ လက်ဖွဲ့ထားသည့် မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



တိုက်သစ်ကြီးဆီသို့ ခေါ်ဆောင်လာခဲ့ပါသည်။

လင်းသည်လည်း ကို့ကို ယုံကြည်စွာဖြင့် အချစ်များကို ပုံအပ်ပေးခဲ့ပြီးဖြစ်သလို ကို့ဆန္ဒအတိုင်း လက်ထပ်ခဲ့ပြီမို့ သည်နေ့သည် သူတို့နှစ်ဦးအတွက်တော့ ပျော်ရွှင်ကြည်နူးစရာ ရင်ခုန်ဖွယ် မင်္ဂလာဦးနေ့လေး တစ်နေ့ပင် ဖြစ်ပါသည်။

"လင်း"

"မခေါ်နဲ့"

"ရော ..ဒါက ဘာဖြစ်တာလဲ"

"လင်း ရှက်တယ်"

"ဟောဗျာ ... အဟွန်း ..ဟွန်း"

ခပ်လွှန့်လွှန့်ရယ်သံသည် တိတ်ဆိတ်နေရသော မင်္ဂလာအိပ်ခန်းကြီး၏ ငြိမ်သက်နေမှုကို ဖြိုခွင်းလိုက်သည့်အလား တိုးသက်ညင်သာစွာ ထွက်ပေါ်လာရသလို ရဲပဒေါင်းခတ်နေရသော လှပလွန်းသည့် မျက်နှာလေးဖြင့် ရှက်သွေးမွှန်နေရသည့် လင်းကိုလည်း ထူးထက်ခေါင်မှာ မချင့်မရဲပိုစွာ အပြုံးများဖြင့် စိုက်ကြည့်နေလိုက်သည်။

"ကိုနော် .. လူကို ဘာလို့ အဲလို စိုက်ကြည့်နေတာလဲ၊ မကြည့်နဲ့"

ပြောပြောဆိုဆို လင်းမှာ လက်ကလေးနှစ်ဖက်ဖြင့် သူမ၏ လှပလွန်းသော မျက်နှာလေးကို ဖုံးကွယ်ထားလိုက်သည်။

"ဟိတ် .. ဘာလုပ်တာလဲ၊ ဒီမယ် ကြည့်နေတယ်လေကွာ"

"မကြည့်နဲ့ဆို"

"ခုမှ ဒုက္ခပါပဲကွာ၊ နာမည်လည်း မခေါ်နဲ့၊ မျက်နှာလေးကိုလည်း မကြည့်ရဘူးဆိုတော့ ကိုယ်က ဘာလုပ်ရမှာလဲ"

"ဘာမှမလုပ်နဲ့ ...သွား"

"ဘယ်လို သွားရမှာလဲ၊ လင်းနဲ့ကိုယ်က ဒီနေ့မှ လက်ထပ်ထားတဲ့ လင်မယားဗျ"

"ကိုနော် ..ဘာတွေ လျှောက်ပြောနေတာလဲ"

"လျှောက်ပြောနေတာ မဟုတ်ဘူး၊ အမှန်အတိုင်း ပြောနေတာ၊ ကိုယ့်မိန်းမ မျက်နှာလှလှလေးကို ထိုင်ကြည့်ပြီး ပြောနေတာ"

"ဟာ ... ဘာမိန်းမလဲ"

အနားကပ် ပြုံးစိစိမျက်နှာနှင့် စနေသော ထူးထက်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကြီးကို လင်းသည် အမြင်ကဗ်ကပ်နှင့် တွန်းထုတ်လိုက်တော့ ထူးထက်ခေါင်က သူမကို ဆွဲဖက်လိုက်တာကြောင့် နှစ်ဦးသား အရှိန်မထိန်းနိုင်တော့ဘဲ ခုတင်ပေါ်သို့ လဲပြိုသွားရသည်။

"လွှတ်ကွာ"

သူ့မျက်နှာချော့ချော့ကြီးကို မကြည့်ရဲတော့လောက်အောင် အရှက်သည်းသွားရသူ လင်းမှာ သူမကိုယ်လေးကို လူးလွန့်ရုန်းကန်ထွက်နေလိုက်သည်။

"ဘာလို့ ရုန်းနေတာလဲကွာ၊ ခုချိန်မှာ ကိုယ်တို့နှစ်ယောက်က အရင်းနှီးဆုံးလူတွေ ဖြစ်နေပြီလေ"

"အို ...မသိဘူး... မသိဘူး"

မျက်လုံးလေးစုံမှိတ်ကာ ကလေးတစ်ယောက်လို ဆိုးနွဲ့လွန်းသည့် ချစ်ဇနီးလေးကို ဒေါက်တာထူးထက်ခေါင်သည် တိုးဖက်ရင်းက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ကောင်မလေးတစ်ယောက် သနားပါတယ်ကွာ၊ ကိုယ့်ကို ချစ်လည်းချစ် ရှက်လည်း ရှက်နေရှာတယ်"

"ဟင်းနော် ...ကို"

"မစနဲ့၊ စိတ်ကောက်ပစ်လိုက်မယ်"





"ဟော့ ...ဟော့၊ မင်္ဂလာဦးမှာ စိတ်မကောက်ကြေးနော် အမိ"

"ဒါဆို မစနဲ့ပေါ့"

"ချစ်လို့ စတာပဲ၊ ကိုယ့်ကို ချစ်လား"

"ကို သိနေတာပဲ"

"သိပေမယ့် ဒီကောင် ထပ်ကြားချင်သေးတယ်"

"ကိုကလေ သိပ်ပိုတာပဲ"

"ကြည့်စမ်း ... ကိုယ့်ယောကျ်ားချစ်တာကို ပိုတယ်လို့ ပြောရလား"

"ဘာ ကိုယ့်ယောကျ်ားလဲ၊ စကားကို ဆင်ခြင်ပြောနော် ကို"

"ကဲ ....ဒါဆို ပြောစမ်းပါဦး၊ လင်းနဲ့ကိုယ်က ဘာတော်လဲ"

"ဟို ... ဟို"

သူ့စကားကို လင်းသည် ဘယ်လိုပြန်ဖြေရမှန်း မသိ၊ မျက်ဝန်းအပြုံးသားလေးနှင့် ကြည့်ရင်း ရှတ်ရက် စကားရှာမရ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုပင် ထူးထက်ခေါင်မှာ အောင်နိုင်သူတစ်ယောက်၏ အကြည့်မျိုးဖြင့် ကြည့်နေသည်က မျက်နှာကြီး ပြုံးဖြီးနေရသည်။

"ဘယ်လိုလဲ ဒေါ်လင်း၊ ကျုပ်မေးတာကို ခင်ဗျားလေး မဖြေတတ်တော့ဘူးလား"

သည်လိုကျပြန်တော့လည်း လင်းသည် သူ့စကားကို မခံချင်ဖြစ်သွားရကာ-

"ဘာလို့ မဖြေတတ်ရမှာလဲ"

"ဒါဆို ဖြေလေဗျာ"

"ဓနီးမောင်နဲ့"

"အို ..ကို"

အပြစ်ကင်းစင်စွာ လှရက်လွန်းသည့် လင်း၏ မျက်နှာလှလှလေးကို အသည်းယားစွာ စိုက်ကြည့်လျက်က ရင်မှာ ချစ်မိုးများ ရွာလာရသော ထူးထက်ခေါင်မှာ လင်းမျက်နှာလေးထက်သို့ ချစ်မိုးများ သည်းထန်စွာ ရွာသွန်းပစ်လိုက်သည်။

"လင်း"

လင်း မထူးဘဲ ငြိမ်နေလေ၏။

"လင်း"

[redacted]



"အေးကွ .. မထူးတဲ့ နှုတ်ခမ်းလှလှလေးကို ပြန်ထူးအောင် ဒဏ်ပေးမှပဲ"

ပြောရင်းက မျက်နှာနား ဝဲကပ်လာသည့် ထူးထက်ခေါင်၏ မျက်နှာကြီးကို လင်းသည် တွန်းထုတ်လိုက်ရင်း...

"ကိုနော် မကဲနဲ့"

"ကဲတာမဟုတ်ဘူး၊ ချစ်တာ၊ ကိုယ့်ကို ချစ်တယ်နော်"

"အင်း"

"အဲလို ခေါင်းညိတ်ဖြေလို့ မရဘူးလေ၊ ကို ဒီနှုတ်ခမ်းလှလှလေးက ဖြေတာကိုပဲ ကြားချင်သေးတယ်"

လင်းနှုတ်ခမ်းလေးကို ကောက်ကြောင်းလိုက်ရင်းက ရယ်ရွှင်ရိပ်များဖြင့် စိုက်ကြည့်နေသော သူ့ကြောင့် လင်းမှာ မနေတတ်အောင် ဖြစ်သွားရသည်။

"လက်ထပ်ပြီးပြီပဲ ကိုရယ်၊ ဖြေဖို့လိုသေးလို့လား"

"လိုတာပေါ့ဗျာ၊ သားတွေ မြေးတွေ ရတဲ့အထိ လင်းဆီက ချစ်တယ်လို့ ဖြေတဲ့အသံလေးကို ကိုယ်က အမြဲ ကြားချင်နေဦးမှာပဲ"

"ပိုလိုက်တာနော်"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



“ပိုတာမဟုတ်ပါဘူး၊ ကိုယ်က အမှန်တွေ ပြောနေတာ”

“သွားပါ၊ အစကတော့ လူကို ရင်ကွဲပက်လက်ဖြစ်စေ ရမယ်တို့ ဘာတို့နဲ့ ကြိမ်းဝါးခဲ့ပြီးတော့ အခုတော့လည်း…”

“အဟွန်း…ဟွန်း…ခုတော့လည်း ဘာဖြစ်လဲ၊ ဆက်ပြောလေ ချစ်”

“တော်ပါ … သူ ဒါမျိုး တော်တော်ကြားချင်တယ်”

မျက်နှာနီနီလေးဖြင့် သူ့ရင်ခွင်ထဲမှ မျက်စောင်းထိုးနေသူလေးကို ထူးထက်ခေါင်မှာ ချစ်အသည်းယားစွာဖြင့် ဖျစ်ညှစ်လျက် လင်း၏ နှာခေါင်းလေးကို သူ့နှာခေါင်းချွန်ချွန်ဖြင့် တို့ထိလိုက်ရင်း…

“ဒီလောက် ကြားချင်တာတောင် ဒီကောင်မလေးက မပြောဘူးမို့လား၊ ကိုယ် သိပါတယ်ကွာ၊ တကယ်တော့ လင်း ကိုယ့်ကို သနားပြီး ချစ်လိုက်ရတာ မဟုတ်လား”

“ကို…ဒါကတော့ လင်းအချစ်ကို စော်ကားတာပဲ၊ သနားရုံလောက်နဲ့ လင်းဘဝတစ်ခုလုံးကို ရှင့်လက်ထဲ ပုံအပ်ပါ့မလား”

သူမအချစ်ကို ပြက်ရယ်ပြုကာ လှောင်သလို ပြောလာ

[redacted]



သည့် ထူးထက်ခေါင်စကားကြောင့် လင်းမှာ အဟုတ်ဒေါပွလာရသည်မို့ သူမကိုယ်လေးကို နေရာက ချာခနဲ လှည့်အထွက်…

“ဟိတ် …ဒါက ဘယ်လဲ”

“ဘယ်သွားသွားပေါ့”

“လွှတ် …လွှတ်”

“ရှူး ‥ တိုးတိုး၊ ဘယ်နှယ့် အော်နေရတာလဲ၊ ဘေးက ကြားရင် ဒီလင်မယား ဒီနေ့လက်ထပ်တယ်၊ ဒီနေ့ ရန်ဖြစ်တယ် ထင်နေဦးမယ်”

“ဘာထင်ထင်”

“လင်း”

လင်းစကားပင် မဆုံးလိုက်ရ။ ထူးထက်ခေါင်မှာ ချစ်ဇနီးလေး၏ စိတ်ကို သိနေသဖြင့် လင်းကိုယ်လေးကို ရင်ခွင်ထဲသို့ တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်သည်။

“အို …လွှတ်ပါ”

“မလွှတ်ဘူး လင်းကို စတာပါကွယ်၊ လင်းကို ကိုယ် သိပ်ချစ်တယ် ချစ်တယ်ကွယ်”

“အိုး”

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"လွှတ်ပါ..အို .. ဖယ်ပါဆို၊ လင်း အသက်ရှုကျပ်တယ်"

"လွှတ်ဆို"

"အဟွန်း ... စိတ်ဆိုးသွားလား"

"သွားပါ လာချော့မနေနဲ့"

"အဟွန်း ..ဟွန်း ..ဟွန်း အဲဒါ လင်းအချစ်နဲ့ကိုယ့်အချစ် ဘယ်သူပိုလဲဆိုတာ အချစ်စမ်းတာဗျ"

"ဘယ်လို ... ကို၊ အချစ်စမ်းတာ ဟုတ်လား"

"ဟုတ်ယတ်"

"ဒါဆို ..ဘယ်သူ့အချစ်က ပိုလဲ"

"ကိုယ့်အချစ်က ပိုတယ်"

"သွား ..လူလည်"

"အဟွန်း ...ဟွန်း"

အချစ်တွေ ပျော်တွေဖြင့် နှစ်ဦးသား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပျော်ရွှင်ကြည်နူးစွာ ရယ်လိုက်ကြသည်။

"လင်း"

"ရှင်"

BURMESE CLASSIC .com



"ကိုယ်တစ်ခုတော့ မေးချင်တယ်၊ လင်း စိတ်ဆိုးဦးမှာလား"

"မေးလေ ... လင်း စိတ်မဆိုးတော့ပါဘူး"

"ကိုကိုမင်းဝေစိုးနဲ့ လင်းအစ်မ ဖွဲ့ တကယ်ရော ချစ်ခဲ့ကြတာလား"

"ဒီစကားတွေ လင်းဖြေပြီးရင် နောက်ကို ဘယ်တော့မှ ဒီအကြောင်းတွေ လင်းကို မမေးပါနဲ့တော့နော်၊ မမဖွဲ့ဟာ ယောကျ်ားလေးမိတ်ဆွေ သူငယ်ချင်းတွေပေါတာမှန်ပေမယ့် ကိုမင်းဝေစိုးကိုတော့ သူ တကယ်ချစ်ခဲ့တာပါ"

"ဒါကို ဘာကြောင့် လင်းပြောနိုင်သလဲဆိုရင် ညတိုင်း သူ့အခန်းထဲမှာ ကိုကိုမင်းဝေစိုး ဓါတ်ပုံကိုကြည့်ပြီး ကျိတ်ငိုခဲ့ရတာတွေကို လင်းကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်ခဲ့ဖူးတဲ့ အကြိမ်တွေ များခဲ့လို့ပဲ"

"တကယ်ဆို လင်းကို သူ့လို နာကျင်မကြေကွဲစေချင်လို့ စေတနာအမှားတွေနဲ့ လင်းတို့ကို ပြောခဲ့တာပါ၊ နောက်တော့ သူကိုယ်တိုင်လည်း ကိုရဲ့ အဖြစ်တွေကို သိမြင်ပြီး ကို ဒီထက်ခံစား ထိခိုက်သွားမှာစိုးတဲ့အတွက် လင်းတို့ရဲ့ မင်္ဂလာကိစ္စကအစ အစစ

www.burmeseclassic.com

www.burmeseclassic.com



အရာရာ သူကိုယ်တိုင် လိုက်လုပ်ပေးခဲ့တာပါ''

''ဒီလောက် လင်းနဲ့ ကို့အပေါ်ထားတဲ့ မမဖွဲ့ရဲ့ မေတ္တာစေတနာတွေကို ကို နားလည်လိုက်ပါတော့နော်''

ထူးထက်ခေါင် မျက်နှာချောချောကို စူးစိုက်စွာ ကြည့်ကာ လေးနက်စွာ ပြောလာသော ချစ်လွန်းသူလေး၏ စကားများကြောင့် ထူးထက်ခေါင်မှာ နားလည်စွာဖြင့် ခေါင်းညိတ်ပြလိုက်မိပါသည်။

''ကိုယ် အရာအားလုံးကို နားလည်ခဲ့ပါပြီ အချစ်ရယ်၊ လူတွေဟာ အချစ်ကြောင့် ရူးသွပ်သွားစေတယ်ဆိုတဲ့ စကားကို ကိုယ်ဟာ လက်တွေ့ခံစားခဲ့ရလို့ နားလည်ကိုယ်ချင်းစာတတ်ပါတယ် အချစ်ရယ်''

''ဒါဆိုရင် မမဖွဲ့နဲ့ပတ်သက်တဲ့ ကိစ္စအားလုံးကို ကို မေ့လိုက်ပါတော့နော်''

''အရာအားလုံးဟာ ကံစီမံရာအတိုင်း ဖြစ်ကြရတာပဲလို့ ကိုယ် အရင်တည်းက သဘောထားခဲ့ပြီးပါပြီ အချစ်ရယ်''

''ကို''

''ဟင်''

''လင်းကို ကို ဘယ်လောက်ချစ်လဲဟင်''





''ဗျာ ...ဘယ်လို''

''လင်းကို ဘယ်လောက်ချစ်လဲလို့ မေးနေတာ''

''သေပါတော့ကွာ၊ ကို ချစ်တာကို နှုပ်ပဲ မေးရတော့လား မိန်းမရာ၊ ဆံဖြူသွားကျိုးမှ မေးပါတော့လား ဟင်''

''ကိုနော် ... လင်းမေးတာကိုပဲ ဖြေ''

ရှက်အားပိုနေသည့် ချစ်ဇနီးချောလေးကြောင့် ရင်ထဲက အသည်းဆိုင်များ လှုပ်ခါသွားမတတ် ချစ်သွေးတို့ဖြင့် နူးပွက်လာရသော ထူးထက်ခေါင်သည် လင်းမျက်နှာလေးအနံ့ကို အနမ်းပန်းလေးများ သည်းသည်းလှုပ် ခြွေချလိုက်ရင်း ..

''လင်းကိုချစ်တဲ့ ကိုယ့်ရဲ့အချစ်ဟာ နှိုင်းယှဉ်ပြီးမပြတတ်အောင် ချစ်မိတဲ့ အချစ်မျိုးပါ လင်းရယ်''

''ကိုရယ် ..''

''လင်းရော ကိုယ့်ကို ဘယ်လောက်အထိ ချစ်သလဲဟင်''

''လင်းရဲ့ ဘဝ၊ လင်းရဲ့ နှလုံးသားထဲက အချစ်တွေအားလုံးဟာ ယောဒီက ကိုတစ်ယောက်တည်း အတွက်ပါပဲ ရှင်ရယ်''



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အချစ်ဆုံးရယ် ..."

"အို"

သံသယများကို အဝေးမှာ ထားခဲ့ကြပြီဖြစ်သော ချစ်သူနှစ်ဦးမှာ အချစ်တွေ လိုက်လှဲ့စွာ ဖူးပွင့်မဆုံးနိုင်အောင် ရှိနေပါသည်။ အခုတော့လည်း လှိုက်မဲ့နွေးထွေးသော ချစ်မြတ်နိုးခြင်း ကိုယ်စီဖြင့် လှပသော ချစ်ခရီးလမ်းကို အတူလျှောက်လှမ်းခဲ့ကြပြီဖြစ်သလို အပူပင် သောကများကင်းဝေးလျက် ရွှေလျှောက် ပျော်ရွှင်ခြင်းသုခများဖြင့် ပြည့်စုံသွားရပြီဖြစ်သော ဒေါက်တာထူးထက်ခေါင်နှင့် လင်းတို့၏ မင်္ဂလာဦးနေ့လေသည်ကတော့ဖြင့် ချစ်သူနှစ်ဦး၏ တစ်သက်တာတွင် ဘယ်သောအခါမှ မေ့လို့ရနိုင်တော့မည် မဟုတ်သည်ကတော့ဖြင့်အမှန်ပင် ဖြစ်ပါလေတော့သည်။

ရွှေအဥ္စလီ

www.burmeseclassic.com